
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# သာကိုငြိ

# ပင်လယ်ဓမြစ်ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တလက်လက် စူးရှတောက်ပလာသော မျက်ဝန်းများကြောင့် ကိုးကိုး သည် အနေကျုံ့လာမိသည်။

ကိုးကိုးကို စိုက်ကြည့်နေသော ကို့အကြည့်များက ဘဖြည်းဖြည်း ရိုင်းလာသလို ခံစားရသည်။

ကို့ဟာ ပွင့်လင်းသော၊ ရဲရင့်သော၊ ပြတ်သားသော တိုက်ပ် (type) ရှိသူတစ်ယောက်မှန်း ကိုးကိုးသိပါရဲ့။

ဒါပေမဲ့ ...

ခုတော့ ကို့ဟာ တစ်မျိုးကြီးပဲကွာ။

ကိုးကိုးက ခန္ဓာကိုယ်ကို ကျုံ့ထားမိသည်။

ဘာဖြစ်လို့ ဒီနေ့မှ ပန်းကြိုးသိုင်းအင်္ကျီကလေးကို ဝတ်ခဲ့မိမှန်းမသိ။

ကိုးကိုးဝတ်လာသောအင်္ကျီမှာ ပွပွဖားဖားကလေး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အသားမှာ အကြည်ရောင်၊ နည်းနည်းပါးလွှာပြီး လည်ကုပ်ဆီမှာ ကြိုးလေးနှစ်ချောင်း ခရော့စင် သိုင်းခတ်ထားသည့် ပုံစံကလေးမို့ ပခုံးသားကလေးများ၊ လက်မောင်းသားကလေးများနှင့် ရင်ညွန့်နှင့် ကျောအထက်ပိုင်း အသားဝင်းဝင်းကလေးများမှာ အတိုင်းသားကလေး ဖြစ်နေရသည်။

တကယ်တော့ ကိုးကိုးမှာ အဝတ်အစား လော်လီတတ်သူတစ်ယောက် မဟုတ်ပါ။

ဒီအင်္ကျီကလေးကိုလည်း ကလေးဆန်သည်မို့ ချစ်စနိုးဖြစ်ကာ ဝတ်မိခြင်းပင်။

ပြီးတော့ ...

တကယ်တမ်းမှာ တစ်ထပ်တည်း ဝတ်ခဲ့သည်မဟုတ်။ အပေါ်က ဒစ်စကိုလက် တက်တင်းတစ်ဝက် ဝေ့(စ်)ကုတ်ကလေး ထပ်ဝတ်လာခဲ့သည်သာ။

ကားထဲရောက်မှ အိုက်စပ်စပ်ဖြစ်လာတာကြောင့် ကိုးကိုးချွတ်ပြီး ကားထဲ မေ့ထားမိခဲ့ခြင်း ဖြစ်သည်။

ကို့အကြည့်တွေက ...

ကိုးကိုးရဲ့ သွယ်လျသော လက်မောင်းသားကလေးများ၊ ဝင်းမွတ်သောရင်ညွန့်နှင့် နောက်ကျောတစ်ပိုက်ကို စူးရှဖြန့်ကြက်လေလျှင် ကိုးကိုး မနေတတ်တော့ ...။





ဒီအတိုင်းကြီး ငြိမ်ကျပြီး ကြာရှည်နေလို့ကလည်း မဖြစ်။

ကိုးကိုးကပင် စကား စ, ရသည်။

"ကို ... အန်တီမေရော"

ကိုးကိုးက ကို့မေမေကို အန်တီနှင့်မေမေပေါင်းကာ အန်တီမေဟု ဖက်စပ်ခေါ်သည်။

လက်ထပ်ပြီးမှ အန်တီဖြုတ်ခေါ်မယ်ဟု ပြောတော့ သဘောကောင်းသော ကို့မေမေက ရယ်ရင်း ... ခေါ်ချင်သလို ခေါ်ပါတဲ့လေ။

"မေမေဈေးသွားတယ် ထင်တယ်"

ကိုးကိုးဦးနှောက်ထဲက ဆဲလ်တွေက ချက်ချင်း ဘဲလ်တီးတယ်။ ဒါဆို ကိုးကိုးနှင့် ကို နှစ်ယောက်တည်းပေါ့။

(သမီး ... ယောကျ်ားတွေကို ဘယ်တော့မှ မယုံလိုက်နဲ့၊ ယောကျ်ားဆိုတာ အခွင့်အရေးကို ချောင်းနေတတ်တဲ့ သတ္တဝါပဲ)

ကိုးကိုးနားထဲ မေမေအမြဲသတိပေးတတ်သောစကားများကို ကြားယောင်လာမိသည်။

ကိုးကိုးက နေရာမှ ဆတ်ခနဲ ထ,လိုက်သည်။

"ဘယ်လဲ ကိုးကိုး"

ကိုးကိုးကို မော့ကြည့်လိုက်တဲ့ ကို့ဟန်ပန်က အလန့်



www.burmeseclassic.com

www.burmeseclassic.com



တကြားနိုင်လိုက်တာ ...။

ကို့ နည်းနည်းတော့ ဆန်းကြယ်နေသည့် ထင်သည်။

"ဗိုက်ဆာလို့"

ကိုးကိုး ထမင်းစားခန်းထဲ ပြေးဝင်ခဲ့သည်။

ကို့ရှေ့မှာနေရတာ အရင်လို မလွတ်လပ်တော့တာမို့ ကို့အကြည့်ရိုင်းရိုင်းတွေကို ရှောင်ချင်လို့ ထမင်းစားခန်းထဲ တမင်အကြောင်းပြဝင်ခဲ့တာပင် ...။

အကြောင်းပြချက်နှင့် ညီညွတ်အောင် ကိုးကိုးသည် ကော်ဖီမစ်တစ်ထုပ်ကို အလွယ်ဖောက်ကာ နို့မှုန့်ထပ်ရောသည်။

ကိုးကိုးက ကော်ဖီကို နို့များများနှင့် ဆိမ့်နေမှ ကြိုက်သည်လေ။

ပြီးတော့ ဖရစ်ဂျ်ထဲမှ Gussen ဝေဖာတစ်ထုပ် ဖောက်ကာ တို့စားနေလိုက်သည်။

ကိုးကိုးက ကလေးဆန်သည်ပဲဆိုဆို ခုထိ ကော်ဖီနှင့် ဝေဖာတို့စားရတာ ကြိုက်သည်။

ကို့ကတော င် နောက်သည်။

*(ရည်းစားတော့ထားတတ်တယ် ... ကလေးအစားအစာတွေက ကြိုက်တုန်း)* ... တဲ့လေ။

ဘာဆိုင်လဲ ... နော်။





ကလေးစိတ်မကုန်သေးတာနဲ့ဘဲ ရည်းစားမထားရတော့ဘူးလား။

ယောက်ျားတွေကို မယုံဖို့ မေမေ အတန်တန် သတိပေးတဲ့ကြားကပဲ စူးရှသောမျက်ဝန်းများ၊ ပိရိသေသပ်သော နှုတ်ခမ်းများနှင့် ညို့ငင်ဆွဲဆောင်နိုင်လွန်းသော ကို့ကို ကိုးကိုးက ချစ်မိခဲ့သည်။

"ဗိုက်ဆာတယ်ဆို ကော်ဖီနဲ့ ဝေဖာပဲ စားရတာ အဆင်ပြေပါ့မလား၊ ကို ထမင်းကြော်ပေးရမလား ... ပသျှူးကြော်လေ"

ရုတ်တရက် နောက်ကျောဆီမှ ကို့အသံ ပေါ်လာတာမို့ ကိုးကိုး လန့်သွားရသည်။

"ရတယ် ကို ... ကိုးကိုး နည်းနည်းပဲဆာတာ"

ကိုးကိုးလှည့်ပြောတော့ ကိုးကိုးထိုင်နေသည့် ကုလားထိုင်ကို နောက်မှာကိုင်ကာ ငုံ့ငိုက်ထားသည့် ကို့ပခုံးနှင့် ကိုးကိုး နှုတ်ခမ်းသားများက အိခနဲ ထိတွေ့သွားရသည်။

အတွေ့အကြုံမရှိလှသည်မို့ ကိုးကိုးရင်ထဲ ဒိန်းခနဲဖြစ်ကာ နှုတ်ခမ်းများတင်မက မျက်နှာတစ်ပြင်လုံးပါ ရှိန်းခနဲ ထူပူသွားခဲ့ရသည်။

"ကိုးကိုး"



www.burmeseclassic.com

www.burmeseclassic.com



ကို့က တိုးတိုးကလေး ခေါ်သည်။

ကို့အသံက နည်းနည်း တုန်အက်နေသလိုပင်။

စိတ်လှုပ်ရှားနေသည့် အသံမျိုး။

ကို့ရဲ့ သွယ်လျနွေးထွေးသော လက်ချောင်းများက ကိုးကိုးပခုံးသားများကို မချင့်မရဲ ဖျစ်ညှစ်သည်။

ကိုးကိုးလည်ကုပ်ဆီမှာ ထွက်သက်လေးတချို့ နွေးခနဲ။

ကိုးကိုး ရင်တွေ တလှပ်လှပ်တုန်ခါလာသည်။

ကိုးကိုး ဆတ်ခနဲ ထ,ရပ်လိုက်သည်။

"ဘာဖြစ်လို့လဲ ကိုးကိုး"

"ကိုးကိုးပြန်တော့မယ် ကို"

ကိုးကိုးသည် အသံကို မှုမှန်အောင်ထိန်းပြီး ပြောရသည်။

"နေပါဦး ကိုးကိုးရယ် ... ဘယ်လိုဖြစ်တာလဲ ... ချက်ချင်းကြီး"

ကို့က ကိုးကိုးရှေ့မှ ပိတ်ရပ်သည်။

ကိုနှင့်ကိုးကိုးမှာ အနီးကပ်ဆုံးအနေအထားမှာ ရှိနေသည်။

ကိုးကိုး ရှေ့မတိုးရဲ။

ကို့ရင်ခွင်ထဲ ရောက်သွားမှာစိုးရိမ်သည်။





ကိုးကိုး စိုးရိမ်ကြောက်လန့်ဆဲ ... ကို့က ကိုးကိုးလက်တစ်ဖက်ကို ဖျတ်ခနဲဆို ဆွဲကာ ...

"ကိုးကိုးကို ပြစရာရှိတယ် ... ကို့အခန်းထဲ ခဏလိုက်ကြည့်"

ကိုးကိုး မျက်လုံးအစုံ ပြူးကျယ်ပိုင်းစက်သွားရသည်။

ကို့အိမ်ကို မကြာခဏ လာလည်ဖူးပေမယ့် ကို့အခန်းထဲ ကိုးကိုး တစ်ခါမှဝင်မကြည့်ဖူး။

ပြီးတော့ ...

အမြဲတမ်း အန်တီမေ့မျက်စိရှေ့မှာပဲ နေခဲ့တာ။

ဒီတစ်ခါပဲ အန်တီမေ အပြင်သွားတာနဲ့ ကြုံဖူးတာ။

"ဟင်အင်း ကို ... ကိုးကိုး ပြန်မယ်"

ကိုးကိုးက အတင်းငြင်းမိသည်။

ကိုးကိုးက ရုန်းသော်လည်း ကိုယ်ကမလွတ်။

သန်မာသော ကို့လက်များမှာ ပိုပြီးမြဲမြံလာသည်။

"မဟုတ်ဘူး ကိုးကိုး ... ကိုးကိုးထင်သလို မဟုတ်ဘူး၊ ကိုးကိုးကို အရမ်းအံ့သြစေချင်လို့ ... ခဏလေး"

ကို့က မျက်နှာအနည်းငယ်ပျက်ကာ ရှင်း,ပြော ပြောတော့ ကိုးကိုးမှာ ပြန်အားနာသွားရသလို ...။

ကို့ဆွဲခေါ်ရာနောက် တွန့်ဆုတ်ဆုတ်နှင့် ပါသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကို,က သူ့အခန်းတံခါးကို ဖြည်းဖြည်းချင်းဖွင့်ပြသည်။

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကိုးကိုးမှာ ရင်သပ်ရှုမောဖြစ်ကာ လုံးဝ ရှော့ခ်ရသွားမိသည်။

ကြည့်စမ်း ...

ကိုးကိုးရဲ့ဓာတ်ပုံတွေက တစ်ခန်းလုံးအပြည့်။

နံရံကပ်ပိုစတာကြီးတွေကနေ စားပွဲတင်ဆိုဒ် အရွယ်အထိ အရွယ်စုံ, ဆိုဒ်စုံ။

ပြီးတော့ အသုံးအဆောင်ပစ္စည်းအားလုံးလိုလိုမှာလည်း ကိုးကိုးပုံရိပ်တွေချည်း။

နာရီမှာရော၊ ကော်ဖီခွက်လှလှလေးတွေမှာရော၊ ဒိုင်ယာရီ စာအုပ်မှာရော။ အို ... အသုံးအဆောင်ပစ္စည်းအားလုံးလိုလိုမှာ ကိုးကိုးမျက်နှာတွေချည်း။

ကိုးကိုးရယ်နေသည့်ပုံ၊ နှုတ်ခမ်းစူထားသည့်ပုံ၊ မျက်နှာပြောင်နေသည့်ပုံ။ တကယ့်ကို ရိုမန်းတစ်ဖြစ်တဲ့ ကိုယ်ပါလား။

ကိုးကိုးက ခုနက ကို့အပေါ် အထင်လွဲမိချင်တာကို တောင် အားနာသနားသွားရသည်။

"ကိုရယ် ... ကိုးကိုးလေ တကယ် ... အိုး ... လုံးဝ ရှော့ခ်ပဲ တကယ်မထင်ထားဘူးကွာ၊ ကိုးကိုးကို အရမ်းချစ်လားဟင်"



ကိုးကိုးက ကို့ကို ပခုံးစွန်းမှာ ဖွဖွလေး ခေါင်းမှီကာ ချွဲမေး,မေးလိုက်သည်။

"ကိုးကိုးထင်ထားတာထက် အရမ်းပိုချစ်တယ် ... ယုံလား"

"ဟင်း ... ဟင်း"

ကိုးကိုးက မျက်လုံးလေးများစင်းကာ ခေါင်းညိတ်ပြလိုက်သည်။

မှေးစင်းထားသော ကိုးကိုးရဲ့ မျက်တောင်များပေါ် နှုတ်ခမ်း တစ်စုံက ဖွဖွလေး ခိုနားသည်။

ကိုးကိုး မငြင်းပယ်မိ။

အချစ်ကို ခလို နူးညံ့သိမ်မွေ့စွာ ဖွင့်လှစ်ပြသခြင်းကို ကိုးကိုး လက်ခံနိုင်ပါသည်။

ထို့နောက် ...

ပါးပြင်နုနုပေါ် ...

ကိုးကိုးရဲ့ရင်ဖွေ တလှပ်လှပ် ခါလာသည်။

ထို့နောက် ...

ကိုးကိုးရဲ့ နှုတ်ခမ်းထူထူအိအိကလေး ရှိန်းခနဲ နွေးမြသွားရသည်။

ကိုးကိုးရဲ့မျက်လုံးများ အလန့်တကြား ပွင့်ဟသွားရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုးကိုးက ကို့ရင်ခွင်ထဲမှ ရုန်းထွက်ဖို့ ကြိုးစားလိုက်သည်။

မရ ...။

ကိုးကိုးရဲ့ကျောပြင်ကို သိုင်းဖက်ထားသော ကို့လက်များမှာ သန်စွမ်းမြဲမြဲလှသည်။

တဖြည်းဖြည်းနှင့် ကို့လက်များမှာ ကိုးကိုးကို ချည်နှောင်ထားသလို ခံစားရသည်။

ကို့အနမ်းတွေကလည်း ပိုပြီး ကြမ်းရှပူလောင်လာသည်။

ကို့အထိအတွေ့တွေက အာသာပြင်းလာသည်။ မချင့်မရဲဖြစ်လာပုံမျိုးနှင့် ကြမ်းရှလာလေလျှင် ...

ကိုးကိုးသည် ကို့ရင်ခွင်ကို အားကုန်ဆောင့်တွန်းကာ ရုန်းထွက်လိုက်သည်။

"ဘာဖြစ်လို့လဲ ကိုးကိုးရယ် ... ဟင်"

ကို့အသံက လှိုက်မောနေသည်။

မျက်လုံးတွေကလည်း ရီဝေရွှဲစင်းလျက် ...။

"ဟင်အင်း ... ကိုးကိုးကို ဒီလိုမျိုး ..."

ကိုးကိုး ဆက်ပြီးပြောမထွက်။

ခေါင်းကို အဆက်မပြတ်ခါပြီး ကို့ကို ငြင်းမိသည်။



"ကို ... ကိုးကိုးကို အထင်သေးတယ်"

ကိုးကိုး အရမ်းဝမ်းနည်းနေမိသည်။

ဆို့နင့်သောအသံဖြင့် မချိတင်ကဲပြောတော့ ... ကို့လက်မခံ။

"မဟုတ်ဘူး ... မဟုတ်ဘူး ကိုးကိုးရယ် ... ကို အရမ်းချစ်လို့ပါ ... နော် ကိုးကိုး"

ကိုက အနားတိုးကပ်လာပြန်သည်။

ကိုးကိုးကို နောက်တစ်ကြိမ် ဖြားယောင်းဖို့ ကို ကြိုးစားပြန်သည်။

ကိုးကိုးသည် ဝမ်းလည်းနည်းကာ ကို့ကိုကြည့်ပြီး ကြောက်လာသည်။

သန်မာကျယ်ပြန့်လှသော ကို့ရင်ခွင်ထဲ ကိုးကိုး နောက်တစ်ကြိမ်ကျရောက်သွားပြန်သည်။

အရင်က နွေးထွေးတတ်သော ကို့ရင်ခွင်က ခုတော့ ပူလောင်လို့နေသည်။ ရိုင်းစိုင်းကြမ်းတမ်းလို့နေသည်။

ကိုဟာ ဒီလိုလူစားလား။

ကို ... ကိုးကိုးရဲ့အချစ်ကို တန်ဖိုးမထားဘူး။

အထင်သေးရက်တယ်။

ကိုးကိုးသည် မြတ်မြတ်နိုးနိုးနှင့် တန်ဖိုးထားကာ ချစ်ခဲ့မိ

www.burmeseclassic.com

www.burmeseclassic.com



သော ကိုယ့်အချစ်ကိုလည်း နှမြောတသကာ အာသာပြင်းပြင်း ဝေ့်မွတ်တောင့်တနေသော ကို့ရဲ့ရမ္မက်နွံထဲမှာ ကိုယ့်ရဲ့အပျိုစင်ဘဝကလေးကို နစ်မွန်းသွားရမှာကိုလည်း စိုးထိတ်လို့လာသည်။

ဟင့်အင်း ...

ဒီလို အချစ်မပါဘဲ ရမ္မက်နဲ့ ကိုးကိုးကို ဆက်ဆံနေတဲ့သူဟာ ကိုးကိုးချစ်သူ မဟုတ်ဘူး။

ဒါဟာ ကိုးကိုးရဲ့ဘဝကို သိမ်းပိုက်ဖို့ ကြံစည်နေတဲ့သူစိမ်းတစ်ယောက်ပဲ။

မေမေပြောတာ သိပ်မှန်တယ်။

ယောက်ျားတွေဟာ အချစ်ကို မဆိုစလောက်ကလေး ဘန်းပြပြီး အခွင့်အရေးကို စောင့်နေတဲ့သူတွေ။

အချစ်လို့ ခေါင်းစဉ်တပ်၊ လိမ်ညာပြီး အခွင့်အရေးကို အရယူတတ်ကြတဲ့သူတွေ။

မေမေပြောခဲ့တဲ့စကားတွေဟာ ဘယ်လောက်များ မှန်လိုက်သလဲ။

အချစ်ကို နတ်ဘုရားတစ်ပါးလို ကိုးကွယ်တတ်ခဲ့တဲ့ ကိုးကိုးရဲ့နှလုံးသားဟာ အချစ်ကို လိမ်ညာလှည့်ဖြားပြီး အခွင့်အရေးကိုရယူဖို့ ကြိုးစားနေတဲ့ ကို့ကြောင့် ချက်ချင်း အရောင်ပြောင်းခဲ့ရပြီ။





ကိုးကိုး သူ့ကို အားကုန်ဆောင့်တွန်းပစ်လိုက်တယ်။

"ကိုးကိုး"

သူ့ဆီက တိုးသဲ့သဲ့အသံ ထွက်လာတယ်။

ရီဝေရွဲစင်းနေတဲ့ သူ့မျက်လုံးတွေထဲမှာ အံ့ဩရိပ်ကို အတိုင်းသား မြင်နေရတယ်။

"ကိုးကိုး ... ကို့ကို မချစ်ဘူးလားဟင်"

"အချစ် ... ဟုတ်လား"

ကိုးကိုးရဲ့ ပြန်မေးလိုက်တဲ့အသံက လှောင်ရိပ်စွန်းသွားမှာ သေချာတယ်။

"ဘာလဲ ... အချစ်ဆိုတာ ဘာလဲ"

ကိုးကိုး ပေါက်ကွဲသွားမိတော့ သူ ကိုးကိုးကို အံ့ဩတကြီး ကြည့်တယ်။

"ဒါ အချစ်မဟုတ်ဘူး"

ကိုးကိုး နာနာကျင်ကျင် အော်လိုက်မိတယ်။

သူ ကိုးကိုးရဲ့ပခုံးတွေကို ခပ်ဖွဖွဆုပ်ကိုင်ပြီး နှစ်သိမ့်ဖို့ ကြိုးစားတယ်။

ကိုးကိုး သူ့လက်တွေကို မသတီသလို လက်ပြန် ရိုက်ချလိုက်တယ်။

"ရှင် ... ကျွန်မအသားကို လုံးဝထိဖို့ မကြိုးစားနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ကျိုပရိပါအဆင်''

"ဟာ ...မဟုတ်သေးပါဘူး ကိုးကိုးရယ်၊ ကိုးကိုးနဲ့ကိုနဲ့က ချစ်သူတွေလေ''

ချစ် ..သူ ..တွေ။

ကိုးကိုးနားထဲ အရမ်းကို ခါးသီးသွားတယ်။

"ညာတယ်''

သူ့မျက်လုံးတွေထဲကို စိုက်ကြည့်ပြီး ကိုးကိုး အော်လိုက်တယ်။

သူ့မျက်လုံးတွေ ချက်ချင်းပဲ စိမ်းခနဲ ထ,တောက်တယ်

"မင်း ငါ့ကို အဲလိုမစွပ်စွဲနဲ့ ကိုးကိုး၊ ဒါ အချစ်ကြောင့်ဖြစ်တာ၊ Sex ဆိုတာ အချစ်ဆီက မြစ်ဖျားခံ စီးဆင်းလာတဲ့အရာပဲ၊ အရွယ်ရောက်ပြီးမိန်းကလေးတစ်ယောက်အနေနဲ့ ဒီကိစ္စကို ငြင်းတာ မင်း ပုံမှန်မဟုတ်လို့ဘဲ၊ သဘာဝကို လွန်ဆန်နေတာပဲ''

"ရှင် Love နဲ့ Sex ကို မရောထွေးစမ်းပါနဲ့၊ အချစ်ဆိုတာ အင်မတန် နူးညံ့သိမ်မွေ့တဲ့အရာပါ၊ အချစ်ဆိုတာ စိတ်ခံစားချက်ရှင့်၊ သွေးသားဆန္ဒ ထကြွသောင်းကျန်းတဲ့ ရုပ်ခံစားချက် မဟုတ်ဘူး ...၊

ရှင် ...အခု ကျွန်မကို ပြုမူဆက်ဆံနေတာ အချစ်





ကြောင့်လို့ မညာစမ်းပါနဲ့၊ အချစ်ကို အလွဲသုံးစားလုပ်ပြီး ရှင် ကျွန်မကို အသုံးချနေတာ''

"ဘာ''

သူ ဟိန်းခနဲ ထ,အော်တယ်။

ကိုယ့်စကားက သူ့အရှိက်တည့်တည့်ကို ထိမှန်သွားပုံရတာကြောင့် ကိုးကိုး အရမ်းကျေနပ်သွားသည်။

"မင်း ...ငါ့အချစ်ကို မစော်ကားနဲ့ ကိုးကိုး''

"ဘာအချစ်လဲ၊ အချစ်ဆိုတဲ့စကားလုံးကို ထည့်မသုံးစမ်းပါနဲ့၊ ရှင့်လို အခွင့်အရေးသမားနဲ့ အချစ်ဆိုတဲ့ စကားလုံးမတန်ပါဘူး''

"ကိုးကိုး ...မင်းသိပ်လွန်နေပြီ၊ ငါ့ကို အခွင့်အရေးသမားလို့ မသုံးနဲ့နော် ...မင်းစကား အရမ်းရိုင်းတယ်''

"ကျွန်မက စကားတင် ရိုင်းတာပါ''

စကားစစ်ထိုးပွဲက တဖြည်းဖြည်း ရင့်သီးပြင်းထန်ကာ အချေအတင် ဖြစ်လာသည်။

"မင်းစကားတွေအတွက် မင်း နောင်တမရစေနဲ့နော် ကိုးကိုး''

သူ့မျက်လုံးတွေ စိမ်းနက်တောက်ပလာတယ်။

သူ ...ရှေ့ကို တစ်လှမ်းတိုးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးကိုးရင်ထဲ ဒိန်းခနဲ ဖြစ်သွားတယ်။

ဒါပေမဲ့ ကိုးကိုးကလည်း ဒူးထောက်၊ မျက်လွှာချ၊ မျက်ရည်သုတ်မယ့် မိန်းမမျိုးမှ မဟုတ်တာ။

စားပွဲပေါ်က ဖန်ပန်းအိုးကို ဒိုင်းခနဲ နံရံနဲ့ ပစ်ခွဲလိုက်တယ်။

လက်ထဲမှာ အချွန်အစတွေနဲ့ ဖန်ပန်းအိုးအကွဲကို လည်ပင်းမှာ မထိတထိလေး ထောက်ထားရင်းက ကိုးကိုး အေးစက်စက် ပြုံးလိုက်တယ်။

"ကျွန်မ နောင်တ,ရတတ်လား ... သေချာချင်ရင် ရှင် ရှေ့ကို တစ်လှမ်းတိုးကြည့်လိုက်လေ လရိပ်ထင်၊ ရှင့်ရော သွေးသံရဲရဲမြင်ကွင်းမျိုး မြင်ဝံ့သလား"

သူ နောက်ကို တစ်လှမ်းဆုတ်သွားတယ်။

"မင်း ... ငါ့ကို တကယ်မချစ်ခဲ့ပါဘူး ကိုးကိုး"

ရင်ထဲမှာ ကျဉ်ခနဲ ...။ ပြီးတော့ ခါးသွားတယ်။

"ရှင်လည်း ကျွန်မကို မချစ်ခဲ့ပါဘူး လရိပ်ထင်"

သူ ကိုးကိုးကို လှို့ဝှက်စွာ စိုက်ကြည့်တယ်။

ပြီးတော့ ဟောလိဝုဒ်မင်းသားတွေလို ပခုံးတွန့်ပြီး မဲ့စပ်စပ် ပြုံးတယ်။

(တစ်ချိန်တုန်းကတော့ ကိုးကိုး အရူးအမူး ဖြစ်ခဲ့ရတဲ့



အပြုံးပေါ့).

"ဒါဆို မင်းနဲ့ငါ့ရဲ့ ချစ်သူတွေဘဝက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ"

ကိုးကိုး မျက်လုံးတွေမှေးကျဉ်းပြီး သူ့ကို အေးစက်စက်ကြည့်လိုက်တယ်။

"အဓိပ္ပာယ်မရှိတော့တဲ့ဘဝတစ်ခုကို ကျွန်မတို့ ရပ်တန်းက ရပ်လိုက်ရုံပေါ့"

သူ့မျက်လုံးတွေ အရည်လဲ့လာတယ်။

အဲဒီအတွက် ကိုးကိုး မခံစားရတော့တာ သိပ်ဆန်းကြယ်တာပဲ။

"ကျွန်မတို့ ဘယ်တုန်းကမှ မတွေ့ခဲ့ကြဖူးဘူးလို့ မှတ်လိုက်ပါ ... ဟုတ်ရဲ့လား ... အိုကေ"

သူ ငြိမ်သက်နေဆဲ ...

ကိုးကိုး ချာခနဲ ကျောခိုင်းလိုက်တယ်။

ပြတ်သွားတဲ့ ဖိနပ်တစ်ရံလိုပါပဲ။

ကြေကွဲဖို့အကြောင်း မရှိပါဘူး။

မေမေ တစ်သက်လုံးက တဖွဖွပြောခဲ့တဲ့ စကားတွေကိုပဲ နားထဲ ထပ်ခါတလဲလဲ ကြားယောင်နေမိတယ်။

ယောကျ်ားဆိုတာ အခွင့်အရေးသမားတွေချည်း ...

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းမှ မယုံကြည်သင့်တဲ့ လူတန်းစား ...။
ဒါကို ကိုးကိုး မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပြီ။
တော်သေးတာပေါ့ ...။
ကိုးကိုးဘဝ မနစ်မွန်းခဲ့တာ။

ယောကျ်ားတွေမှာ တကယ်တော့ အချစ်ဆိုတာ မရှိပါဘူး။

အချစ်ကို အပေါ်ယံပြု လိမ်လည်လှည့်ဖြားထားတဲ့ သွေးသားဆန္ဒပဲ ရှိတာပါ။

## အခန်း (၂)

"ငါ့ သမီး ခုတစ်လော ခြေငြိမ်နေပါလား"

မေမေက ကိုးကိုးကို ပြုံးကြည့်ရင်း ပြောသည်။

မေမေ့အပြုံးက အရာရာကို သိတတ်နားလည်တတ်သော အပြုံးမျိုးမို့ ကိုးကိုး ကျွတ်သည်။

အသည်း၌ တစ်ဘဝစာ ဒဏ်ရာအကြီးအကျယ် ရခဲ့သူပီပီ မေမေ့မျက်နှာပေါ်မှာ အငြိုးများ၊ အမုန်းများ၊ မာနတရားများဖြင့် အစဉ်သဖြင့် တင်းမာခက်ထန် တောက်ပနေလေ့ရှိသည်။

သို့သော်လည်း ထိုအရာများက မေမေ့ရဲ့ရှုးရှုသောမျက်ဝန်းများ၊ ပိရိသေသပ်သောနှုတ်ခမ်းများရဲ့ အလှအပကို မထိခိုက်နိုင်။

ပိုပြီးတောက်ပကြွတက်အောင် ပံ့ပိုးပေးထားသကဲ့သို့ ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ‥ ကောင်လေးနဲ့ အဆင်မပြေဘူးထင်တယ်"

"မေ"

ကိုးကိုး အထိတ်တလန့် ဖြစ်သွားရသည်။

"မေ သိတယ် ‥‥ ဟုတ်လား"

ကိုးကိုး တကယ်ကို အံ့ဩထိတ်လန့်သွားရသည်။

ကို့က ဆွဲဆောင်ညို့ငင်နိုင်လွန်းလို့သာ ကိုးကိုး ကိုယ့်နှလုံးသား ကိုယ်မထိန်းချုပ်နိုင်တော့ဘဲ ကို့အချစ်ကို လက်ခံခဲ့မိတာ။

ဒါပေမဲ့ မေမေမရိပ်မိရအောင် ကိုးကိုး ဉာဏ်နီဉာဏ်နက် မျိုးစုံသုံးပြီး ရည်းစားခိုးထားခဲ့ရတာပါ။

"ကိုးကိုး ‥‥ သမီးဟာ မေမေမွေးထုတ်ခဲ့လို့ လူဖြစ်လာတာပါ သမီးရယ်၊ သမီးက မေမေ့ကို သိပ်လျှော့တွက်တာပဲ ကိုး။ သမီးရဲ့လှုပ်ရှားမှုမှန်သမျှ မေမေမသိတာ ဘာမှမရှိဘူး"

"ဒါဆို မေက ကိုးကိုး ရည်းစားထားခဲ့တာ သိသိကြီးနဲ့ တောင်မှ ‥‥"

ကိုးကိုး မျက်မှောင်ကြီးကြုတ်ကာ နားမလည်သလို ပြန်မေးမိသည်။

မေမေက ကိုးကိုးကိုပြုံးကာ ငယ်ထိပ်ကို ထပ်ခနဲ ပုတ်သည်။





"ဘာလို့မတားခဲ့တာလဲလို့ သမီးသိချင်နေတာ မဟုတ်လား"

ကိုးကိုး မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် ခေါင်းကို ခပ်မြန်မြန်ညိတ်ပြလိုက်သည်။

"တားခဲ့ရင် မေမေ့လောက် မိုက်မဲတဲ့အမေ ရှိတော့မှာ မဟုတ်ဘူး"

"မေမေ ဘယ်လို"

"အဟင်းဟင်း ‥‥ မှတ်ထား သမီး ‥‥ သမီးလည်း နောင်တစ်ချိန် အမေတစ်ယောက်ဖြစ်လာရင် ကိုယ့်သမီးကို ထိန်းသိမ်းတတ်အောင် ‥‥

မေမေ ပြောပြမယ်၊ သမီးကို မေမေ တစ်ခါမှ ရည်းစားမထားပါနဲ့၊ ချစ်သူမထားပါနဲ့လို့ မချုပ်ချယ်ခဲ့ဘူး ‥‥ ဟုတ်တယ်နော်"

ကိုးကိုး မေမေ့စကားကို ခပ်မြန်မြန် ခေါင်းညိတ်ထောက်ခံလိုက်မိသည်။

"အေး ‥‥ ဒါပေမဲ့ မေမေ သမီးကို အမြဲတမ်း ယောကျ်ားဆိုတဲ့ သတ္တဝါတွေအကြောင်း ပြောပြခဲ့တယ် မဟုတ်လား၊ ယောကျ်ားဆို ဘယ်သူတစ်ယောက်မှ မယုံရဘူး၊ အားလုံး အခွင့်အရေးသမားတွေချည်းပဲ၊ သစ္စာတရားဆိုတာလည်း သူတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



အဝေးဆုံးမှာ အဲလို မေမေ မပြောပြခဲ့ဖူးဘူးလား''

''ပြောပြခဲ့ပါတယ် မေမေ''

*(ကိုးကိုးတစ်သက် အလွတ်ရခဲ့တဲ့ စကားတွေပါ)*

''အေး ... အဲဒါပဲပေါ့ သမီးရဲ့၊ မေမေက သမီးရဲ့ ဦးနှောက်ထဲကို သတိတရား ထည့်ပေးလိုက်တာ၊ သမီးကို မေမေက ရည်းစားမထားရဘူးလို့တားလိုက်ရင် သမီးက ဟိုဘက် ပိုပါသွားမှာပေါ့၊ အဲဒါကြောင့် မေမေက လွှတ်ပေးခဲ့တာ၊ ဒါပေမဲ့''

မေမေက ရုတ်တရက် စကားစရပ်ပစ်လိုက်တာကြောင့် ကိုးကိုး အလျင်အမြန် မော့ကြည့်လိုက်ရသည်။

မေမေက အရေးကြီးတဲ့ စကားပြောချင်လျှင် အလေး အနက်ထားတဲ့သဘော စကားကို ခဏရပ်တန့်တတ်သည်လေ။

''တကယ်တမ်း လိုအပ်လာတဲ့အခါကျရင် မေမေ ရိုက် သွင်းပေးခဲ့တဲ့အသိတရားတွေက သမီးကို ဆင်ခြင်တုံတရား ရှိစေနိုင်မယ်လို့ မေမေ ယုံကြည်တယ်''

အို ... ဘယ်လောက်မှန်တဲ့ စကားတွေလဲ။

''မေမေ ... မေမေရယ် ... ကိုးကိုးလေ သိပါပြီ၊ မေမေပြောခဲ့တဲ့စကားတွေ ဘယ်လောက်မှန်လဲဆိုတာ ကိုးကိုး တကယ်သိပါပြီ''

ကိုးကိုးသည် မေမေ့လက်ကို ဆုပ်ကိုင်ကာ စကားတွေ



အားပါးတရ အဆက်မပြတ် ပြောနေမိတော့သည်။

''ယောကျ်ားဆိုတာ အခွင့်အရေးသမားတွေပဲ မေမေ၊ သူတို့မှာ အချစ်မရှိဘူး၊ သူတို့မှာရှိတာ ရမ္မက်ပဲ၊ ကိုးကိုးလေ မေမေ သူတို့အကြောင်း အမြဲပြောပြခဲ့လို့သာ မနစ်မွန်းခဲ့ရတာ၊ ကိုးကိုး အချစ်ဆိုတာကို လုံးဝအယုံအကြည်မရှိတော့ဘူး မေမေ''

မေမေက ကိုးကိုးလက်ဖဝါးများကို ဖျစ်ညှစ်သည်။

''ကဲ ... ဒါဆို သမီးယောကျ်ားတွေအကြောင်း သိသွား ၿပီပေါ့၊ အိုကေ ဟုတ်ပြီ ... သမီး ဘာဆက်လုပ်မလဲ''

ကိုးကိုးက မေမေ့မျက်လုံးများကို ရင်ဆိုင်ပြီး ပြုံးပြလိုက် ပါသည်။

''မေမေဖြစ်စေချင်တာတွေအားလုံး ဖြစ်ရစေ့မယ်လို့ ကိုးကိုး ကတိပေးပါတယ် မေမေ''

မေမေ့မျက်လုံးများ လက်ခနဲ တောက်ပသွားကြသည်။

''မေမေစီစဉ်ထားတဲ့အတိုင်း ကိုးကိုး ဩဖီးမှာ ကျောင်း သွားတက်ပါ့မယ်''

''အိုကေ ... ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ကိုးကိုး သိပ်လိမ္မာ တယ်''

မေမေက ကိုးကိုးကို ရင်ခွင်ထဲဆွဲသွင်းကာ ဆံပင်ဖျား ကို ဖွဖွသပ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျောင်းသွားတက်ဖို့ကိစ္စက မေမေ စီစဉ်ပေးထားတာ ကြာပြီ။

ကိုးကိုးက ကို့ကို မခွဲနိုင်သေးတာနဲ့ အကြောင်းအမျိုးမျိုးပြပြီး အချိန်ဆွဲခဲ့တာ။

ခုတော့ ကိုးကိုးမှာ နောက်ကြောင်းငဲ့စရာမှ၊ သံယောဇဉ် မှ မရှိတော့တာဘဲ။

မေမေ့စကားကို နားထောင်ကာ ကိုးကိုး အမြန်ဆုံးပဲ သွားချင်ပြီလေ။

ကိုယ့်အချစ်ကို သွေးသားဆန္ဒနှင့်လဲလှယ်ကာ အလွဲသုံးစားလုပ်ဖို့ ကြိုးစားခဲ့သောသူနှင့်လည်း တစ်မြေတည်း မနေချင်တော့ပြီ။

သို့သော် ...

"မေမေ ... ကိုးကိုး တစ်ခုလောက်တော့ တောင်းဆိုချင်တယ်"

ကိုးကိုးက မေမေ့ရင်ခွင်ထဲမှနေ မျက်နှာကို မော့ကြည့်ကာ ချွဲနွဲ့လိုက်သည်။

"ပြော ... ဘာတောင်းဆိုချင်သလဲ"

"ကိုးကိုး ချောင်းသာကို တစ်ပတ်လောက် သွားချင်တယ် မေမေ"



"ဒါများသမီးရယ် ... သွားပေါ့၊ စိတ်ပြေလက်ပျောက်ပေါ့ ... ဟုတ်လား၊ အင်း ... အချစ်ဆိုတာ နှလုံးသားကို အက်စစ်လိုပဲ လောင်ကျွမ်းစေတယ်လေ၊ ဒဏ်ရာမပျောက်သေးခင် ဒီလိုပေါ့၊ ကြာလာတော့လည်း အနာဖေးပါ ကွာထွက်သွားမှာပါ ... ဟင်း ဟင်း"

စိတ်ပြေလက်ပျောက်ပေါ့တဲ့။

မှန်လိုက်တာ။

ပူပူနွေးနွေး အသည်းဒဏ်ရာကို ပင်လယ်ရေနဲ့စိမ်ပြီး ဆေးကြောပစ်လိုက်မည်လေ။

ဒါမှ မေမေပြောသလို အနာဖေးပါ ကွာထွက်သွားအောင်။

သို့သော် ...

လိမ်လည် လှည့်ဖြားခဲ့သော အချစ်တုကို တွေ့ခဲ့သော ကိုးကိုးမှာ သူမရဲ့နှလုံးသားကို တစ်ဘဝစာ ဒဏ်ရာလှလှလေး ပေးအပ်နိုင်သော ကံကြမ္မာတစ်ခုက ...

ထိုနေရာမှာ စောင့်ကြိုနေခဲ့တာကို အမှန်တကယ်ပင် သိမြင်နိုင်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

------------------- ။

ကိုးကိုးသည် အချစ်ကို အလွဲသုံးစားလုပ်ရက်သော အခွင့်အရေးသမားတစ်ယောက်ကို လုံးလုံးလျားလျား မေ့ဖျောက်ပစ်လိုက်နိုင်ဖို့ ချောင်းသာမှာ တကယ်ပဲ ခုနစ်ရက်တိတိနေဖို့ ဆုံးဖြတ်လိုက်ပါသည်။

ဆဲဗင်းနိုက်အင် ချောင်းသာ (Seven Night In Chaung Thar) ပေါ့လေ...လို့ ကိုယ့်ဘာသာ ခေါင်းစဉ်တပ်မိပြီး ကျိတ်ပြုံးမိပါသည်။ ခုနစ်ရက်တောင်နေဖို့ ဆုံးဖြတ်ပြီးပြီမို့ ကိုးကိုးက ဟိုတယ်မက်စ် (Hotel Max) မှာ တည်းခိုဖို့ စီစဉ်လိုက်ပါသည်။ ပြီးတာနှင့် ကမ်းခြေဆီ တစ်လှမ်းချင်း ထွက်လာခဲ့ပါသည်။

ဒါ ... ကိုးကိုးရဲ့ ချောင်းသာခရီးစဉ် ပထမဆုံးနေ့ရက်ဖြစ်ပါသည်။

ကိုးကိုးကို ပင်လယ်က ဘယ်လိုများ ဆီးကြိုမှာပါလိမ့်။

အခန်း (၃)

**အချစ်၏ ပထမနေ့စွဲ ...**

**"ပင်လယ်ပြာနှင့် ဒဏ်ရာရနှလုံးသား"**

ပင်လယ်ကို ဘွားခနဲ မြင်တွေ့လိုက်ရကတည်းက ကိုးကိုးမှာ ရင်တွေခုန်ပြီး ...

ရင်ထဲကဒဏ်ရာက တကယ့်ကိုပဲ အဝေးသို့ လွင့်ထွက်ပြေးသွားရသလို။

သို့သော် ...

ကိုးကိုးသည် ရေထဲလည်း မဆင်းချင်၊ ကမ်းခြေမှာလည်း လူအများနှင့် ရောနှောကာ လမ်းမလျှောက်ချင်သည်မို့ ...

www.burmeseclassic.com

www.burmeseclassic.com



လှသူရှင်းလင်းကာ ငြိမ်သိတ်၍နေသော ကျောက်ဆောင် အစွယ်လေးတစ်ခုပေါ်တွင်ထိုင်ကာ ပင်လယ်ပြင်ပြာပြာကို ငေးမောနေမိသည်။

လှလိုက်တဲ့ပင်လယ် ...။

အရိုင်းဆန်တဲ့ပင်လယ် ...။

သို့သော် ...

သည်အရိုင်းက သဘာဝအရိုင်း ... မို့ စက်ဆုပ်ဖွယ်ရာ မကောင်း။

ချစ်မြတ်နိုးဖွယ်ရာပင် ကောင်းနေတော့သည်။

ကြမ်းရှသော လှိုင်းလုံးများ လိမ့်ဆင်း လိမ့်တက်လာပုံက လည်း ရင်ခုန်စရာ ကောင်းလှသည်။

လှိုင်းလုံးကြီးများက ကိုးကိုးထိုင်နေသောကျောက်ဆောင် အစွယ်ကို ကလူကျီစယ်သလို တဝုန်းဝုန်းဖြင့် ရိုက်ပုတ်နေကြသည်။

အဲလိုတော့ အကြမ်းကြီး မကျီစယ်ပါနဲ့ ပင်လယ်ရယ်။

ကိုးကိုးက ကြောက်တတ်တယ်။

ကိုးကိုးသည် စိတ်ထဲမှ ခပ်ရွှတ်ရွှတ်ပြောပြီး တစ်ယောက်တည်း ကျိတ်ရယ်နေမိစဉ် ...

"ဟေ့ ... အဲဒီကျောက်ဆောင်ပေါ်မှာ မနေနဲ့"



ကျောဘက်ဆီမှ လှမ်းအော်လိုက်သောအသံ ကြားလိုက် ရသဖြင့် ကိုးကိုး အရယ်ရပ်သွားမိသည်။

"အန္တရာယ်ရှိတယ် ... မြန်မြန်ဆင်းလာခဲ့"

ဘယ်သူ့ကို လှမ်းအော်နေတာပါလိမ့်။

ကိုးကိုးသည် မျက်မှောင်ကြုတ်ကာ လှည့်ကြည့်လိုက် မိသည်။

ကြည့်စမ်း ...

အနက်ရောင် တီရှပ်ခပ်ဟောင်းဟောင်းတစ်ထည်နှင့် အရောင်လွင့်နေပြီဖြစ်သော ဂျင်းပင်နံကို ဒူးဆစ်နားအထိ ခေါက် တင်ဝတ်ထားသော ပင်လယ်နေလောင်သည့် ညိုမောင်းမောင်း အသားအရေနှင့် ကောင်ကလေးတစ်ယောက်။

ဥပမိကတော့ အဖြောင့်သား။

ဒါပေမဲ့ သူ့ရဲ့ချောမွေ့ပုံက လရိပ်ထင်တို့လို ကိုးရီးယား ဇာတ်လိုက်တွေလို ဖြစ်မျိုးမဲ့မထင် ရွှေလိုဥ ဝင်းမွတ်နေသည့် ချောမွေ့ပုံမျိုးမဟုတ်။

ဟောလိဝုဒ်က အမေရိကန်မင်းသားတွေလို အရိုင်းဆန် သည့် ခပ်ကြမ်းကြမ်း ချောမွေ့မှုမျိုး။

ကိုးကိုးသည် ထိုကောင်လေးကို တစ်ယောက်တည်းမို့ လာနောက်ရဲသည်ပဲ ထင်လိုက်မိသည်မို့ ဂရုမစိုက်ဘဲ မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ပြန်လှည့်လိုက်သည်။

"ဟိတ် ... မင်းကိုပြောနေတာ မကြားဘူးလား၊ ရေတက်နေပြီ ... ကျောက်ဆောင်မြုပ်သွားလိမ့်မယ်၊ ဆင်းလာခဲ့တော့"

ဘယ်လိုကောင်လေးပါလိမ့်။

ဂရုမစိုက်ဘဲနေလည်း မရပါလား။

ကိုးကိုး တစ်ခုခုပြန်မပြောမချင်း သူ နေရာမှ လှည့်ထွက်မည့်ပုံမပေါ်။

"ဒီမှာ ငါ့ဘာသာ အေးအေးဆေးဆေး ထိုင်နေပါရစေ၊ မနှောင့်ယှက်ပါနဲ့၊ မင်း ငါ့ကို စ,နောက်ရအောင် မင်းနဲ့ငါ အဆင့်အတန်းချင်း တူတာလည်း မဟုတ်ဘူး ... မင်းလမ်းမင်း သွားပါ"

ပုံစံက ဟောင်းနွမ်းနွမ်း စုတ်ဖတ်ဖတ်နှင့်မို့ ကိုးကိုး အဆင့်အတန်းဆိုသောစကား တမင်ထည့်ပြောလိုက်ခြင်း ဖြစ်သည်။

ဒါမှ သူ့ဘဝ သူသိပြီး ရှက်ကာ မြန်မြန်လှည့်ထွက်သွားအောင် ...

ကိုးကိုး စကားဆုံးလျှင် သူ့မျက်နှာ ရဲခနဲဖြစ်သွားသော်လည်း လှည့်တော့ထွက်မသွားဘဲ ...



"ဟော့ ... ဒီနေရာမှာ အဆင့်အတန်းဆိုတဲ့စကား လာမပြောနဲ့၊ လှိုင်းတွေက မင်းကို ဘာအဆင့်အတန်းမှ ခွဲခြားနေမှာမဟုတ်ဘူး၊ ပင်လယ်ထဲ ဆွဲချသွားလိမ့်မယ် ... နားလည်လား၊ ခုချက်ချင်း ဆင်းခဲ့တော့"

ခက်ပါလား။

ပြောပုံက နောက်နေသည့်ပုံစံမဟုတ်ဘဲ အတည်ကြီးနှင့် အမိန့်ပေးနေတာ။

"ကျစ်"

ရင့်ရင့်သီးသီးပြောတာတောင် လှည့်ထွက်မသွားသေးသော ကောင်ကလေးကို ကိုးကိုးသည် စိတ်ပျက်လက်ပျက် 'ကျစ်' ခနဲ စုတ်သပ်ကာ လုံးဝကို ဂရုမစိုက်တော့ဘဲ ဆက်နေနေလိုက်သည်။

အလကား ...

ကြောက်တတ်မလားလို့ စေတနာလေး ပိုသယောင်ဟန်ပြပြီး ဖာတ်လမ်းတွေ ဖန်တီးနေတာ။

ဒီကလည်း ယောကျ်ားတွေရဲ့စကားဆို တစ်ဘဝစာ မယုံကြည်တော့ဘူးလို့ ကျိန်ဆိုထားတာ။

ကိုးကိုးသည် ထိုကောင်ကလေးကို လုံးဝ အရေးမစိုက်တော့ဘဲ ထိုင်ရနမြဲ ဆက်ထိုင်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သွားပါပြီ ...

ပင်လယ်ရဲ့ဗီလင်လေးလည်း အောက်ကုန်ပါပြီ။

လေနုအေးကိုတောင် မခံစားနိုင်တော့ ...။

ကိုးကိုးသည် စိတ်ပျက်လက်ပျက်ဖြစ်သွားရဆဲ ကိုးကိုးထိုင်နေရာ ကျောက်ဆောင်လေးဆီ မျက်စိရှေ့တင် ရေများမြင့်တက်လာလေသည်ကို မြင်လိုက်ရလျှင် မျက်လုံးလေးများ ဝိုင်းစက်ကာ ထိတ်လန့်သွားရတော့သည်။

ဘုရားရေ ...

တကယ်ပဲ ရေတက်လာပြီ။

ကိုးကိုးသည် ပင်လယ်ဆီသာ ခရီးထွက်ချင်ခဲ့သော်လည်း ရေကူးမကျွမ်းကျင်။

ခုပဲ တအိအိ မြင့်တက်လာသော ရေပြင်ကိုကြည့်ကာ တုန်လှုပ်လာရသည်။

ကိုးကိုးထိုင်နေသော အစွယ်လေးမှာ ရေများပတ်လည်ဝိုင်းလျက်ရှိပြီ။

ကိုးကိုးသည် ကပျာကယာပင် မတ်တတ်ထရပ်လိုက်မိသည်။

သို့သော် ...

ဒူးခေါင်းများ တဆတ်ဆတ်တုန်နေသည်မို့ ရဲရဲမရပ်ရဲ။



''မကြောက်နဲ့ ...ကျွန်တော်လာခေါ်မယ်၊ အဲဒီမှာ ငြိမ်ငြိမ်နေ''

ကမ်းစပ်မှ ကောင်ကလေးရဲ့ လှမ်းအော်ပြောသံ ကြားလိုက်ရလျှင် ကိုးကိုးသည် စိတ်ထဲအားရှိသွားရကာ ခုမှ အကူအညီတောင်းမိတော့သည်။

''လုပ် ...လုပ်ပါဦး ...ကျွန်မ ရေမကူးတတ်ဘူး''

ရေများကိုကြည့်ကာ ကိုးကိုးရဲ့အသံမှာ ငိုသံပင်စွက်သွားရတော့သည်။ မျက်ဝန်းညိုများထဲ မျက်ရည်များကလည်း ပြည့်လျှံဝိုင်းအိုနေပြီ။

သူက ချက်ချင်းပင် ကိုးကိုးဆီ အလျင်အမြန် ရောက်ရှိလာပြီး ...

''လာ ...မြန်မြန်''

သူက ကိုးကိုးလက်ဖျားကိုဆွဲကာ ခေါ်သည်။

''ဘယ် ...ဘယ်လို သွားရမှာလဲ၊ ကျောက်ဆောင်ကို မမြင်ရတော့ဘူး''

ကိုယ်တက်ခဲ့သော ကျောက်ဆောင်အောက်ခြေကို မမြင်ရတော့သဖြင့် ကိုးကိုးမှာ ရဲရဲမလှမ်းရဲ။

''လာ ...မကြောက်နဲ့ ... ရဲရဲသာ ခုန်ချ၊ ကျွန်တော်ဘွဲ့ခေါ်မယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟင်အင်း ... ကြောက်တယ် ... မဆင်းရဲဘူး၊ အလာတုန်းကလိုပဲ မှန်းပြီးပြန်သွားမယ်"

"မဖြစ်နိုင်တာတွေ မပြောနဲ့၊ စကားမများစမ်းနဲ့၊ လာ ... လာ လာ ... ကျုပ် တွဲခေါ်ခဲ့မယ်"

ကိုးကိုးမှာ စကားမများစမ်းနဲ့ဗျာလို့ ဘလိုင်းကြီး ဘုမှတ်တာ ခံလိုက်ရတာမို့ တင်းသွားရသော်လည်း ဘာမှ နှုတ်လုန်မထိုးရဲ။

သူ့စကားနားထောင်ကာ ကြောက်ကြောက်နှင့်ပင် ရေထဲဆင်းလိုက်ရသည်။

"ဟုတ်ပြီ ... ကျွန်တော် ဆွဲခေါ်ခဲ့မယ်၊ ကျွန်တော့်ကို နိုပြီးလိုက်ခဲ့"

ကိုးကိုးသည် စကားမများစမ်းပါနဲ့လို့ အပြောခံထားရတာကြောင့် ဘာမှ စောဒကမတက်တော့ဘဲ သူ့ကို နိုတွဲကာသာ လိုက်ရတော့သည်။

ရေမှာ ရင်ညွန့်လောက်၊ အရှိန်ကလည်း ပြင်းသေးသည်မို့ ကိုးကိုးမှာ ကြောက်စိတ်က မပြေသေး။

ကမ်းစပ်ဆီရောက်တော့မှပဲ ဟင်းချနိုင်တော့သည်။

သူကတော့ ကိုးကိုးကိုကြည့်ကာ တဟားဟား အော်ရယ်၍နေသည်။





"ရှင် ဘာရယ်တာလဲ ... လူကိုကြည့်ပြီး"

"ရေထဲက ဖြတ်လျှောက်လာခဲ့ရတာ မပျော်ဘူးလား"

"ပျော်နိုင်မလားရှင့် ... ကြောက်လွန်းလို့ သေချင်စော်နံနေတာပဲ"

"မသေနိုင်တော့ပါဘူးဗျာ၊ ကမ်းစပ်တောင် ရောက်နေပြီပဲ"

သူ့ပြောပုံမှာ ကလေးတစ်ယောက်ကို ချော့မော့ဖြေသိမ့်ပေးသလိုမျိုး။

ကိုးကိုးသည် ခုမှပင် သူ့ကို ကျေးဇူးတင်စကားပြောဖို့ သတိရတော့သည်။

"ကျေးဇူးတင်ပါတယ်"

"ဟင် ... ပြောပုံကြီးကလည်း ဆောင့်အင်အင်နဲ့ ... မပြောလည်းရပါတယ်ဗျာ"

ကိုးကိုးက လေသံကို ပြန်လျှော့ကာ ...

"တကယ်ပြောတာ ... ကျေးဇူးတင်ပါတယ်၊ ခုနက ကျွန်မကို လာနှောက်နေတယ်ပဲ ထင်လို့"

ကိုးကိုးသည် ခုနက အထင်မှားပြီး ရင့်ရင့်သီးသီးပြောခဲ့မိတာအတွက် ပြန်တောင်းပန်သင့်မှန်း သိသော်လည်း မသိချင်ယောင်သာ ဆောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ ...

တောင်းပန်၊ ကျေးဇူးတင်လိုက်တာကို ရောင့်တက်ပြီး အခွင့်အရေးမယူဘူးလို့ ပြောနိုင်တာမှ မဟုတ်ဘဲ။

"ကဲ ... ကျွန်တော်သွားမယ်"

သူက နှုတ်ဆက်သည့်ပုံစံလည်း မဟုတ်ဘဲ ပြောရင်းက ထ,ရပ်ကာ ခြေလှမ်းကျဲကြီးများနှင့် ထွက်သွားလေတော့သည်။

"ဟော့ ဟော့ ... ခဏ"

ကိုးကိုး ကပျာကယာ တားလိုက်တော့ သူက ဆတ်ခနဲ လှည့်ကြည့်သည်။

"ဘာလဲ"

"ရှင့်နာမည်"

ကိုးကိုး အမောတကော မေးလိုက်မိသည်။

သူက ရေပြင်ဆီ လက်ညှိုးထိုးပြကာ ...

"**ပင်လယ်**"

"ဘယ်လို"

ကိုးကိုး မျက်မှောင်လေးကြုတ်၊ နှုတ်ခမ်းလေးများ ဝိုင်းစုကာ အံ့ဩဘနန်း ဖြစ်သွားရသည်။

"ဟင် ... 'နာမည်ကလည်း 'ပင်လယ်'တဲ့ ... ဘာကြီးလဲ"

[illegible]စာပေ



ကိုးကိုး အူကြောင်ကြောင်ရှေ့တွင်ဆဲ ... သူကတော့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားချေပြီ။

ကိုးကိုးကသာ သူ့ရဲ့ရေစိုနေသောကျောပြင်ကို အငေးသား ကျန်ရစ်ခဲ့သော်လည်း ... သူကတော့ ကိုးကိုးကို တစ်စက်မှ လှည့်မကြည့်။

ဘယ်လို ကောင်ကလေးလဲ။

ကျေးဇူးတင်စကားပြောလျှင် ရောင့်တက်လာလိမ့်မယ်လို့ ကိုးကိုးထင်ထားခဲ့သလိုလည်း မဟုတ်။

ကိုးကိုးကို နာမည်လေးတောင် မေးဖော်မရ။

ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားပုံမှာ ကိုးကိုးကို နည်းနည်းကလေးမှ စိတ်မဝင်စားသလို။

ကိုးကိုးမှာ ... ပင်လယ်သားပီပီ ထွားကျိုင်းသန်စွမ်းလှသော "ပင်လယ်" ဆိုသောကောင်ကလေးရဲ့ ကျောပြင်ကို ပဟေဠိမေးခွန်းပေါင်းများစွာဖြင့် မျက်မှောင်ကြုတ်ကာ ကြည့်ရင်း ကျန်ရစ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

**အချစ်၏ ဒုတိယနေ့စွဲ . . .**

**"ရေစက်ဆုံတဲ့ ငွေပင်လယ်"**

ပင်လယ်ဆိုသော ကြီးကျယ်ခမ်းနားလှသည့် နာမည်ပိုင်ရှင် ကောင်ကလေးအကြောင်း စဉ်းစားရင်း ကမ်းခြေဆီ ကိုးကိုး လျှောက်လာခဲ့မိသည်။

ဘာဖြစ်လို့ ခေါင်းထဲရောက်နေမိမှန်းလည်း မသိ။

ကိုယ့်အသက်အန္တရာယ်ကို ကယ်ဆယ်ပေးခဲ့သည့် အတွက်လား။ တော်ပြီ . . . မစဉ်းစားတော့ဘူး။

ကိုးကိုးသည် တစ်ယောက်တည်း ခေါင်းကို ချာလပတ်လည်လုအောင် ခါယမ်းပစ်လိုက်ကာ သူ့ကို မောင်းထုတ်ပစ်လိုက်



သည်။

နံနက်ခင်းနေရောင်ခြည်နုနုအောက်မှာ ကိုးကိုး ရေထဲဆင်းချင်စိတ် ပေါ်လာသည်။

သို့သော် . . . ရောက်ခါစဖြစ်တာရော၊ မနေ့က တုန်လှုပ်ထိတ်လန့်စရာ ကြုံတွေ့ခဲ့ရတာကြောင့်ရော ကိုးကိုး . . . ရေထဲကို ခြေလွှတ်လက်လွှတ်ချည်းတော့ မဆင်းရဲ။

ဘောကွင်းစွပ်ပြီးဆင်းဖို့ စဉ်းစားကာ ဘောကွင်းများ ထပ်ဆင့်ထားရာနေရာသို့ ရောက်လာခဲ့သည်။

အနားမှာ ဘယ်သူမှမရှိ။ ဟိုလျှောက်သည်လျှောက် လျှောက်ကြည့်တော့မှ လူကြီးတစ်ယောက်ကို တွေ့ရသည်။

"ဦးလေး . . . ဘောကွင်းငှားချင်လို့"

"ဦးလေးက ငှားတဲ့သူ မဟုတ်ဘူးကွယ့်၊ နေဦး . . . ခေါ်ပေးမယ်"

ဦးလေးကြီးက ခပ်လှမ်းလှမ်းက လူအုပ်ဘက် မျှော်ကြည့်ကာ လှမ်းအော်လေသည်။

"ပင်လယ်ရေ . . . ဒီမှာ ဘောကွင်းငှားမယ့်သူ ရောက်နေတယ်"

**ပင်လယ်** . . . ဒီနာမည်ဟာ နှစ်ယောက်မရှိနိုင်ပါဘူး။ ကိုးကိုး တအံ့တသြ လှမ်းမျှော်ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကျဲကြီးများနှင့် ကိုးကိုးတို့ဆီ လျှောက်လာနေသော အရပ်မြင့်မြင့်၊ ကြေးနီရောင်အသားအရေနှင့် ကျစ်လျစ်သန်မာလှသော သူ့ကို အဝေးမှ လှမ်းမြင်ရကတည်းက ကိုးကိုး မှတ်မိပါသည်။

ဟောလိဝုဒ်မှ အက်ရှင်မင်းသားကျနေတာပဲလို့ မလိုတမာ တွေးမိကာ ကိုးကိုးက မျက်စောင်းထိုးလိုက်မိသေးသည်။

ဒေသခံ အလုပ်ကြမ်းသမား ဖြစ်လျက်နဲ့ သူ ဘာလို့ ဒီလောက် ကြည့်ကောင်းနေရတာလဲ။

ရန်ကုန်မှာ တွေ့မြင်နေကျ ဖြူဖျော့ဖျော့၊ ရှင်းသန့်သန့်၊ ပိန်ပိန်ရှည်ရှည် ကောင်ကလေးများနှင့် နှိုင်းယှဉ်မိကာ ကိုးကိုး မျက်လုံးထဲ သူက တစ်ဘာသာအဖြစ် ကြည့်ကောင်းလွန်းနေသည်။ ကိုးကိုးက သတိလက်လွတ် ငေးမိဆဲ . . .

"ဗျို့ . . . ဘာကိစ္စတုံး"

တောသားပီပီ မေးပုံကြီးက အသံကျယ်ကြီးနှင့် တုံးတိတိမို့ ကိုးကိုးနားထဲ ထော်လော်ကန့်လန့်ကြီး ဖြစ်သွားရသည်။

"ဒီဘောကွင်းတွေက ရှင် ငှားတာလား"

"ဟုတ်တယ်"

ကြည့် . . .

ပြောပုံကိုက ကွပ်ဆတ်ဆတ်နဲ့ အသံပြတ်ကြီးနဲ့။



"ကျွန်မ တစ်ခုယူသွားမယ်"

သူက တုံးတိအသံပြတ်ကြီးပြောလာတော့ ကိုးကိုးကလည်း သူ့လိုပဲ ခပ်မာမာလေသံနဲ့ ပြန်တုံးတိပေးလိုက်သည်။

ပြီးတော့ မျက်စိရှေ့က လက်လှမ်းမီရာ ဘောကွင်းတစ်ခုကို ဆောင့်ခနဲယူလိုက်ကာ သူ့ရှေ့မှ ကြော့မတ်စွာ ထွက်လာခဲ့သည်။

"ဟိတ် . . . နေဦး"

ကိုးကိုး ထွက်လာပြီးမှ လှမ်းခေါ်ပြန်တာကြောင့် ကိုးကိုးမှာ တင်းသွားရပြီး . . .

"ဘာလဲ"

"ဘောကွင်းက ငှားတာ"

ကြည့်စမ်း . . . ပြောပုံက . . .။

ကိုးကိုးမှာ ပိုတင်းသွားရပြီး စိမ်းညို့နေသော မျက်ခုံးတန်းလေးနှစ်ခုပင် ထိစပ်တော့မတတ် ကုပ်ချီးလိုက်မိကာ . . .

"သိတယ် . . . ဘယ်သူမှ အလကားမစီးဘူး"

ကိုးကိုးမှာ ခပ်စွာစွာ၊ ခပ်မြန်မြန်လေး ပြောချခဲ့ကာ မျက်နှာကို ချာခနဲပြန်လှည့်ပြီး လှည့်ထွက်ခဲ့သည်။

"မဟုတ်ဘူး . . . ဘောကွင်းက မိနစ်နဲ့ငှားတာ၊ ပြီးတော့ . . ."

www.burmeseclassic.com

www.burmeseclassic.com



သူက စကားမဆက်သေးဘဲ မျက်နှာမှာ ရှုံးတိုးရှန်းတန်းလိုလို၊ အားနာသလိုလို၊ ရှက်သလိုလို ကိုးကိုး အကဲမဖမ်းတတ်သော အရိပ်တချို့ ဖြတ်ပြေးသွားရင်းက ...

"ကျသင့်ငွေ ကြိုရှင်းရပါတယ်"

သူက ဒီစကားကိုကျ လေသံကိုနှိမ့်ချကာ ပြောပါသည်။

"အိုး ... ရှင်က ကျွန်မကို မယုံဘူးလား ... ဘာလဲ ... ကျွန်မရုပ်က ဘတ်ပြေးမယ့်ရုပ် ပေါက်နေလို့လား"

"အာ ... မဟုတ်"

သူက လက်တကာကာနှင့် အထိတ်တလန့် ငြင်းသော်လည်း ကိုးကိုးမှာ မယုံသင်္ကာ အပြောခံလိုက်ရသလို အောင့်သွားရသည်မို့ ...

"ကျွန်မ ဒီဘောကွင်းကို တစ်နေကုန် ယူထားမယ်၊ ပြန်ပေးတော့မှ ပိုက်ဆံရှင်းမယ် ... ကျေနပ်လား ... မကျေနပ်လည်း မတတ်နိုင်ဘူး"

ကိုးကိုး စကားဆုံးသည်နှင့် သူ့မျက်နှာ ချက်ချင်း ညှိုးကျသွားတော့သည်။

ကိုးကိုးကတော့ အနိုင်နှင့်ပိုင်းလိုက်နိုင်သလို မျက်နှာကို ပင့်ချီလျက် သူ့ရှေ့မှ (တမင်ပဲ ထုတ်ကာ) ဘောက်ဆတ်ဘောက်ဆတ် လျှောက်လာခဲ့သည်။



တကယ်တမ်းမှာ ကိုးကိုး ရေထဲမှာ အကြာကြီး နေနိုင်တာလည်း မဟုတ်။ ပြီးတော့ တစ်ယောက်တည်းကြီးမို့ ပေါင်ကြောင်ကြောင်ကြီးဖြစ်ကာ ပျော်လည်းမပျော်။

မနေ့က ရေမြုပ်လုဆဲဆဲအခြေအနေမှာ ထိတ်ထိတ်လန့်လန့်နဲ့ ကမ်းခြေဘက် ပြန်ရောက်ခဲ့ရတာကိုလည်း မမေ့နိုင်သေးသည်မို့ ဘောကွင်းထဲ ဝင်နေရဲ့နဲ့တောင် လှိုင်းကို ကြောက်နေမိသေးသည်။

ကိုးကိုးသည် ရေထဲမှာ ခဏသာနေမိလျက် ကမ်းခြေဘက် ပြန်တက်လာခဲ့သည်။

သူ့ဆီ ဘောကွင်းပြန်အပ်ဖို့သွားပြီးမှ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိသည်။

ရေကူးဝတ်စုံ ဝတ်မထားပေမယ့် လွတ်လွတ်လပ်လပ်၊ ပေါ့ပေါ့ပါးပါးလေးသာ ဝတ်ချလာခဲ့မိရာ ပခုံးနှင့်ကျောကို တစ်ဆက်တည်း သိုင်းချည်ထားသော လက်တစ်လုံးကြိုးနှင့် ဆွဲသားအင်္ကျီလေးမှာ ပျော့အိလွန်းလှသည်မို့ ကိုယ်မှာ ကပ်၍နေသည်။

တင်ပါးကျော်၍သာ တော်သေးသည်။

ဘောင်းဘီကလည်း ဆွဲသားမို့ ရေထိတော့ အသားမှာ တင်းနေအောင် ကပ်နေတော့သည်။

အဲ့ဒီအပြင် ရေထိလျှင် ဂျင်းသားများလို လေးကျမသွား

www.burmeseclassic.com

www.burmeseclassic.com



ဘဲ အပေါ်ကို လိပ်,လိပ်တက်လာရာ ရေမထိခင်က ဒူးဆစ်ရှိသော ဘောင်းဘီမှာ ဝင်းမွတ်သောပေါင်တံဆီ ရောက်လာလေတော့သည်။

ကိုးကိုးသည် ကိုယ့်ကိုယ်ကိုယ် မလုံမလဲနှင့်ပင် သူ့ရှေ့ရောက်လာခဲ့ရတော့သည်။

"ဒီမှာ ... ရော့"

ကိုးကိုးက ခါးမှာ ချည်ထားသော သားရေပိုက်ဆံအိတ်ထဲမှ ပိုက်ဆံကို ခပ်မြန်မြန်ဆွဲထုတ်ကာ ပေးလိုက်သည်။

ရေများစိုကာ အသားမှာကပ်နေသော အဝတ်အစားများနှင့် သူ့ရှေ့ ကြာကြာမနေရဲပါ။

"ဟိတ် ... ဒီမှာ ခဏ"

နောက်ပါးဆီမှ သူ့ခေါ်သံကြားလျှင် ကိုးကိုး မဲ့ပြုံးပြုံးလိုက်မိသည်။

ယောကျ်ားတွေများ အခွင့်အရေးသမားဆိုတဲ့ မေမေ့စကား တယ်မှန်တာပဲ။ ကိုးကိုးအတွေးမှ မဆုံသေးခင် ...

"ရော့ ... ပိုက်ဆံပိုလို့ ပြန်လာအမ်းတာ"

သူ့မျက်လုံးညိုညိုများမှာ ကိုးကိုးမျက်နှာပေါ်တွင်သာ တည်ငြိမ်စွာရှိသည်။

ကိုးကိုး ကြောင်အမ်းအမ်းဖြစ်ဆဲ ကိုးကိုးလက်ထဲ ပိုက်





ဆံထည့်ပေးပြီးတာနှင့် သူ ခြေလှမ်းကျဲကြီးများနှင့် ထွက်သွားသည်မှာ ကိုးကိုးဆီသို့ တစ်ချက်မှပြန်လှည့်မကြည့်။

ကိုးကိုးသည် ကိုယ့်ကို စကားမရှိစကားရှာကာ ဇာတ်လမ်းဖန်တီးဖို့ လှမ်းခေါ်သည်လို့ ထင်ထားခဲ့မိသည်မို့ ကိုယ့်အတွေးကို သူမသိပေမယ့် ကိုယ့်အတွေး ကိုယ်ပြန်ရှက်မိသလိုလို။

သို့သော် ...

ကိုးကိုးရဲ့စိတ်အာရုံထဲ လရိပ်ထင်ဆိုသော ယောကျ်ားတစ်ယောက်ရဲ့ရုပ်သွင်ကို မြင်ယောင်လိုက်မိလျှင် စိတ်ထားများ ျကံချင်းပြန်ပြီး မာထန်ပြောင်းလဲသွားရတော့သည်။

အို ... သွားစမ်းပါ။

ဒါဟာ အညတြတစ်ယောက်ရဲ့ဟန်ဆောင်မှု အတတ်ပညာရော မဖြစ်နိုင်ဘူးလား။

ပင်လယ်ကမ်းစပ်မှာနေတဲ့ ယောကျ်ားတစ်ယောက်အဖို့ ရေစိုနေတဲ့ မိန်းကလေးပေါင်းမြောက်မြားစွာရဲ့ ကိုယ်လုံးအလှဟာ မျက်လုံးထဲ ယဉ်ပါးနေနိုင်ကောင်းတာပဲ။

ဒါပေမဲ့ ... သူ ဘာဖြစ်လို့ ဒီလောက်တောင် ကိုးကိုးရဲ့ စိတ်ထဲ ရောက်နေရတာလဲ။ ခက်လိုက်တာ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

**အချစ်၏ တတိယနေ့ခွဲ . . .**

**"သောင်ပြင်ပေါ်က စကားစီးချင်း"**

ဒီနေ့တော့ ကိုးကိုးက တစ်နေကုန် ရေထဲမဆင်းမိဘဲ ဈေးဝယ်ထွက်လိုက်၊ အုန်းရည်သောက်လိုက်၊ ငါးကင်ဝယ်စားလိုက်နှင့် ပျင်းရိနေမိသည်။

ရေထဲကို ဒီတိုင်းကြီးပဲလည်း မဆင်းရဲ။

ဘောကွင်းငှားဖို့ကျတော့လည်း လူကသာ ဘာမှမဟုတ်ပေမယ့် ဂျစ်တစ်တစ် တုံးတိတိ စကားပြောတတ်သော ဟိုင်နဲကလေးနှင့် မျက်နှာချင်းမဆိုင်ချင်။

ညနေရောက်တော့ ပျင်းရိသည့်ဒဏ်ကို ကိုးကိုး မခံနိုင်





တော့ . . .

သောင်ပြင်ကို လမ်းလျှောက်ထွက်မိတော့သည်။

ဆည်းဆာရိပ်မှာ သဲမြေမှုန့်က ငွေရောင်လက်နေ၏။

လည်သာနုကြိုးသိုင်း Slipper (ဖိနပ်အပါး) လေးကို ချွတ်ကာ လက်မှကိုင်ပြီး သဲမြေပေါ် ကလေးတစ်ယောက်လို လွတ်လွတ်လပ်လပ် ခြေဗလာနှင့် လျှောက်မိသည်။

နေပူရှိန်ပါးပါးကလေး ကျန်သေးသော သဲမြေမှုန့်၏ ရှငှာတနိုင်ခြင်းကို ကိုးကိုး၏ခြေဖဝါးတော်နုနုက မခံနိုင်။

ကိုးကိုးက နှုတ်ခမ်းကခဲလေးကိုက်ကာ ခြေဖျားထောက် ပြေးမိသည်။

မနေ့က ဘောကွင်းများ စီထပ်ထားရာနေရာ ရောက်တော့ ဘာဖြစ်လို့ မျက်နက်ဝန်းကို ထောင့်ကပ်ကာ တစ်စုံတစ်ယောက်ကို ဖွေရှာမိမှန်း မသိ။

ဘောကွင်းများလည်း မတွေ့ရ။

လူလည်း အရိပ်အယောင်မျှ မတွေ့ရ။

ကြေနတော့ ဘောကွင်းတွေသိမ်းသွားပြီ ထင်ပါရဲ့။

ကိုးကိုးသည် သူ့ကို ရှာဖွေမိသလိုလိုဖြစ်နေမိရင်းမှ ကောင်မလေးတစ်ယောက် မြင်းစီးတာမြင်ရလျှင် မြင်းစီးချင်စိတ် တဖွားဖွားပေါ်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ... မြင်း ဘယ်ကငှားလာတာလဲ"

"ဟိုးနားက အစ်ကိုကြီးတစ်ယောက်ဆီက"

"ညီမလေးစီးပြီးရင် မမလည်း စီးချင်လို့"

"ဟုတ် ... စီးလေ မမ၊ အရမ်းစီးလို့ ကောင်းတယ်၊ မြင်းလေးက လိမ္မာတယ်၊ ယဉ်လည်းယဉ်တယ်၊ လူစကားလည်း နားလည်တယ်၊ သမီးပြောတာ နားထောင်တယ် ... သိလား"

"အယ် ... တကယ်လား"

ကလေးမလေးက သွက်သွက်လက်လက်နှင့် မြင်းကို အမွှမ်းတင်နေတော့ ကိုးကိုးမှာ မြင်းစီးချင်စိတ် ပိုပြီးရှန်းကြွလာတော့သည်။

"မမ အရမ်းစီးချင်နေပြီမို့လား ... သမီးသိတာပေါ့၊ သမီးက စီးလို့ဝ,ပါပြီ ... ဆင်းပေးမယ်နော်၊ ခဏလေး ... ကိုယ့်ဘာသာ မဆင်းတတ်လို့၊ ဩော် ... ဟိုမှာ ဟိုမှာ ... ဟိုအစ်ကိုကြီး လာပြီ၊ ဒီမြင်းရဲ့သခင် အစ်ကိုကြီးလေ"

ကလေးမလေး မေးငေါ့ပြရာဆီ ကိုးကိုး လှည့်ကြည့်လိုက်မိသည်။

ဘုရားရေ ...

သူ ...

ပင်လယ် ...



ဒါဟာ တကယ်ပဲ ရှိုးသားတဲ့ တိုက်ဆိုင်မှုတဲ့လား။

သူ့ အနားသို့ရောက်လာလျှင် ကိုးကိုးမှာ မအောင့်အည်းနိုင်တော့ဘဲ ...

"ဒါ ရှင့်မြင်းလား" လို့ မြင်းကို လက်ညှိုးလေးထိုးကာ တအံ့တဩ မေးမိသည်။

"ဗျာ ... အထင်ကြီးလှချည်လား၊ မြင်းတစ်ကောင် တန်ဖိုး နည်းတယ်ထင်လို့လား၊ မြင်းဝယ်နိုင်လောက်အောင် မချမ်းသာသေးပါဘူးဗျာ"

"ဒါဆို ဒီမြင်းက"

"သူများမြင်းပါ ... ကျွန်တော် ငှားထားတာ"

"အစ်ကို ... သမီးကို မြင်းပေါ်က ချပေးပါ၊ ဒီမမက လည်း စီးချင်လို့တဲ့"

ကလေးမလေးက စကားဖြတ်ကာ ဝင်ပြောသည်။

ကိုးကိုးသည် ဆုံနိုင်လွန်းသောရေစက်ကိုလည်း ဆန်းကြယ်ရင်း သူ့မြင်းမှန်းသိသိကြီးနှင့် စီးရမှာကိုလည်း မလုံမလဲ ဖြစ်သလိုလို ဘာလိုလိုလည်း ဖြစ်နေမိသည်။

"အေးအေး ... လာ သမီး ... အစ်ကို ချီပေးမယ်၊ မကြောက်နဲ့နော်"

သူက ကလေးမလေးကို မြင်းပေါ်မှ ဂရုတစိုက် ချီချပေး

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကျေးဇူးပဲနော် အစ်ကို ... ဂွဒ်လပ် (Good Luck)"

အသွက်လွန်သော ကောင်မလေးမှာ ကိုးကိုးကို မျက်စိတစ်ဖက်မှိတ်ပြပြီး သူ့ကိုတော့ လက်နှစ်ချောင်းထောင်ပြကာ ပြေးထွက်သွားသည်။

ကိုးကိုးမှာ မျက်နှာပူရှိန်းကာ သူ့လို ဘာမှမဟုတ်တဲ့ ပင်လယ်သား အလုပ်ကြမ်းသမားတစ်ယောက်နှင့် အစ,ခံလိုက်ရသဖြင့် အောင့်သက်သက်လည်း ဖြစ်သွားရသည်။

"ကဲ ... ခင်ဗျားက စီးမယ်ဆို ... မြင်းပေါ်တက်လေ၊ ခင်ဗျားကိုတော့ ချီမတင်ပေးနိုင်ဘူးနော်"

"မလိုပါဘူး ... ရှင့်မြင်းက ဘယ်လောက်မြင့်လို့လဲ၊ ကျွန်မဘာသာ ရအောင်တက်နိုင်တယ် ... မယုံ ကြည့်လိုက်"

သူက ယောက်ျားတန်မဲ့ အပေါ်စီးမှ ရင့်ကျော်ကာ အသားယူပြောလေလျှင် ကိုးကိုးမှာ အတော်လေး မခံချင်ဖြစ်သွားရသည်။

သူက နံဘေးမှ လက်ပိုက်ရပ်ကာ စောင့်ကြည့်လေသည်။

ကိုးကိုးမှာ ပိုအခံရခက်သွားပြီး မြင်းပေါ် လွှားခနဲ ခုန်တက်ဖို့ ကြိုးစားလိုက်သည်။



တကယ်တမ်းမှာတော့ စိတ်ကူးထဲကအတိုင်း လွှားခနဲ ဖြစ်ဖို့နေနေသာသာ ... ကျောပေါ်လက်တင်ရုံရှိသေး မြင်းက လှုပ်လေလျှင် ကိုးကိုးရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။

ပြီးတော့ ...

ချောင်းသာရောက်မှ မြင်းတွေ့လို့သာ မြင်းစီးချင်စိတ်ပေါ်လာဖူးတာ ရှိသည်။

တစ်ခါမှ မြင်းကို အနီးကပ်တောင် မမြင်ဖူးသည်မို့ ကိုးကိုးမှာ မြင်းပေါ် ခဲခဲယဉ်းယဉ်း တက်ရပါသည်။

ခြေနင်းကွင်းပေါ် ခြေတစ်ဖက်တင်ပြီး စွပ်လိုက်ကတည်းက နောက်ခြေတစ်ဖက်ကို ဘယ်လိုမှ ထောက်ပြီး တက်မရတော့ ...

နောက်ဆုံး ...

မတတ်သာတော့သည့်အဆုံး သူ့ပခုံးကို အားပြုမှီရပ်ပြီး မြင်းပေါ်တက်ရပါတော့သည်။

"ဆောရီးပဲနော် ... မတတ်သာလွန်းလို့ ရှင့်အသားကိုင်ရတာ"

"ကျွန်တော်ကလည်း ဆောရီးပါပဲ ... ရင်ခုန်လိမ့်မယ်မထင်ပါနဲ့"

ကြည့်စမ်း ...

www.burmeseclassic.com

www.burmeseclassic.com



စကားပြောပုံက ကျောလိုက်တာ။

ဘဝနှင့်တောင် မတန်သည်မို့ ကိုးကိုး အတော်လေး အံ့သြသွားရသည်။

"လူပါးဝလိုက်တာ"

ကိုးကိုးက ခပ်တိုးတိုးပေမယ့် သူကြားသာရုံ ရေရွတ်လိုက်သည်။

"လူပဲ လူပါးဝမှာပေါ့ ... ဘာလဲ လူပါးဝခွင့်ဆိုတာ ပိုက်ဆံနဲ့ ခွဲခြားတိုင်းတာလို့ ရလို့လား"

"ဩော် ... စွာလည်း စွာတတ်တယ်နော်"

ကိုးကိုးက ခနဲ့ပေးလိုက်သည်။

ဒီတစ်ခါတော့ သူ ပါးစပ်ပိတ်သွားတော့သည်။

သူက မြင်းကိုဆွဲ၍ တစ်လှမ်းချင်း လှမ်းလေရာ ကြာတော့ ကိုးကိုးမှာ တစ်ယောက်တည်း ပျင်းလာမိတော့သည်။

မိန်းကလေးပီပီ စပ်စုချင်စိတ်က ခေါင်းပြူလာကာ ...

"ရှင် အတော်လောဘကြီးတယ်နော် ... ဘောကွင်းလည်း ငှားတယ်၊ မြင်းလည်း ငှားတယ်"

"ကိုယ်ပိုင်အရင်းအနှီးမရှိတော့လည်း ဟိုစပ်စပ် ဒီစပ်စပ် လျှောက်လုပ်ရတာပါပဲ ... လောဘကြီးနိုင်လွန်းမှ ထမင်းနပ်မှန်မှာလေ"





ဘဝဆန်လွန်းသော ဒဿနလေးတစ်ခုကို ကြားလိုက်ရသဖြင့် ကိုးကိုး တစ်မျိုးလေး ဖြစ်သွားရသည်။ ထမင်းကို ဝတ္တရား ကျေရုံလိုသာ စားခဲ့ဖူးသော၊ တန်ဖိုးထားရကောင်းမှန်းမသိသော ကိုးကိုး ကိုယ့်ကိုယ်ကိုယ် ရှက်သလိုလိုလေး ဖြစ်သွားရသည်။

"ဒါနဲ့ ... ရှင့်နာမည်ကလည်း အဆန်းနော်၊ အဲဒီ ပင်လယ်ဆိုတဲ့နာမည် ဘယ်သူပေးခဲ့တာလဲ ... ရာဇဝင်လေးတော့ ရှိမှာပေါ့"

ကိုးကိုးက စပ်စုလက်စနှင့် မထူးတော့ ...

သူ့ ဆန်းကြယ်နိုင်လွန်းသော နာမည်ကိုပါ တစ်လက်စတည်း စပ်စုပစ်လိုက်သည်။

"တကယ်တော့ ပင်လယ်ဆိုတဲ့နာမည်က မဆန်းကြယ်ပါဘူးဗျာ ... သဘာဝဆန်လွန်းလို့ ခင်ဗျားအတွက် စိမ်းနေတာပါ"

"ရှင်ပြောပုံက ကျွန်မက သဘာဝအပြင်ဘက် ရောက်နေလို့လား"

"ခင်ဗျားတို့လို ငွေကြေးတတ်နိုင်တဲ့လူတွေက သဘာဝမဟုတ်တာတွေအားလုံးကို ငွေကြေးနဲ့ ဖန်တီးလို့ရတယ်လေ၊ လေတောင် အတုလုပ်လို့ ရတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မနဲ့ ရန်ဖြစ်ချင်နေတာလား ... ရှင့်စကားတွေက ဗလာချိုကြီး တိုက်ခိုက်နေတာပဲ"

ကိုးကိုး သူ့ကို ခပ်စူးစူးလေး ကြည့်ပစ်လိုက်သည်။

အဲဒီတော့မှ သူက မထီတရီလေး ပြုံးကာ ...

"ခင်ဗျား စိတ်ဝင်စားတယ်ဆိုရင်လည်း ကျွန်တော့်နာမည်အကြောင်း ပြောပြပါ့မယ် ... ဒါပေမဲ့ ခင်ဗျားအတွက် ပျော်ရွှင်မှုတော့ ပေးနိုင်မှာမဟုတ်ဘူး"

သူ့အသံမှာ တိုးဖျော့သွားသည်။

ညိုမှောင်သော မျက်လုံးများက အဝေးကို ကြည့်နေရင်းမှ သူ ငြိမ်သက်သွားတာကို ကိုးကိုး သတိပြုလိုက်မိသည်။

"ကျွန်တော်က တကယ်တော့ လာခြင်းမကောင်းခဲ့တဲ့ကောင်ပါဗျ ... မွေးကတည်းက ကံဆိုးခြင်းတွေကိုသာ သယ်ဆောင်လာခဲ့တဲ့ သူပါ"

"ဘယ်လို"

"ကျွန်တော့်ကိုမွေးတဲ့နေ့မှာ ကျွန်တော့်အဖေဟာ ပင်လယ်ထဲ ငါးဖမ်းထွက်ရာကနေ မုန်တိုင်းမိပြီး ပြန်မလာတော့ဘူးလေ"

"အို"

"အဲဒါကြောင့် အမေက ကျွန်တော့်ကို ပင်လယ်လို့





အမှတ်တရ ပေးခဲ့တာ ... တဲ့၊ ကောင်းသော အမှတ်တရတော့ မဟုတ်ခဲ့ဘူးပေါ့လေ"

"ဆောရီးပဲ ပင်လယ်ရယ် ... ကျွန်မ,မေးမိတာ မှားပြီထင်ပါရဲ့၊ ဟို ... ဒါနဲ့ ရှင့်အမေကရော အခု ဘာလုပ်နေလဲဟင်"

"အမေလား ... အဖေမရှိတော့တဲ့ ကျွန်တော့်ကို ပင်ပင်ပန်းပန်း ရှန်းကန်ရှာဖွေရင်းနဲ့ပဲ ..."

ကိုးကိုးက သူ့မျက်နှာကို အလန့်တကြား ကြည့်လိုက်မိသည်။

"အမေလည်း ဆုံးသွားပါပြီ"

"အိုး ... ပင်လယ်ရယ်"

ညှိုးကျသွားသော သူ့မျက်နှာကို ကြည့်ပြီး ကိုးကိုးရင်ထဲဆို့နင့်သွားရသည်။

"ဆောရီးပဲ ပင်လယ်ရယ် ... ကိုးကိုး တောင်းပန်ပါတယ်နော်၊ ရှင် စိတ်ထိခိုက်သွားလားဟင်၊ အို ... စိတ်ထိခိုက်သွားမှာ သေချာပါတယ် ... ကိုးကိုး မှားသွားတယ်"

ကိုးကိုးသည် ရုတ်ခြည်းပင် စာနာတတ်သော နှလုံးသားဖြင့် နူးညံ့ပျော့ပျောင်းသွားရကာ သူ့ကို တောင်းပန်မိသည်။

"ခင်ဗျားလည်း စိတ်ညစ်သွားရပြီ ထင်ပါရဲ့၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော့်နာမည်က စိတ်ဝင်စားစရာလည်း မရှိပါဘူးဗျာ၊ ပင်လယ်ဆိုတာ အရှိန်းဆန်ပြီး မုန်တိုင်းတွေကို မျိုချထားတဲ့ သတ္တဝါပါ''

သူ့အသံမှာ ဖျော့လျနေသည်။

ကိုးကိုးက သူ့ကို ပထမဆုံးအကြိမ် သနားနေမိသည်။

ဘဝမှာ တစ်ယောက်တည်းရုန်းကန်ပြီး သူ ဘယ်လိုများနေရှာမှာပါလိမ့်။

''ကဲ ... တော်ပါပြီ ပင်လယ်ရယ်၊ ကိုးကိုး မြင်းလည်းမစီးချင်တော့ပါဘူး ... အေးအေးဆေးဆေးထိုင်ပြီး စကားပြောကြရအောင်နော်''

သူ အင်းမလုပ် အဲမလုပ် ...။

ကိုးကိုးက သူ့ပခုံးကို အားပြုလက်ထောက်ပြီး မြင်းပေါ်မှ ဆင်းလိုက်သည်။

ကိုးကိုးမှာ သူ့ရဲ့ကြေကွဲဖွယ်အတိတ်ကို ဖော်ထုတ်လိုက်သလို ဖြစ်သွားရသော ကိုယ့်အမှားကြောင့် သူ စိတ်ပြေလက်ပျောက်ဖြစ်အောင် ပြန်နှစ်သိမ့်ပေးဖို့ ကိုယ့်မှာ တာဝန်ရှိတယ်လို့ယူဆလိုက်မိသည်။

''ခင်ဗျားနာမည်က ကိုးကိုးတဲ့လား ... ခုန ခင်ဗျားစကားထဲ ထည့်ပြောတာ ကြားလိုက်မိသလိုပဲ''



ကိုးကိုးက မချိတင်ကဲလေး ပြုံးလိုက်မိသည်။

''တို့နာမည်ကရော မဆန်းဘူးလား ပင်လယ်''

အဓိပ္ပာယ်ပါသောမေးခွန်းမို့ သူ မျက်မှောင်ကြုတ်သွားပါသည်။

''ကိုးကိုးဆိုတာ တို့မေမေရဲ့ဘဝမှာ အမှတ်တရတဲ့လေ။ တို့မေမေရဲ့မွေးနေ့က ကိုးရက် ကိုးလလေ''

သူ့မျက်လုံးများထဲ စိတ်ဝင်စားမှု အရိပ်အယောင်များ တဖျပ်ဖျပ် တောက်ပလာသည်။

ကိုးကိုးကတော့ မချိတင်ကဲ ဝေဒနာပြုံးကလေးနှင့် ဆက်ပြောပြနေမိသည်။

''မေမေ့ရဲ့ ကိုးရက် ကိုးလဖြစ်တဲ့ တစ်ခုသောမွေးနေ့မှာ ကြေကွဲစရာ အကောင်းဆုံး၊ နာကြည်းစရာ အကောင်းဆုံး အဖြစ်အပျက်တစ်ခုနဲ့ ရင်ဆိုင်ခဲ့ရတယ်တဲ့ ... ပြီးတော့''

ကိုးကိုးက ကိုယ့်ဘဝကို ဘာဖြစ်လို့ သူ့ကို တစ်စွန်းတစ်စ ယုံယုံကြည်ကြည် ပြောပြချင်နေမိတာ ဘာကြောင့်များပါလိမ့်''

''နောက်ထပ် မေမေ့ဘဝမှာ ခါးခါးသီးသီး ကျူးလွန်ခဲ့မိတဲ့ လုပ်ရပ်ကလည်း ကိုးရက် ကိုးလမှာ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ခဲ့ရတယ်တဲ့''

www.burmeseclassic.com

www.burmeseclassic.com



"ခြေဘ်"

သူက သက်ပြင်းတစ်ရှိုက်နဲ့ ရေရွတ်သည်။

"ကိုးကိုးနာမည်ကလည်း ခါးသီးမှုတွေနဲ့ပါပဲ ပင်လယ်ရယ်၊ ပြီးတော့ ကိုးကိုးမှာလည်း ဖေဖေ မရှိတော့ဘူး ... ကိုးကိုး ငယ်ငယ်လေးကတည်းက ဆုံးသွားတာ"

သူ့မျက်လုံးများထဲ အကြီးအကျယ် အုံ့ဩသော အရိပ်အယောင်များ ယှက်သန်းသွားသည်။

"ငွေကြေးပြည့်စုံတိုင်းလည်း စိတ်ချမ်းသာလိမ့်မယ် မထင်ပါနဲ့ ပင်လယ်ရယ်၊ မေမေက ကိုးကိုးကို လိုလေသေးမရှိအောင် ထားတယ်၊ ဖူးဖူးမှုတ် ချစ်တယ် ... ဒါပေမဲ့လည်း ကိုးကိုး ငယ်ငယ်ကတည်းက ဖေဖေနဲ့မေမေရန်ပွဲကြောင့် အမြဲ ငိုခဲ့ရတယ်၊ အခု ဖေဖေမရှိတော့လည်း ကိုးကိုး ဖေဖေ့ကို အမြဲ သတိရတယ်၊ ဖေဖေကလေ မျက်နှာမှာ သေရာပါဒဏ်ရာကြီးတွေနဲ့ သိပ်ရုပ်ဆိုးပါတယ်။ အဲ ... အဲ့ဒီ ဒဏ်ရာတွေကလည်း"

သူက စိတ်ဝင်တစားနားထောင်ဆဲ ကိုးကိုးသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်မိကာ ...

"တော်ပါပြီ ပင်လယ်ရယ် ... ကိုးကိုး ဆက်မပြောချင်တော့ဘူး၊ ကိုးကိုးရဲ့ကလေးဘဝကလည်း သိပ်ခါးသီးပါတယ်"



ကိုးကိုးက စကားစကို ရပ်လိုက်သည်။

မျက်ဝန်းအိမ်ထောင့်ဆီမှာ နွေးခနဲ အသိ ...

အို ...

ကိုးကိုး မျက်ရည်ကျမိသွားပါလား။

"ကိုးကိုး ... ကျွန်တော် သုတ်ပေးမယ်နော်"

သူက လက်ညှိုးကွေးကလေးနှင့် ကိုးကိုးပါးပြင်ပေါ်မှ မျက်ရည်စများကို သုတ်ပေးဖို့ ဟန်ပြင်လေလျှင် ...

"ရှင် ... ဒါ ဘာလုပ်တာလဲ"

ကိုးကိုးက သူ့လက်ကို ပုတ်ခါပစ်ကာ ဝုန်းခနဲ ထ,ရပ်လိုက်သည်။

"ဘာ ... ဘာဖြစ်လို့လဲဟင် ကိုးကိုး ... ကိုးကိုး မျက်ရည်ကျလို့ ကျွန်တော် မျက်ရည်သုတ်ပေးမလို့ပါ၊ ဘာဖြစ်လို့လဲ ကိုးကိုးရယ် ... ဟင်"

ချက်ချင်းပင် မယုံသင်္ကာရိပ်များ၊ ဒေါသများဖြင့် စူးရှတောက်ပြောင်နေသော မျက်လုံးများနှင့် ပြောင်းလဲသွားသော ကိုးကိုးကို ကြည့်ပြီး သူ အံ့အားသင့်ကြီးသင့်ကာ နားမလည်နိုင် ဖြစ်သွားရသည်။

"ရှင်တို့ယောက်ျားတွေဟာ အတူတူပဲ ... အခွင့်အရေးသမားတွေချည်းပဲ၊ သနားလို့ မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... ခင်ဗျားကို ဘယ်သူက သနားခိုင်းခဲ့မိလို့လဲ၊ ကျွန်တော့်ကို သနားပါလို့ ခင်ဗျားဆီမှာ တောင်းဆိုမိခဲ့လို့လား"

သူက မှန်တယ်ထင်လျှင် နည်းနည်းကလေးမှ ခေါင်းငုံ့မခံတတ်သော ယောကျ်ားတည်း။

"ခင်ဗျား မျက်ရည်ကျတာတွေ့လို့ မျက်ရည်သုတ်ပေးဖို့ ကြိုးစားမိတာကရော အခွင့်အရေး ယူတာလား၊ ခင်ဗျားမျက်ရည်ကို သုတ်ပေးဖို့ရွယ်လိုက်တဲ့ ကျွန်တော့်လက်ထဲမှာ ဘာတဏှာမှ မပါဘူး၊ ခင်ဗျားကို ကျွန်တော် သနားသနားကလေး မျက်ရည်သုတ်ပေးတာ၊ အဲဒါကို ခင်ဗျား အထင်လွဲတယ်ဆိုရင်တော့ ဖြစ်ချင်းဖြစ် ခင်ဗျားစိတ်က မသန့်ရှင်းလို့ဘဲ ဖြစ်ရမယ်"

"ဘာ ... ဘာပြောတယ်"

ကိုးကိုး ယမ်းပုံမီးကျ ဆွေ့ဆွေ့ခုန်သွားရဆဲ ...

သူက စကားကို အနိုင်ပိုင်းပြောကာ မြင်းပေါ် လွှားခနဲခုန်တက်ပြီး ထွက်သွားချေပြီ။

"ဟော့ ... ရှင် မသွားရဘူး ... ခုချက်ချင်း ပြန်လှည့်လာ ခဲ့"

ကိုးကိုး သူ့နောက်ကျောကို ကြည့်ကာ ဒေါသတကြီး အော်ဟစ်နေမိသည်။ သူကတော့ အေးဆေးစွာပင် ထွက်သွားချေပြီ။ ကိုးကိုးကို တစ်ချက်ကလေးမှပင် လှည့်မကြည့်။





"အံလကားလူ ... သတ္တိမရှိတဲ့လူ၊ ထွက်ပြေးတာ ယောကျ်ားမဟုတ်ဘူးကွ ... ရှင်ဆိုင်ရဲမှ ယောကျ်ား၊ စကားအနိုင်ပိုင်းပြီး ထွက်ပြေးတာ ပုန်းရည်ကြီး"

ကိုယ့်စိတ်ကို မသန့်ရှင်းဘူးလို့ အစွပ်စွဲခံလိုက်ရသောကြောင့် ဒေါသူပုန်ထ,ရတာရော ...

ပြန်မချေပလိုက်ရဘဲ တစ်ဖက်သတ် ခံလိုက်ရသည်မို့ ကြိတ်မနိုင် ခဲမရလည်း ဖြစ်ကာ ...

ကိုးကိုး သောင်ပြင်ပေါ်မှာ တစ်ယောက်တည်း လက်သီးသက်မောင်းတန်း အော်ဟစ်ကာ ကျန်ရစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

**အချစ်၏ စတုတ္ထနေ့စွဲ ...**

**"အဖြူရောင်မုန်တိုင်း"**

သူနှင့်ပတ်သက်ပြီး သနားရ၊ စိတ်ဆိုးရ၊ အံ့သြရနှင့် ခံစားချက်မျိုးစုံ ခံစားရလေသည်မို့ ကိုးကိုးသည် သူ့ကို ထပ်ကို မတွေ့ချင်တော့။

ဘာပဲဖြစ်ဖြစ် ... ချောင်းသာမှာ နေသရွေ့တော့ သူနဲ့ မဆုံချင်လည်း ဆုံရဦးမှာပင်။ အတတ်နိုင်ဆုံးတော့ ရှောင်ရမည်။

ဘောကွင်းလည်း မစီးဘူး။

မြင်းလည်း မစီးတော့ဘူး။ တော်ပြီ ...။

ဒီနေ့တော့ ကိုးကိုးက ပင်လယ်ထဲ စက်လှေစီးထွက်ရ



ကောင်းမလား စိတ်ကူးမိသည်။

ပင်လယ်က ဘယ်လောက်များ ကျယ်ပြောခမ်းနားသလဲ ...။ ကိုးကိုး သိချင်လှပါသည်။

ကိုးကိုးက မျက်မှန်းတန်း ခင်မင်မိသော ဈေးသည် အစ်မကြီးတစ်ယောက်ကို အကူအညီတောင်းမိသည်။

"အစ်မ ... စက်လှေတစ်စင်းလောက် စီးလုံးငှားစီးချင်တယ် ... အဲဒါ စိတ်ချရမယ့် စက်လှေမောင်းသမား ရှာပေးပါလား၊ ဟိုလေ ... ကျွန်မတစ်ယောက်တည်း လွတ်လွတ်သပ်လပ်၊ အေးအေးဆေးဆေးလေး စီးချင်လို့ ... ယုံကြည်ရမယ့်လူ လိုချင်တယ်"

"အေး အေး ... ညီမအတွက် ယုံကြည်ပြီး စက်လှေမောင်းလည်း ကျွမ်းကျင်မယ့်လူ အစ်မ ရှာပေးမယ်၊ အင်း ... နေဦး ... ရှိတယ် ရှိတယ် ... လာ ... အစ်မနဲ့ တစ်ခါတည်း လိုက်ခဲ့"

ကိုးကိုးက ထိုအစ်မကြီးနောက် လိုက်သွားခဲ့ရသည်။ စက်လှေထားရာ နေရာသို့ရောက်လျှင် ...

"အဲဒီစက်လှေပဲ၊ ကောင်လေး ဘယ်ရောက်နေပါလိမ့်"

အစ်မကြီးက ဟိုဟိုသည်သည် ရှာဖွေဆဲ ...

"အစ်မတင်ထွေး ... ဘာရှာနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်ဆီမှ ထွက်ပေါ်လာသောအသံကြောင့် ကိုးကိုးသည် ခေါင်းလေး ချာခနဲလည့်အောင် လှည့်ကြည့်လိုက်မိသည်။

"နင့်ကို ရှာနေတာဟဲ့ ပင်လယ်ရဲ့၊ ဒီမှာလေ ... ဒီက ညီမက စက်လှေ စီးလုံးငှားစီးချင်လို့တဲ့၊ နင် စက်လှေထွက်မှာ မို့လား"

"ထွက်မှာပေါ့၊ သေချာအောင်လည်း မေးကြည့်ပါဦးဗျာ ... ကျွန်တော့်ကိုရော ယုံကြည်ရဲ့လား, စိတ်ချရဲ့လားလို့၊ တော်ကြာ ပင်လယ်ထဲကျမှ ပြဿနာတက်နေပါ့မယ်"

သူပြောပုံမှာ ခနိုးခနဲ့ ...။

အစ်မကြီးက မသိပေမယ့် မနေ့က သောင်ပြင်မှာ မျက်ရည်သုတ်ပေးတဲ့ အဖြစ်အပျက်ကို ရည်ရွယ်ပြီး ခနဲ့လိုက်တာကို သိသော ကိုးကိုးကတော့ ရင်ထဲ နီးလုခုလုဖြစ်သွားရသည်။

"ဟယ် ... အပိုတွေ မပြောစမ်းနဲ့၊ ဒီက ညီမက တကယ်ထင်ပြီး စိတ်အနှောင့်အယှက် ဖြစ်သွားပါဦးမယ်၊ နင့်အကြောင်း ငါတို့အသိဆုံးပါ ... နင့်လောက် ယုံရတဲ့သူ မရှိတော့ဘူး၊ ကဲ ညီမ ... သူပြောတာတွေ ခေါင်းထဲထည့်မနေနဲ့ ... သိလား ... ဒီကောင်က အနောက်သန်တယ်၊ သူ့စက်လှေနဲ့ပဲ သွား"





ကိုးကိုးသည် သူနဲ့ဆိုလျှင်တော့ စက်လှေမစီးတော့ဘူးလို့ ငြင်းရန် စဉ်းစားမိပြီးမှ ...

သတ္တိကြောင်ပြီး နောက်ဆုတ်တယ်လည်း အပြောခံရမှာစိုးတာကြောင့် ခပ်မဆိတ်ပင် ရုပ်တည်ကလေးနှင့် စက်လှေထဲ ဆင်းထိုင်နေလိုက်သည်။

"တကယ် သွားမှာလား"

"သွားမှာပေါ့၊ သွားမလို့ ဒီမှာ ထိုင်နေပြီပဲ ... မမြင်ဘူးလား"

သူ စက်လှေကို မောင်းထွက်ရင်း ပခုံးတွန့်လိုက်တာကို ကိုးကိုးက မျက်ဝန်းထောင့်မှနေ ရိပ်ခနဲ လှမ်းမြင်လိုက်ရသည်။

ဒီနေ့တော့ ကွန်မန်ဒိုစစ်သားတွေလို ချိုင်းပြတ်စွပ်ကျယ်အကျႌ၊ ကွန်မန်ဒိုဘောင်းဘီတိုကို ဝတ်ထားရာ ကျစ်လျစ် ကာ ဖုထစ်လုံးကြွနေသော သူ့ပခုံးသားများနှင့် လက်မောင်း များမှာ ပေါ်လွင်ထင်ရှားနေသည်။

"ကဲ ... ဘယ်သွားမှာလဲ ... ပြောပါဦး"

"ဘယ်သိမှာလဲ ... ကျွန်မမှ တစ်ခါမှ မသွားဖူးတာ၊ စက်လှေစီးချင်လို့"

"အံ့ပါရဲ့ဗျာ ... ပင်လယ်က အကျယ်ကြီးဟာကို ... ခဏနေ ခင်ဗျားပျင်းသွားမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... မပျင်းသေးဘူး ... ရှင်သာ ဆီကုန်အောင် မောင်းစမ်းပါ"

ကိုးကိုးနှင့်သူ တစ်ယောက်ကိုတစ်ယောက် စိန်ခေါ်သလို စိုက်ကြည့်လိုက်မိကြသည်။

သူကပဲ အရင်အကြည့်လွှဲသွားလေလျှင် ကိုးကိုးက အောင်နိုင်သူတစ်ယောက်လို ပြုံးလိုက်မိသည်။

"ဒါနဲ့ ... ရှင် ချောင်းသာမှာ ရှိသမျှအလုပ် အကုန်ကန်ထရိုက် ဆွဲထားသလား ... ဟင်၊ ဘောကွင်းငှားလည်း ရှင်နဲ့ဆုံရတယ်၊ မြင်းစီးတော့လည်း မလွတ်ဘူး၊ ခု ရှင်က စက်လှေလည်း မောင်းသေးတယ်ဆိုတော့ ကျွန်မဖြင့် ရှင့်လောဘကို ကြောက်တောင်လာပြီ"

"ဘဝရပ်တည်မှုအတွက် အဆင်ပြေသလို ကြုံရာကျပန်း လုပ်ကိုင်စားရတာပဲဗျ ... လောဘတော့ မဟုတ်ပါဘူး"

ကိုးကိုးမှာ သူ့ကိုတွေ့လျှင် စကားမစဘဲ၊ မစပ်စုဘဲလည်း မနေနိုင်။ ဘာရယ်မဟုတ်ဘဲ အပျင်းပြေစကားများ လျှောက်ပြောဆဲ ...

ကောင်းကင်မှာ တဖြည်းဖြည်းနှင့် အရောင်ပြောင်းလာကာ သတိပြုလိုက်မိသည်။

"ဘာဖြစ်တာလဲဟင် ပင်လယ် ... ကောင်းကင်ကြီးက





နီလာတယ် နော်"

"ရာသီဥတုအခြေအနေ မကောင်းဘူး"

သူ့ခပ်ပြတ်ပြတ် ပြန်ဖြေသံအဆုံးမှာ ကိုးကိုးသည် ဘုရားတမိလျက် အကြီးအကျယ် တုန်လှုပ်သွားရတော့သည်။

"ဟင် ... ရှင် အစောကြီးထဲက မသိဘူးလား ... ဒေသခံတစ်ယောက်လုံး ဖြစ်နေပြီးတော့"

ကိုးကိုးမှာ ကယောင်ချောက်ချားနှင့် သူ့ကို အပြစ်တင်နေမိသည်။

"မုန်တိုင်းဆိုတာ ဝါရင့်ပင်လယ်သားကြီးတွေတောင် အလစ်ခံရတတ်သေးတာပဲ"

"ဘာ ... မုန်တိုင်း၊ ဒါ မုန်တိုင်း ... ဟုတ်လား၊ ဘုရားရေ ... ဘယ်လိုလုပ်မလဲဟင် ပင်လယ် ... ကျွန်မ ... ကျွန်မ သေရတော့မှာလားဟင်"

မုန်တိုင်းဆိုသော နာမည်ကြားလိုက်ရသည်နှင့် ကိုးကိုးမှာ ဆောက်တည်ရာမရ ဖြစ်သွားရတော့သည်။ လေကလည်း ကြောက်ခမန်းလိလိပင် ပြင်းထန်လာတော့သည်။

ကိုးကိုးမှာ ဇက်ကိုပု၍ ငိုမိနေပြီ။

"ပေါက်ကရတွေ လျှောက်မပြောစမ်းနဲ့ ... ကျွန်တော့် စက်လှေကို စီးလာတဲ့အတွက် ခင်ဗျားအသက်ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူတယ်၊ ခင်ဗျား ဘာမှ မဖြစ်စေရဘူး"

"ကျွန်မတို့ ကမ်းကို ဘယ်လို ပြန်ကပ်မှာလဲ"

"ကမ်းကိုတော့ ပြန်ကပ်လို့ မရတော့ဘူး . . . ဒါပေမဲ့ အနီးဆုံးကျွန်းတစ်ကျွန်းကိုတော့ ဝင်ကပ်ပြီး ခိုနေရမှာပဲ"

ပြင်းထန်လှသောလေကို အံတုပြီး သူက ကျွန်းတစ်ကျွန်းကို ကပ်သည်။

"ဒီကျွန်းပေါ်မှာ လူတွေရှိလားဟင် ပင်လယ်"

"အမြဲနေတဲ့လူတော့ ဘယ်ရှိမလဲ . . . တစ်ခါတလေ တော့ ကျွန်တော်တို့လို မုန်တိုင်းလာခိုနေတဲ့လူမျိုးတော့ ရှိမှာပေါ့"

"ဟင် . . . ဘယ်သူမှ မရှိဘူး . . . ဟုတ်လား . . . ဒုက္ခပါပဲ"

ကိုးကိုး ကြောက်စိတ်၊ အားငယ်စိတ်များဖြင့် မျက်နှာ အကြီးအကျယ် ပျက်နေမိသည်။

"ခင်ဗျား စကားမများနဲ့ဗျာ . . . ကျွန်တော့်နောက်က တိတ်တိတ်ကလေး လိုက်ခဲ့"

သူက အမိန့်ပေးလေလျှင် ကိုးကိုးမှာ မခံချင်သော်လည်း ခုနေခါမှာ သူကလွဲပြီး အားကိုးစရာမရှိတော့ပြီမို့ သူ့အမိန့်အတိုင်း သူ့နောက်မှ ပါးစပ်ပိတ်ကာ လိုက်သွားရသည်။

လေကလည်း ပြင်းလှသည်မို့ တဝုန်းဝုန်း တအုန်းအုန်း



အသံများကြားမှ နှစ်ချို့အုန်းပင်ရှည်ကြီးများမှာ ခါးကျိုးလုမတတ် ကိုင်းညွတ်ယိမ်းခါ၍နေသည်။

လူမရှိသော ကျွန်းတစ်ကျွန်းပေါ်မှာ ကိုးကိုးနှင့်သူ နှစ်ယောက်တည်းပါလား။

မုန်တိုင်းကလည်း သွေးပျက်စရာကောင်း၊ ကျွန်းကလည်း မျက်စိထဲ အစိမ်းသက်သက်မို့ ချောက်ချားစရာ ကောင်းရသည့်အထဲ သူ့ကိုပါ မယုံကြည်စိတ်ဖြင့် ကြောက်လာမိရာ ကိုးကိုးမှာ မျက်ရည်သာ တတွေတွေကျနေမိတော့သည်။

"ငိုမနေပါနဲ့ဗျာ . . . ပင်လယ်မှာ မုန်တိုင်းဆိုတာ မွှေစမြဲပါပဲ၊ ခဏနေတော့လည်း ပြီးဆုံးငြိမ်သက်သွားမှာပါ၊ ပြီးရင် သူ မဟုတ်သလို လေပြည်လေးတိုက်ပြလိမ့်မယ်"၊

သူက အနားလာထိုင်ကာ ခပ်တိုးတိုး ရှင်းပြသည်။

ကိုးကိုးမှာ မျက်ရည်များစိုလက်နေသော မျက်ဝန်းများနှင့် သူ့ကို မော့ကြည့်မိသည်။

"ကိုးကိုး . . . ခင်ဗျားငိုရင် သိပ်သနားစရာကောင်းတယ် . . . ကလေးလေး တစ်ယောက်လိုပဲ၊ အဲဒါကြောင့် ကျွန်တော် မျက်ရည်သုတ်ပေးချင်စိတ် ပေါ်ခဲ့မိတာ"

ကိုးကိုး မျက်ရည်များကို စိုက်ငေးနေသော သူ့မျက်လုံးများထဲ အရည်ကြည်များ စိုလဲ့နေသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးကိုးရင်ထဲ ထိတ်ခနဲ ...။

မျက်ရည်များကို ကိုယ့်ဘာသာ ကပျာကယာ သုတ်လိုက်မိသည်။

"မစိုးရိမ်ပါနဲ့ ... ခင်ဗျားကို ဘယ်တော့မှ မျက်ရည်မသုတ်ပေးတော့ဘူး ... ယုံ"

သူ့မျက်လုံးများထဲမှ စိုလဲ့သောအရည်များထဲတွင် ပကတိ အဖြူရောင်သက်သက်ကိုသာ တွေ့မြင်ရသောအခါ ကိုးကိုးစိတ်ထဲ သက်သာရာရသလို ဖြစ်သွားသည်။

သို့သော် ... မယုံရဲသေး။

ယောကျ်ားဆိုတာ အခွင့်အရေးသမားတွေချည်းပဲလို့ မေမေ တစ်သက်လုံး ရိုက်သွင်းပေးခဲ့သော စကားက နားစည်အိမ်မှာ အချက်ပေးခေါင်းလောင်းသဖွယ် ပဲ့တင်ထပ် မြည်ဟည်းနေသည်။

"ဒီမှာ ... ခင်ဗျား ဘာကို စိုးရိမ်နေသလဲဆိုတာ ကျွန်တော်သိတယ်၊ ခင်ဗျားရော ကျွန်တော်ရော နှစ်ယောက်စလုံးဟာ မုန်တိုင်းကြောင့် ဒုက္ခရောက်နေတဲ့သူတွေပါ၊ ခင်ဗျားအတွက် ဒီကျွန်းပေါ်မှာ လုံခြုံတဲ့နေရာတစ်ခု ကျွန်တော် ရှာပေးပါ့မယ်"

"ကျွန်မတို့ ဒီကျွန်းပေါ်မှာ နေရဦးမှာလား ... ရှင်ခုနကပြောတော့ ခဏနေရင် မုန်တိုင်းက ပြီးတော့မှာပါဆို"



"လေငြိမ်တော့မှ စက်လှေက ပြန်မောင်းလို့ရမှာပေါ့၊ ဒါပေမဲ့ ဒီညတော့ ပြန်နိုင်မယ် မထင်ဘူး ... ဒီကျွန်းပေါ်မှာပဲ တစ်ညတော့ ခိုရလိမ့်မယ်"

"ဒီကျွန်းပေါ်မှာ တစ်ညနေရဦးမယ် ... ဟုတ်လား၊ ငုက္ခပါပဲ၊ ကျွန်မ ဗိုက်လည်း အရမ်းဆာနေပြီ၊ ချမ်းလည်း အရမ်းချမ်းတယ်"

ကိုးကိုးသည် ပြောရင်းက သူ့ကို ဆတ်ခနဲ ကျောခိုင်းပစ်လိုက်ကာ သည်းသည်းရှိုက်ရှိုက် ငိုမိပြန်သည်။

မျက်ရည်တွေကို သူ မတွေ့စေရ။

ရှိုက်သံလည်း မထွက်အောင် ကြိုးစားထိန်းချုပ်သော်လည်း တင်းကျပ်ဆို့နစ်သော ရင်က တစ်ခါရှိုက်မိတိုင်း ပခုံးသားလေးများ မြင့်တက်လှုပ်ခါသွားရသည်။

"မငိုပါနဲ့ဗျာ ... လောလောဆယ်တော့ ခင်ဗျားကို အချမ်းသက်သာအောင် လေကွယ်တဲ့ကျောက်ဂူလေးတစ်ခု ကျွန်တော် ရှာပေးပါ့မယ်"

သူ ရှေ့မှ ခြေလှမ်းကျဲကြီးများနှင့် ခပ်သုတ်သုတ် ထွက်သွားပြန်သည်။

"ရှင် ... ရှင် ... ဘယ်သွားမလို့လဲဟင် ... ကျွန်မကို တစ်ယောက်တည်း မထားခဲ့နဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com



ကိုးကိုး သူ့နောက်မှ အပြေးလိုက်မိသည်။

"ဩော် ... ကျောက်ဂူ လိုက်ရှာကြည့်မလို့ပါဆို ... မနေရဲရင် လိုက်ခဲ့ပေါ့"

ကိုးကိုးမှာ ဟိုကြည့်သည်ကြည့်ဖြင့် သူ့နောက် တကောက်ကောက် လိုက်မိပြန်သည်။

"ဟိုမှာ"

ကျောက်ဂူခပ်ကြီးကြီးတစ်ခုကို တွေ့လျှင် ကိုးကိုးက ဝမ်းသာအားရ ညွှန်ပြလိုက်သည်။

သူက ကျောက်ဂူကို ရပ်ကြည့်ဆဲ ကိုးကိုးကတော့ လောလောဆယ် မုန်တိုင်းမှ ခိုလှုံစရာတွေ့ပြီမို့ ကျောက်ဂူဆီ ဝမ်းသာအားရ ပြေးမိသည်။

"ဟိတ် ... နေဦး"

သူက ကိုးကိုးလက်မောင်းကို ဆတ်ခနဲ ဆွဲထားသည်။

ကိုးကိုးမှာ နားမလည်နိုင်စွာ သူ့ကို မော့ကြည့်မိသည်။

"စွတ်ဝင်လို့ ဖြစ်မလားကွ ... အထဲမှာ တောကောင်တွေ ဘာတွေရှိနေရင် ခင်ဗျား ဘယ်လိုလုပ်မလဲ"

ဟုတ်သားပဲ ...။

သူပြောမှ ကိုးကိုး ကြောက်ရကောင်းမှန်း သတိရကာ ချက်ချင်း သူ့နောက် ပြန်ပြေးဝင်မိသည်။



သူက ကျိုးကျနေသော သစ်ကိုင်းတစ်ခုကို ကောက်ကိုင်သည်။ ထို့နောက် မိုးကာသားဖြင့် ချုပ်ထားသော ကျောပိုးအိတ်ထဲမှ လက်နှိပ်ဓာတ်မီးလေးတစ်လက်ကို ထုတ်ယူကာ ကျောက်ဂူတွင်း ထိုးကြည့်ပြီး ဘေးဘက်မှကပ်ကာ ဖြည်းဖြည်းချင်း ဝင်သည်။

အပြင်မှာ အလင်းရောင်သဲ့သဲ့မျှ ရှိသေးသော်လည်း ကျောက်ဂူတွင်းမှာတော့ မှောင်ပိန်းနေသည်။

ပြီးတော့ ညှီစို့စို့အနံ့မျိုးလည်းရသည်မို့ ကိုးကိုး နှာခေါင်းရှုံ့ကာ တွန့်ဆုတ်ဆုတ် ဖြစ်သွားမိသည်။

"ကဲ ... အဝလေးနားတင် နေ၊ မိုးလည်း စဲပြီ၊ လေကွယ်တဲ့နေရာလေးမှာ မီးမွှေးပေးမယ် ... ခင်ဗျား အချမ်းသက်သာအောင်"

သူက စိတ်ချရအောင် ကျောက်တုံးကြီးများ ဆင့်ကာဆင့်ကာ ကွယ်ပြီး ခဲခဲယဉ်းယဉ်း မီးမွှေးသည်။

"တော်သေးတယ်နော် ... ရှင့်မှာ ဓာတ်မီးတို့, မီးခြစ်တို့ ပါလာတာ"

"ကျွန်တော်တို့ ပင်လယ်သားတွေဟာ စက်လှေထွက်ရင် တတ်နိုင်သမျှတော့ ပစ္စည်းအပြည့်အစုံ ထည့်ကြတာပဲ၊ ရေနဲ့ စားစရာပါမလာတဲ့အတွက်တော့ စိတ်မကောင်းပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ... ဘာတတ်နိုင်မှာလဲ"

လေသံပျော့ကလေးနှင့် ပြန်ပြောရင်း ဂူနံရံကို ကိုးကိုး ပျော့ခွေစွာ မှီနေမိသည်။

သူက ကိုးကိုးကို စိတ်မသက်သာသလို ကြည့်သည်။

"ခင်ဗျား ငိုဦးမှာလားဟင်"

စိတ်ပျက်ရသည့်ကြားထဲ ကိုးကိုးမှာ သူ့ကို မျက်စောင်း ထိုးမိသည်။

"ရှင် ... လူကို အလကားနေ ငိုတတ်တဲ့လူစားမျိုးများ ထင်နေသလား"

"မထင်ပါဘူးဗျာ ... ဆောရီး ... ဟဲ ဟဲ"

ဒီလောက် ဒုက္ခတွေ ကြုံတွေ့ရသည့်ကြားက ရယ်နိုင် သေးသော သူ့ကို ကိုးကိုး အံ့သြမိတော့သည်။

"ကျွန်တော် ခင်ဗျားစားဖို့ တစ်ခုခု သွားရှာလိုက်ဦး မယ်"

"ရှင် ဘယ်သွားမှာလဲ ... ကျွန်မတစ်ယောက်တည်း မနေရဲဘူး"

သူ ထ,ရပ်လေလျှင် ကိုးကိုးပါ ကမန်းကတန်း လိုက်ရပ် သည်။

"နေခဲ့ပါ၊ ခင်ဗျား အရမ်းချမ်းနေပြီ ... နှုတ်ခမ်းတွေ



တောင် ပြာနှမ်းနေတာ၊ ဘာမှ မကြောက်နဲ့ ... မကြာပါဘူး၊ အလင်းရောင်လေးရှိတုန်း ရှာမှဖြစ်မှာ၊ ရော့ ... ကြောက်ရင် ဒါ ယူထား"

သူက သစ်ကိုင်းကျိုးကို ကိုးကိုးလက်ထဲ ထည့်သည်။

ကိုးကိုးမှာ သစ်ကိုင်းကျိုးကြီးသာ တင်းတင်းဆုပ်ပြီး သူ ပြန်မလာမချင်း မီးပုံနားမှာ မလှုပ်ရဲ။

ဒူးနှစ်ဖက်ကို တုပ်ပြီး ခေါင်းပုနေမိသည်။

သိပ်မကြာလိုက် ...

အုန်းသီးအကြွေတွေကိုင်ပြီး သူ ပြန်ရောက်လာသည်။

ကိုးကိုးမှာ ...

ကိုးကိုးမှာ သူ့ကိုမြင်သည်နှင့် ကလေးတစ်ယောက်လို ဟန်မဆောင်နိုင်တော့ဘဲ ပြေးကြိုမိသည်။

"အုန်းသီးပဲ တွေ့ခဲ့တယ်ဗျ၊ ခင်ဗျားတော့ ကံဆိုးတာပဲ"

"ရပါတယ် ... ဘာတတ်နိုင်မှာလဲ"

"ရပါတယ်သာဆိုတယ် ခင်ဗျားအသံကလည်း အား ပျော့လိုက်တာ"

သူက အပြုံးတစ်ဝက်နှင့် ရွှတ်နောက်ပြန်သည်။

"အုန်းရည်သောက်ရလည်း ရေငတ်ပြေတာပဲ ... ကျွန်မ ရောင့်ရဲနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတောင် Life ဆန်လာပြီပဲ"

ဒီလောက် ဒုက္ခရောက်ပြီး စိတ်ဆင်းရဲစရာ အကောင်းဆုံး အခြေအနေမှာတောင် ရွှတ်နောက်နိုင်ဆဲ သူ့ကို ကိုးကိုး ခပ်တိုးတိုး ဆဲရေးလိုက်မိသည်။

သူက ကိုးကိုးဆဲရေးလိုက်တာကို မမှုသလို တဟားဟားအော်ရယ်ပြီး အုန်းခွံတွေကို သူ့ဓားမြှောင်နှင့် ပေါက်ကာ ပေါက်ကာ နွှာသည်။

ပြီးတော့ ထိပ်ဦးချွန်ပုံနေသော ကျောက်တုံးတစ်တုံးနှင့် အခွံနွှာထုတ်ပြီးသော အုန်းသီးကို သာသာကလေး ထုသည်။

ကိုးကိုးမှာ သူ့လုပ်ရှားမှုမှန်သမျှကို မျက်တောင်မခတ် စတမ်းကြည့်ပြီး မအောင့်အည်းနိုင်တော့ဘဲ ဖွင့်ထုတ် ချီးကျူးမိတော့သည်။

"ဩော် ... အုန်းသီးနွှာတာတောင် ကျွမ်းကျင်လိမ္မာမှ ဖြစ်တာနော်"

"မြှောက်စရာ မလိုပါဘူးဗျာ ... ခင်ဗျားကို အရင်ဝ, အောင် တိုက်မှာပါ၊ ကဲ ... ရပါပြီ ... မြန်မြန်ပါးစပ်ဟ"

သူက အုန်းရည်များ တစက်စက်ကျလျက်ရှိသော အုန်းသီးကို ကျောက်တုံးအချွန်ဖြင့် ကန့်လန့်ခံတော့ထားလျက် အပေါ်သို့မြှောက်လေလျှင် ကိုးကိုးမှာ မျက်နှာကိုမော့ ပါးစပ်ကလေး



အသာဟလျက် အငမ်းမရ သောက်ရသည်။

အီး ...

တစ်သက်နှင့်တစ်ကိုယ် ဒီလောက်အရသာရှိသော အုန်းရည်မျိုး တစ်ခါမှ မသောက်ဖူးခဲ့။

ချိုပြီး အေးမြကာ ရှ၍နေသည်။

မျက်နှာကလေးပင့်ကာ သောက်ရသည်မို့ ကိုးကိုးမျက်နှာ တစ်ပြင်လုံး အုန်းရည်များ ဖိတ်စီးကျကာ လည်တိုင်ဆီအထိ ရွှဲရွဲစိုကုန်သွားလျှင် ကိုးကိုးမှာ နုတ်ခမ်းကို လက်ခုံဖြင့် သပ်ကာ သပ်ကာနှင့် အားရကျေနပ်၍ သွားမိသည်။

"အရမ်းကောင်းတာပဲ"

ကိုးကိုး အားပါးတရ ဝန်ခံမိတော့ သူက လူကြီး တစ်ယောက်လို ကျေနပ်စွာပြုံးကာ ...

"နည်းနည်းအဆာပြေသွားအောင် အုန်းသီးစားလိုက်ဦး၊ စားရလွယ်အောင် စိတ်ပေးမယ်"

သူက စိတ်ရှည်လက်ရှည်ပင် အုန်းသီးစိတ်ကလေးများ ရအောင် ကျောက်တုံးနှင့်ထုကာ ခွဲပေးသည်။

"ရှင်လည်းစားဦးလေ ... ကျွန်မတစ်ယောက်တည်း မကုန်ပါဘူး"

"စားပါ ... ကျွန်တော် နောက်တစ်လုံး ထပ်ခွဲလိုက်

www.burmeseclassic.com

www.burmeseclassic.com



မယ်''

ကိုးကိုးအတွက် အုန်းသီးစိတ်သေးသေးကလေးတွေ လုပ်ပေးပြီးမှ သူ့အတွက် အုန်းသီးတစ်လုံး ထပ်ခွဲသည်။

ဒါတောင် သူအရင်မော့မသောက်သေးဘဲ ...

''ခုနကသောက်တာ ဝ,ဦးမှာ မဟုတ်ဘူး ... ထပ်သောက်ဦး''

''တော်ပြီ ... ရှင်ပဲသောက်တော့''

ကိုးကိုး အခါခါငြင်းလွှတ်မှ သူမော့သောက်တော့တာ ဖြစ်သည်။ သူ့ရဲ့ ယောကျ်ားပီသမှုကို ကိုးကိုး အသိအမှတ်မပြုဘဲ မနေနိုင်တော့။

အနစ်နာခံလိုစိတ် ဘယ်လောက်ရှိလိုက်တဲ့ ယောကျ်ား တစ်ယောက်လဲ။

ကိုးကိုးရင်ထဲမှာ သူနဲ့ပတ်သက်လို့ တစ်မျိုးကြီး (အဲ့ဒီတစ်မျိုးကြီးမှာ ဘာသာပြန်ရ အတော်ခက်ခဲပါသည်) ခံစားရကာ သူ့ကို ငေးရီနေမိသည်။

သူကတော့ တစ်ယောက်တည်း အလုပ်တွေရှုပ်နေသည်။ သစ်ကိုင်းတွေ သယ်ကာ သယ်ကာ ဂူဝနားမှာ စုပုံသည်။

ချိုင်းပြတ်စွပ်ကျယ်အောက်မှ ဖုထစ်ရုန်းကြွနေသော သူ့ခန္ဓာကိုယ်အပေါ်ပိုင်း ကြွက်သားများမှာ လှုပ်ရှားမှုတိုင်းမှာ ကြည့်





ကောင်းလွန်းလို့နေသည်။

''ရှင် ဘာတွေလုပ်နေတာလဲ ... နားဦးလေ''

ကိုးကိုးက လှမ်းအော်ပြောလိုက်သည်။

တဖြည်းဖြည်း မှောင်စပြုလာလျှင် ချမ်းစိမ့်တက်လာသည်။ သူ့မှာတော့ ရာသီဥတုက မနှိပ်စက်နိုင်သလို ချွေးတလုံးလုံးနှင့် ...

''ညကျရင် မီးဖိုက ထင်းအဆက်မပြတ် ထည့်နိုင်မှလေ ... ဒါမှ အနွေးဓာတ်ရအောင်၊ ပြီးတော့ တောကောင်တွေလည်း မလာရဲအောင်''

သူက ပေကျံညစ်ပတ်နေသော လက်များကို ခါရင်း အနားရောက်လာသည်။

''ရှင် သိပ်ပင်ပန်းနေပြီနော်''

''ဒီထက်မက ပင်ပန်းတဲ့အလုပ်မျိုးတွေ ကျွန်တော် လုပ်ခဲ့ဖူးပါတယ်၊ ဘာပဲဖြစ်ဖြစ် ဒီနေ့ ပင်ပန်းပေမယ့် အမောပြေပါတယ်''

ဒါ ဘာစကားလဲ။

ကိုးကိုးမှာ မျက်နှာထား နည်းနည်းတင်းလိုက်မိသည်။

''အုန်းရည်ကြောင့်လို့ ပြောမလို့ပါ ... ကျွန်းပေါ်က အုန်းရည်က ချောင်းသာကအုန်းရည်ထက် ပိုကောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အရမ်း အမောပြေတယ်၊ ခင်ဗျားကလည်း တစ်ဆိတ်ရှိ လူကို မယုံသင်္ကာ ဖြစ်ဖို့ပဲ၊ ခင်ဗျားကို ဆိုက်ကိုးစစ်များလားလို့တောင် ကျွန်တော် မသင်္ကာဖြစ်လာပြီ"

ဆိုက်ကိုးစစ်လို့ အပြောခံလိုက်ရတာကို မနာနိုင်ဘဲ ကိုးကိုးသည် တွေခနဲ ဖြစ်သွားရလျက် ...

"ရှင် ဘယ်နှစ်တန်းထိ နေဖူးလဲ"လို့ စပ်စုလိုက်မိသည်။

သူက ကျောက်တုံးကြီးတစ်တုံးကို မှီနေရာမှ လက်နှစ်ချောင်း ထောင်ပြသည်။

"နှစ်တန်း ... ဟုတ်လား ... အို"

ကိုးကိုးရင်ထဲ ကျဉ်ခနဲ ...။

သူက အဟက်ခနဲ ရယ်ချလျက် ...

"အဝေးသင် ဒုတိယနှစ်ပါ ... မေဂျာက ဖစ်ဆစ်၊ နောက်ကော ဘာသိချင်သေးလဲ"

သူဟာ ပညာတတ်လေးတစ်ယောက်လို့ သိလိုက်ရတဲ့ အချိန်မှာ ကိုးကိုးစိတ်ထဲ တစ်မျိုးလေး ကျေနပ်သွားရပြန်သည်။

သူ့ကို ဆင်းရဲသည့်တိုင် ပညာတတ်လေးတစ်ယောက် ဖြစ်စေချင်ခဲ့သော ဆန္ဒက ဘာကြောင့်များပါလိမ့်။

"အဲ့ဒါကြောင့် ကျွန်တော် ချောင်းသာမှာ ရှိ ရှိသမျှ အလုပ်အကုန် လုပ်နေရတာပေါ့၊ လူတစ်ယောက်ရဲ့ နေစရိတ်,



စားစရိတ်, ပညာသင်စရိတ်ဟာ အရမ်းကို ကြီးမြင့်တယ်လေ၊ အဲ့ဒါကို အလျဉ်မီအောင် ရှုန်းကန်ရှာဖွေနေရတာကို တချို့က လည်း လောဘကြီးတယ်လို့ ထင်ချင်ကြသေးတာ"

ကောင်းကောင်းမွန်မွန် စကားပြောရင်းကနေ မြားဦးက ကိုယ့်ဘက်လှည့်လာသည်။

ပြုံးစစမျက်နှာကို ကိုးကိုးက မျက်စောင်းကြီးကြီး ပစ်သွင်းလိုက်သည်။

"မထင်တော့ပါဘူးရှင် ... အခုတော့ အရမ်းလေးစားသွားပါပြီ ... ဟုတ်ပြီလား"

ကိုးကိုးက ဆလန်လေးပါ တိုက်လျက် ပြန်ခနဲ့လိုက်တော့ သူ တဟားဟား အော်ရယ်သည်။ ရယ်လို့အားရမှ သူက ...

"ကဲ ... အိပ် အိပ် ... ခင်ဗျားလည်း ပင်ပန်းလာတာပဲ၊ ဟောဒီလို ကျောက်ဂူတစ်ခုထဲမှာ ကျောက်တုံးကြီးကို မှီပြီး မီးပုံနား အိပ်ရတဲ့အရသာဟာ ဘယ်မှာမှ မရနိုင်ဘူး၊ အိပ်တော့ ... မနက်မိုးလင်းတာနဲ့ ပြန်ကြမယ်"

သူပြောသလို ကျောက်တုံးကြီးကိုမှီကာ ကိုးကိုး တစ်ဖက်လှည့်ပြီး မျက်လုံးများကို မှိတ်ထားလိုက်မိသည်။

မဖြစ်သေး ...။ ဒီလိုအိပ်လို့ ဘယ်ဖြစ်မှာလဲ။

ကျားကို ကျောပေးအိပ်လို့ ဘယ်ဖြစ်မှာတဲ့လဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုးကိုး ချက်ချင်း သူနှင့် မျက်နှာချင်းဆိုင်အနေအထား မျိုး ကပျာကယာ ပြန်လှည့်အိပ်လိုက်သည်။

ကိုးကိုးအပြုအမူက သိပ်ကို သိသာသွားတယ် ထင်ပါ ရဲ့။ သူက ကျောက်တုံးကြီးကို မှီပြီးလှဲနေရာမှ ဝုန်းခနဲ ထ,သည်။

ကိုးကိုးမှာ မျက်လုံးလေးများ ပြူးကျယ်ဝိုင်းစက်ကာ လန့်သွားရသည်။

"ခင်ဗျားက ဆိုက်ကိုးစစ်လို့ ပြောပြန်ရင်လည်း ခံနိုင်မှာ မဟုတ်ဘူး။ ကျွန်တော့်ကို မယုံသင်္ကာဖြစ်နေတာကိုလည်း နည်း နည်း လျှော့ပါဦး၊ ဒီကျွန်းပေါ်မှာ ခင်ဗျားနဲ့ကျွန်တော် နှစ်ယောက် တည်းရှိတဲ့အတွက် ကျွန်တော် ပိုပြီးစည်းစောင့်တယ် ... သိရဲ့ လား၊ ဒါမှ ကျွန်တော် ယောကျ်ားပီသမှာပေါ့"

သူ့အသံက မာကျောနေလေသည်မို့ ကိုးကိုးမှာ သိသာ လွန်းသွားသော ကိုယ့်အပြုအမူအတွက် အားနာရမလိုလို ပြန်ပဲ တောင်းပန်ရမလိုလို ဖြစ်သွားရသည်။

ဘာပဲဖြစ်ဖြစ် လောလောဆယ် သူက ကိုးကိုးကို ကယ် တင်စောင့်ရှောက်ပေးနေတဲ့ ကျေးဇူးရှင် မဟုတ်လား။

"ဒီမှာ ... ခင်ဗျားသိအောင် ကျွန်တော် အမှန်အတိုင်း ဝန်ခံလိုက်မယ် ... ခင်ဗျားကို ကျွန်တော် စိတ်အစွန်အဖျားလေး နဲ့တောင် မပြစ်မှားဘူး ... ယုံ"





ကြည့်စမ်း ...။

ဘယ်လောက် ရင့်သီးလိုက်တဲ့စကားလည်းဆိုတာ။

"ကဲ ... စိတ်ချလက်ချ အိပ်တော့ ... ကျွန်တော် တော့ အိပ်ပြီ"

အိပ်ပြီလို့ ကြွေးကြော်ပြီး မကြာခင်မှာပင် သူ့ဆီမှ တရှူးရှူးနှင့် ဟောက်သံကျယ်ကြီး ထွက်လာတော့သည်။

အဲဒါလည်း ဒုက္ခ။

ကိုးကိုးဟာ တိတ်ဆိတ်နေမှ အိပ်ပျော်တတ်သူ။

သူ့ဟောက်သံကြီး အနီးကပ် ကြားနေရမှတော့ ကိုးကိုး ဘယ်လိုမှ အိပ်ပျော်နိုင်တော့မှာ မဟုတ်။

နှိုးပြီးတော့ မဟောက်ဘဲနဲ့ အိပ်ပါလို့လည်း မပြောရဲ။

အိပ်ပျော်နေသော ကျားကို မနှိုးရဘူးတဲ့လေ၊

ဒါပေမဲ့ နည်းနည်းတော့ စမ်းသပ်မှ ဖြစ်မည်။

ကိုးကိုးသည် သူ့ကို သွားကလိသည့်ပုံစံမျိုး မဖြစ်စေရ ဘဲ အအိပ်ကြမ်းသည့် ပုံစံမျိုးနှင့် သူ့ခြေထောက်ကို ခပ်ဆတ် ဆတ် ကန်လိုက်သည်။

မလှုပ် ...။

ကိုယ်တော်ကြီးက တုတ်တုတ်မျှမလှုပ်ဘဲ အဟောက် မပျက် ...။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင်တော့ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာ သေချာပြီ။

ခုမှပဲ ကိုးကိုးလည်း ရင်ထဲ အလုံးကြီး လျှောကျသွားကာ စိတ်အေးချမ်းသာစွာ မျက်လုံးများ မှေးမှိတ်ရဲတော့သည်။

သို့သော် အိပ်မပျော်။

ဟိုလူးသည်လိမ့်နှင့်သာ နေမိသည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသလို ဟောက်တတ်သည့် သူက မကြာခဏ မီးပုံကို မီးမပြတ်အောင် ထ,ထည့်တာ မြင်ရလျှင်တော့ ကိုးကိုးသည် ကိုယ်အိပ်မပျော်သေးတာ သူမသိရအောင် တုတ်တုတ်မျှ မလှုပ်ဝံ့ဘဲ အိပ်ပျော်ချင်ယောင်သာ အတင်း ဟန်ဆောင်နေမိသည်။

မိုးလင်းခါနီးကျမှ အရမ်းကို နုံးခွေနွမ်းနယ်လာပြီး ကိုးကိုးရဲ့ ရှည်လျားသော မျက်တောင်ကြီးများက ညင်သာစွာ စင်းကျသွားခဲ့သည်။ ထို့နောက် ...

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်၍ သွားတော့သည်။

အခန်း (၇)

**အချစ်၏ ပဌမနေ့စွဲ ...**

**"ကမ္ဘာခြား စည်းရိုး"**

**အေး** ခနဲ အသိ။

ညင်သာသော အထိအတွေ့ကြောင့် ကိုးကိုး ဖျတ်ခနဲ နိုးကြားသွားမိသည်။

မျက်လုံးများကို ချက်ချင်း ဖွင့်ကြည့်လိုက်သည်။

ကိုးကိုးကို စိုက်ကြည့်နေသော သူ့ကို အနီးကပ် တွေ့မြင်လိုက်သောအခါ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားရသည်။

''ပင်လယ်''

သူ ပြန်မထူး။



www.burmeseclassic.com

www.burmeseclassic.com



စူးတောက်ရှန်းရီသော မျက်လုံးများဖြင့် ကိုးကိုးကို စိုက်၍ကြည့်နေဆဲ ...

"ရှင် ... ရှင် ... ဘာလာလုပ် ..."

"တောခြင်ကြီးတွေ ကိုက်မှာစိုးလို့ ကျွန်တော် ယပ်ခတ်ပေးနေတာ"

သူပြောရင်းက ကိုးကိုးလက်မောင်းရင်းဆီ သူ့ လက်ဖဝါးဖြင့် ညင်သာစွာ တစ်ချက် ယပ်ခတ်ပေးပြန်သည်။

"အို ... မလို ..."

"ကိုးကိုး"

ကိုးကိုး စကားမဆုံးသေးခင် သူက ဖြတ်ခေါ်သည်။

"ကျွန်တော့်ကို ဘာလို့ အသိအမှတ်မပြုနိုင်ရတာလဲ ... ကျွန်တော်က ဆင်းရဲလို့လား, အပေအတေ ဖြစ်နေလို့လား"

"အို ... ရှင် ဘာတွေ လာပြောနေတာလဲ"

အန္တရာယ်အချက်ပေး ခေါင်းလောင်းက ဦးနှောက်ထဲ ချက်ချင်း မြည်ဟည်းသည်။

ကိုးကိုး ကပျာကယာ ငုတ်တုတ် ထ,ထိုင်လိုက်သည်။

"ကိုးကိုးက အရမ်းချစ်ဖို့ကောင်းတယ်၊ လှတာထက် ကလေးတစ်ယောက်လို အပြစ်ကင်းကင်းနဲ့ ဖြူစင်တဲ့ပုံလေး၊ ကိုးကိုး ရန်စွာတာလေးတွေ အရမ်းချစ်စရာကောင်းတယ်၊ အခုလည်း ဒီလောက် ပင်ပန်းနွမ်းနယ်နေတဲ့ကြားက ကိုးကိုးမျက်နှာလေးက ချစ်စရာကောင်းနေတာပဲ၊ ကိုးကိုး ... ကျွန်တော်လေ"



"ရှင် ... ရှင်နော် ... ဆက်မပြောနဲ့"

"ပြောပါရစေ ကိုးကိုးရယ် ... ကျွန်တော် ဆက် မမျို သိပ်နိုင်တော့လို့ပါ၊ မပြောရရင် ကျွန်တော် သေသွားနိုင်တယ်၊ ကိုးကိုးကို ကျွန်တော် အရမ်းချစ်တယ်"

"ဘာ"

ရှက်ရွံ့စိတ်ဖြင့် ကိုးကိုး မျက်နှာတစ်ပြင်လုံး ပူရှိန်းသွားရသည်။

"ကိုးကိုး"

သူ့အသံမှာ မွတ်သိပ်လိုက်လှဲလာသည်။

ကိုးကိုးရဲ့ ပခုံးသားလေးများထဲ ပူနွေးသော သူ့ လက်ချောင်းများက နစ်ကျွံ၍ လာသည်။

"ရှင်နော် ... ဖယ်ပါ"

ကိုးကိုး သူ့လက်များကို အတင်းဖယ်ခွာသည်။

မရ။ သူ့လက်များမှာ မြဲမြံသန်စွမ်းလွန်းလှသည်။

"ကိုးကိုးလည်း ကျွန်တော့်ကို ချစ်တယ် မဟုတ်လား၊ မရုန်းပါနဲ့ ကိုးကိုးရယ် ... ကိုးကိုးမျက်လုံးလေးတွေကို ကျွန်တော် နားလည်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ရှင့်ကို ကျွန်မ မချစ်ဘူး၊ ဘယ်တုန်းကမှ မချစ်ခဲ့ဖူးဘူး၊ ရှင်ဟာ အခွင့်အရေးသမားပဲ၊ ဖယ်နော် ... ခုဖယ်၊ မဖယ်ပေးဘူးလား ... ကဲဟာ"

ကိုးကိုး အားကုန်ရုန်းပြီး သူ့ခန္ဓာကိုယ်ကြီးကို တအားဆောင့်တွန်းပစ်လိုက်သည်။

သူ မီးပုံဘက် လွင့်ခနဲ ...

"အား" ခနဲ အော်သံနှင့်အတူ ညှော်နံ့များက ကိုးကိုးနှာခေါင်းထဲ တိုးဝင်လာသည်။

"မှတ်ထား ... အခွင့်အရေးသမား"

"ဗျာ"

တအံ့တဩ အူကြောင်ကြောင်အသံ ...

ကိုးကိုး မျက်လုံးများကို လက်ညှိုးလေးနှင့် အခါခါပွတ်သပ်ကြည့်လိုက်မိသည်။

သူက မီးပုံဘေးမှာ ...

သို့သော် ...

ငါးများကို ကင်လျက် ...

"နိုးပြီလား ... ဒီမှာ ငါးကင်စားဦး၊ ခင်ဗျားနိုးရင် အဆင်သင့် စားရအောင် ကင်ထားပေးတာ၊ ရေဆာရင် ဒီတစ်ကောင်ကင်ပြီးတော့ အုန်းသီးခွဲပေးမယ်နော်"



သူက ကိုးကိုးကို ငါးကင်တစ်ကောင် လှမ်းပေးသည်။

ကိုးကိုးမှာ ငါးကင်ကို လှမ်းယူရင်း မလုံမလဲ ဖြစ်နေမိသည်။ သူ့မျက်လုံးညိုညိုတွေကိုလည်း ရှောင်လွှဲနေမိသည်။

"ဘာတွေ အိပ်မက်မက်လို့လဲ ... မျက်နှာလည်း နီရဲနေတာပဲ"

"အို"

သူ မသိသား ဆိုးရွားစွာ အိပ်မက်ကြောင်း အစပြန်ဖော်တော့ ကိုးကိုး ရှက်အမ်းအမ်း ဖြစ်သွားရသည်။

အိပ်မက်ထဲမှာ ရမ်းကားခဲ့သော သူ့နှာတံချွန်ချွန်နှင့်ထူအမ်းပူနွေးသော နှုတ်ခမ်းများ၊ မွှတ်သိပ်သော အနမ်းများ၊ ရင်ခွင်ပြင်ကျယ်ကြီး။

အို ... အားလုံးက ပူပူနွေးနွေး၊ လတ်လတ်ဆတ်ဆတ်ကြီး။ ကိုးကိုးကို ကလူကျီစယ်နေဆဲ။

"ခင်ဗျားကတော့နော် ... အိပ်မက်ထဲမှာတောင် ကျွန်တော့်ကို မယုံသင်္ကာနိုင်သေးတယ်"

"ဘာလဲ"

"အခွင့်အရေးသမားလို့ ကယောင်ကတမ်း အော်နေတာလေ ... ကျွန်တော် ကြားလိုက်ပါတယ်"

"မဟုတ်ပါဘူး၊ ရေဆာတယ် ... အုန်းသီးခွဲပေးမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆို''

ကိုးကိုး သူ့ကို အတင်းစကားလမ်းလွှဲနေမိသည်။

ဘယ်လို ကောင်ကလေးပါလိမ့်။

ဒီမှာ ဘယ်လောက်တောင် ထိတ်လန့် ရှက်အမ်းနေရသလဲ မသိတတ်ဘူး။

ကိုးကိုး သူ့ကို မျက်နှာချင်းမဆိုင်ရဲတော့ဘဲ ငါးကင်သာ ဖိစားနေမိသည်။

''ကဲ ... ခင်ဗျား စားပြီးရင် သွားရအောင်၊ အလင်းရောင်လေးလည်း ရလာပြီ၊ ရာသီဥတုလည်း ကောင်းသွားပြီ''

ကိုးကိုးသည် ဒီကျွန်းလေးက ခွာရတော့မည့်အချိန်မှာ ရင်ထဲ လွမ်းမောသလို ခံစားရလေသည်။

တစ်ညတာ ကွန်းခိုခဲ့ရသော ကျွန်းကလေး ...။

ကိုးကိုးတို့စက်လှေ ကျွန်းကလေးဆီမှ ခွာလာချိန်မှာ ကိုးကိုးက နွမ်းလျစွာ လည်ပြန် ငေးရီနေမိသည်။

ဘာကိုများ လွမ်းမောမိပါလိမ့်။

ဒီညလေးတစ်ညဟာ ကိုးကိုးဘဝမှာ လှပသော ဂယက်တစ်ခု ဖြစ်ခဲ့ပြီ။

အုံ့မှိုင်းတိတ်ဆိတ်လှသော ကျွန်းတစ်ကျွန်းပေါ်မှာ သူနဲ့ ကိုးကိုး နှစ်ယောက်တည်း။



တစ်ညတာလုံး ကျောက်ဂူလေးတစ်ခုထဲမှာ နှစ်ယောက်အတူ တစ်မိုးထဲအောက် အိပ်စက်ခဲ့တာတောင် ...

ကိုးကိုးအပေါ် ဘာအခွင့်အရေးမှ မယူခဲ့တဲ့ ယောကျ်ားဂစ်ယောက် ...

အရိုးသားဆုံး စောင့်ရှောက်ပေးခဲ့သူ။

တကယ့်ဒုက္ခနဲ့ ရင်ဆိုင်ရချိန်မှာ အဆိုးဆုံးကို ရင်ဆိုင်ပြီး သဘာဝတရားနှင့် လိုက်လျောညီထွေ စီမံနိုင်တဲ့သူ။

အတ္တဆိုလို့ မြူတစ်မှုန်စာမျှ မရှိဘဲ အနစ်နာခံ ပေးဆပ်တတ်သူ။

ကိုးကိုးသည် ဝေး၍ ဝေး၍ သွားသော ကျွန်းညိုညိုကို ငေးရင်း သူ့အကြောင်းတွေပဲ တွေးနေမိသည်။

(ယောကျ်ားတွေဟာ အခွင့်အရေးသမားတွေချည်းပဲ ... ဘယ်သူ့မှ မယုံရဘူး)

ဆိုတဲ့ တစ်သက်လုံးက ရိုက်သွင်းခဲ့သော မေမေ့စကားက သူနှင့်တော့ ပါစင်အောင် လွဲခဲ့ချေပြီ။

မေမေရေ ...

မေမေ့စကားတွေနဲ့ မကိုက်ညီတဲ့ ယောကျ်ားတစ်ယောက်ကို ကိုးကိုး ရှာဖွေတွေ့ရှိခဲ့ပြီ။

ကျွန်းညိုကလေးက တဖြည်းဖြည်း ဝေးသထက် ဝေး

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သော်လည်း သူကတော့ ကိုးကိုးစိတ်ထဲ တစ်စထက်တစ်စ နီးသထက် ပိုနီးလာခဲ့သလို ...

ကိုးကိုးတို့စက်လှေ ချောင်းသာသို့ ပြန်ရောက်ခဲ့လေလျှင် နှစ်ဦးသား ကမ်းစပ်မှာ တွေတွေကြီး စိုက်ကြည့်နေမိကြသည်။

စတင် လှုပ်ရှားသက်ဝင်လာသူမှာ ကိုးကိုးပဲ ဖြစ်သည်။

"ပင်လယ် ... တို့ကို တစ်ခုခုများ ပြောချင်နေသလား ဟင်"

ဒါဟာ ယောကျ်ားတစ်ယောက်အပေါ် ပထမဆုံး၊ အပွင့် လင်းဆုံး ဖွင့်ဟပေးခြင်းပင်။

"ကျွန်တော်"

သူ့အသံမှာ တိုးဖျော့စွာ ထွက်ပေါ်လာသည်။

မျက်ဝန်းညိုကြီးများက ကိုးကိုးကို တစ်ချက်မျှ စိုးကြည့်သည်။

ကိုးကိုး စိုက်ကြည့်နေမှန်းသိတော့ အကြည့်ချင်း မဆုံရဲသလို မျက်လုံး ပြန်လွှဲသွားသည်။

ဘယ်လို ကောင်လေးလဲ။

ကိုးကိုးမှာ အသည်းယားလာမိသည်။

"ကိုးကိုး ကို"

သူ စကားရပ်တန့်လိုက်ပြန်သည်။





ကိုးကိုးမှာ ရင်ထဲ ဒိန်းခနဲ။

သူ ... သူ ... ကိုးကိုးကို ဘာဆက်ပြောမှာလဲ။

"ပြောလေ"

သူက တော်တော်နှင့် ဆက်မပြောရဲဘဲ ငုံ့စုံ့ပစ်ကြီး လုပ်နေပြန်သည်မို့ ကိုးကိုး စိတ်မရှည်နိုင်သလို စကားထောက် ပေးလိုက်သည်။

သို့သော် ...

ကိုးကိုးကိုယ်တိုင်ကိုက အသံ ခပ်တိမ်တိမ် ...။

သူက ကိုးကိုးကို ခိုးကြည့်ပြန်သည်။

ပြီးတော့ သူ့ သွေးရောင်လျှမ်းသော နှုတ်ခမ်းထူပြည့်များ ဖွင့်ဟလာလေလျှင် ...

ကိုးကိုး ရင်တွေ တဒိတ်ဒိတ် ခုန်လှုပ်လာတော့သည်။

"ကျွန်တော် ကိုးကိုးကို လိုက်ပို့ပေးချင်တယ်"

ကိုးကိုးမှာ "ဟင်" ခနဲ အံ့အားသင့်သွားရတော့သည်။

"ဘာဖြစ်လို့လဲဟင် ... ကိုးကိုး မကြိုက်လို့လား"

သူ စိုးရိမ်တကြီး မေးသည်။

ကိုးကိုးမှာ ရင်ခုန်မျှော်လင့်နေသော စကားမဟုတ်လေ သည်မို့ အံ့အားသင့်၊ သူ့ကိုလည်း အသည်းယားသွားရတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



“ရပါတယ် ... ပို့ချင်လည်း သဘောပဲ”

“တကယ်နော် ကိုးကိုး”

သူ ကလေးတစ်ယောက်လို ပြုံးပြသွားတော့သည်။

“ခဏစောင့် ... ကျွန်တော် အုံနာဆီက ဆိုင်ကယ် သွားယူလိုက်ဦးမယ်”

“ဒါဆို ရှင်”

“အဟဲ ... ကျွန်တော် ဆိုင်ကယ်တက္ကစီလည်း ဆွဲတယ်”

“ချောင်းသာမှာ ရှင်မလုပ်ဖူးတဲ့အလုပ် မရှိတော့ဘူး ပေါ့”

သူ ရယ်ကျဲကျဲလုပ်နေဆဲ ကိုးကိုး မျက်စောင်းထိုးရင်း ခနဲ့လိုက်သည်။

“ရှိပါတယ် ... တစ်ခုတော့ ကျန်သေးတယ်”

“ဘာလဲ”

“ကျွန်တော် ဘယ်ကောင်မလေးကိုမှ ရည်းစားစကား မပြောဖူးသေးဘူး”

“ဟုတ်လား ... ပြောရင်လည်း အဆင်ပြေမှာ မဟုတ်ဘူး။ ပြောဖို့ စိတ်ကူးရှိရင်လည်း ခေါက်ပြီး အိတ်ထဲပြန်သိမ်းထား လိုက်တော့”



“ဗျာ ... ဘာဖြစ်လို့”

“ရှင့်ဥပဓိက မလန်းဘူး။ ဘယ်မိန်းကလေးကိုမှ ရင်ခုန်စေမှာ မဟုတ်ဘူး”

ကိုးကိုး တမင် သူ့ကို အသည်းတယားယား၊ အမြင်ကတ်ကတ်နှင့် ပြောပစ်လိုက်တာ ဖြစ်သည်။

သူကတော့ ကိုးကိုး တကယ်ပြောတယ်ပဲ ထင်သွားလား မသိ ...။ မျက်နှာက ချက်ချင်း ညှိုးရော်သွားပြီး ဆိုင်ကယ် ယူဖို့ ခေါင်းငိုက်စိုက်နှင့် ထွက်သွားတော့သည်။

မှတ်ထား ... ဒီလောက် တုံးတဲ့လူ။

သိပ်မကြာခင်မှာပဲ ဟာလေဆိုင်ကယ် အမြင့်ကြီးနှင့် သူပြန်ရောက်လာသည်။

အသားညိုညို၊ ရှည်လျားဖြောင့်စင်းသော်လည်း ကျန်းမာမည့်ပုံပေါ်သော ဆံပင်ရှည်ရှည်များနှင့် ဆိုင်ကယ်ကို ခပ်ကြမ်းကြမ်းမောင်းလာပုံမှာ ဟောလိဝုဒ်မင်းသားတစ်ယောက်လို

“Let's go”

“ဖြည်းဖြည်းမောင်းနော်”

ကိုးကိုးသတိပေးတဲ့အတိုင်း သူ ခပ်ဖြည်းဖြည်းပဲ မောင်းပါသည်။ သူ့ဆီမှ အရိုင်းဆန်သော ကိုယ်နံ့ကို နီးကပ်စွာ ရနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့များ သူ့ကျောပြင်ဆီမှာ ပါးပြင်ဖွဖွ အပ်ထားချင်စိတ် ပေါ်လာရပါလိမ့်၊ ကိုးကိုး သူ့ကို ရင်ခုန်နေမိပြီလား။

ယောက်ယက်ခတ်အတွေးများဖြင့် ကိုးကိုး နွမ်းလျဆဲမှာပင် ဟိုတယ်ရှေ့ ရောက်လာခဲ့သည်။

အဲဒီမှာ ကိုးကိုးတို့နှစ်ယောက်ကြား အင်မတန် ဝေးကွာစေသောအဖြစ်အပျက် ဖြစ်ပွားခဲ့ရတာ ဖြစ်သည်။

တစ်သက်တာ မမေ့နိုင်စရာတည်း။

ကြေကွဲစရာလည်း ကောင်းလွန်းလှသလို ထိုအဖြစ်အပျက်က ကိုးကိုးတို့နှစ်ယောက်ကြား အပြောင်းအလဲတစ်ခုလည်း ဖြစ်စေခဲ့ပါသည်။

"အထဲဝင်ဦးလေ ကိုးကိုး ... ရှင့်ကို တစ်ခုခု ကျွေးချင်တယ်"

"အာ ... ကျွန်တော်က စုတ်ပြတ်နေတာ"

သူက ပေရေစုတ်ပြတ်နေသော သူ့ကိုယ်သူ ငုံ့ကြည့်ကာ ပြောသည်။

"ဘာဖြစ်လဲ ... ရှင် မဆာဘူးလား၊ ကျွန်မတော့ဆာနေပြီ၊ လာပါ ... ဘရိတ်ဖတ်စ် အတူစားကြတာပေါ့ ... လာ"

ကိုးကိုး အတင်းခေါ်တော့မှ သူ ဆိုင်ကယ်ပေါ်က ဆင်းသည်။



သူနှင့်ကိုးကိုး ဟိုတယ်ရဲ့ နယ်နိမိတ်စည်းရိုးတွင် ဝင်ဖို့ခြေလှမ်းပြင်ဆဲ ... ဝန်ထမ်းတစ်ဦးက ကိုးကိုးတို့နား ကပျာကယာ ရောက်လာသည်။

"ပင်လယ် ... ဘယ်လဲ"

သူ့ကို အရင်ကတည်းက သိထားဟန်ရသော ဝန်ထမ်းမှာ အမောတကော မေးသည်။

သူက အင်း အဲ နှင့် အူကြောင်ကြောင် ဖြစ်နေခဲ့သည်မို့ ကိုးကိုးကပဲ ကြားဝင်ဖြေရတော့သည်။

"ဟိုလေ ... ကျွန်မနဲ့ ပင်လယ်က သူငယ်ချင်းတွေပါ၊ အဲဒါ ကျွန်မနဲ့သူနဲ့ အတူတူ ဘရိတ်ဖတ်စ်စားမလို့"

ကိုးကိုး စကားဆုံးလျှင် သူ့သူငယ်ချင်း ဝန်ထမ်းကောင်ကလေးမှာ ကိုးကိုးကိုတစ်လှည့်၊ သူ့ကိုတစ်လှည့် အားတုံ့အားနာကြည့်ပြီး ...

"ဟိုလေ ... တစ်မျိုးတော့ မထင်ပါနဲ့နော် ... ဟိုတယ်ဝင်းထဲကို ဒီက ဒေသခံ ဈေးရောင်းတဲ့သူတွေ, ညီသည်မဟုတ်တဲ့ လုပ်စိမ်းတွေ ဝင်ခွင့်မရှိဘူး၊ ဒါ ဟိုတယ်ရဲ့ စည်းကမ်းမို့ ကျွန်တော် ပြောပြရတာပါ"

ထိုလူ့စကား ဆုံးလျှင်ဆုံးချင်း ကိုးကိုး မြင်တွေ့လိုက်ရသော သူ့မျက်နှာမှာ ရှက်သည်းလွန်းသဖြင့် ရဲရဲနီနေပြီး အားငယ်

www.burmeseclassic.com

www.burmeseclassic.com



စွာ ငုံ့စိုက်ချသည့်ကို ဖြစ်သည်။

"ပင်လယ်ရယ် . . . ကျွန်မလေ . . . ဟို . . . ဆောရီးပါ၊ ဒီဟိုတယ်ရဲ့စည်းကမ်းကို မသိလို့ ဟိုလေ . . . ကျွန်မတို့ အပြင်မှာပဲ စားရအောင် . . . နော်"

ကိုးကိုး သူ့ကို ဘယ်လိုနှစ်သိမ့်ရမှန်း မသိ။

စကားလုံးတို့ ထစ်အနေမိသည်။

သူက ကိုးကိုးကို ခပ်ဖွဖွ ပြုံးပြပါသည်။

သူ့အပြုံးမှာ သိမ်ငယ်ခြင်းဖြင့် မချိတရိနိုင်သော အပြုံးမျိုးမို့ ကိုးကိုး ရင်ထဲကြေကွဲသွားရသည်။

"ကိစ္စမရှိပါဘူး ကိုးကိုး၊ ကျွန်တော် နားလည်ပါတယ်"

"ပင်လယ်ရယ် . . . ကိုးကိုး တကယ်မသိခဲ့လို့ပါ"

"ရပါတယ် ကိုးကိုး . . . ကျွန်တော်အတွက် မခံစားပါနဲ့၊ ဒါ အမှန်တရားပဲလေ . . . ကျွန်တော်တို့ လက်ခံရမှာပေါ့"

သူက တိုးလျှော့စွာပြောသည်။

သူ့အသံမှာ နာကျင်၍နေသည်။

"ကျွန်တော်ဟာ ချောင်းသာမှာ ကြို့ရာကျပန်းလုပ်စားနေရတဲ့ ကောင်ပါ၊ ဒီဟိုတယ်ထဲဝင်ဖို့ မထိုက်တန်ပါဘူး၊ ဒါ ကျွန်တော်ရဲ့ဘဝအမှန်ပဲလေ . . . ကျွန်တော် လက်ခံပါတယ်"

သူ့စကားလုံးများမှာ ကိုးကိုးနှလုံးသားကို ဆုပ်ခြေ



ဖျစ်ညှစ်နေသလို ခံစားရစေသည်။ ကိုးကိုး မခံစားနိုင်။

သို့သော် . . .

သူကတော့ မသိသားဆိုးရွားစွာ ဆက်ပြောနေခဲ့သည်။

"ကိုးကိုးက ဒီဟိုတယ်မှာ တည်းခိုနိုင်တဲ့ အနေအထားပါ၊ ကျွန်တော်ကတော့ ဟိုတယ်ဝင်းထဲတောင် ဝင်ခွင့်မရှိတဲ့ အနေအထား၊ တကယ်တော့ ကျွန်တော်နဲ့ကိုးကိုးရဲ့ ဘဝဟာ အရမ်းကို ကွာခြားပါတယ်"

သူနဲ့ ကိုးကိုးရဲ့ဘဝဟာ အရမ်းကို ကွာခြားသတဲ့လား။

ကိုးကိုး မျက်ဝန်းများ စိုစွတ်ပူနွေးလာခဲ့သည်။

"အဲဒီအတွက် ကိုးကိုး ခံစားမနေပါနဲ့၊ ကဲ . . . ကျွန်တော် သွားမယ် ကိုးကိုး၊ ဟိုတယ်ရဲ့စည်းရိုးအထိ ကိုးကိုးကို လိုက်ပို့ခွင့် ရခဲ့ပြီပဲ . . . ကျွန်တော် ကျေးနပ်ပါတယ်"

သူ နှုတ်ဆက်စကားဆိုပြီး ဆိုင်ကယ်ပေါ် ပြန်တက်ကာ စက်နှိုးသည်။

ကိုးကိုးက ကပျာကယာ သူ့ဆီပြေးကာ . . .

"ခဏ . . . ခဏလေး . . . ကိုးကိုး ပြောစရာရှိသေးလို့"

"ဘာလဲဟင် ကိုးကိုး"

ကိုးကိုးက သူ့မျက်ဝန်းညိုများကို စိုက်ကြည့်လျက် တံတွေးတစ်ချက် မျိုချကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ကျေး ဇူး တင် ပါ တယ်"

သူ ဖွဖွ ပြုံးပြပါသည်။

"ဘာအတွက်လဲ ကိုးကိုး"

"ကိုးကိုးကို မုန်တိုင်းက ကယ်ခဲ့တဲ့အတွက်၊ ပြီးတော့ ကျွန်းပေါ်မှာ စောင့်ရှောက်ခဲ့တဲ့အတွက်၊ အို ... အစစ အရာရာပါပဲ ပင်လယ်ရယ်၊ ကိုးကိုး ပင်လယ့်ကို သိပ်ကိုကျေးဇူးတင်ပါတယ်"

"ဟင့်အင်း ... ကျေးဇူးမတင်ပါနဲ့ ကိုးကိုး"

"အို ... ဘာလို့"

ကိုးကိုး အအံ့တသြ ဖြစ်သွားရသည်။

သူ ဘာလို့ ကိုးကိုးရဲ့ကျေးဇူးတင်ခြင်းကို အလိုမရှိရတာလဲ။

"ကိုးကိုး ကျေးဇူးတင်လိုက်ရင် ကျွန်တော့်ရဲ့ပေးဆပ်မှုတွေ အလကားဖြစ်ကုန်မှာပေါ့ ... ဒီအတိုင်းပဲ ထားပေးပါ"

စက်သံပြင်းပြင်းနှင့်အတူ သူ ဆိုင်ကယ်ကို ခပ်ကြမ်းကြမ်း မောင်းထွက်သွားလေပြီ။

သူ့ရဲ့ပေးဆပ်မှုတွေ အလကားဖြစ်ကုန်မှာစိုးလို့ ကျေးဇူးမတင်ပါနဲ့တဲ့။

ဘယ်လောက်များ ယောက်ျားပီသလိုက်တဲ့ ကောင်က



လေးလဲ။ ဘယ်လောက်များ နူးညံ့လိုက်တဲ့ နှလုံးသားပိုင်ရှင်လဲ။

ဘာဖြစ်လို့များ ကိုးကိုးတို့နှစ်ယောက်ဟာ ဘဝအခြေအနေချင်း ကွာခြားရတာလဲ။

ဒါဟာ ကိုးကိုးတို့နှစ်ယောက်အတွက် ကံကြမ္မာလား။

အခါးသီးဆုံး ကံကြမ္မာလား။

ကိုးကိုးက ဟိုတယ်ရဲ့ နယ်နိမိတ်စည်းရိုးများကို နာနာကျင်ကျင် ကြည့်လိုက်မိသည်။

ကိုးကိုးတို့နှစ်ယောက်ကြားမှာ ဟောဒီစည်းရိုးဟာ ကာခြားထားခဲ့တာပေါ့။

ဒါဟာ ဘယ်နည်းနဲ့မှ ပြောင်းလဲပြင်ဆင်ခွင့် မရှိတဲ့ ကံကြမ္မာလား ပင်လယ်ရေ ...။ ကိုးကိုး ကြိုးစားပါရစေဦး။

နင့်ဆွေးသောနှလုံးသားဖြင့် ကိုးကိုး ဟိုတယ်ဝင်းထဲ ဝင်ခဲ့သည်။

ခြေလှမ်း တစ်လှမ်းတိုင်း တစ်လှမ်းတိုင်းမှာ နာကျင်နင့်ဆွေးနေရသည်။

ခါးသီးလိုက်တာ ပင်လယ်ရယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

**အချစ်၏ ဆဋ္ဌမနေ့စွဲ . . .**

**"နှလုံးသား တစ်ဆင်စာ"**

ကိုး ကိုးသည် အတွေးများစွာဖြင့် အိပ်ပျက်ကာ တစ်ညတာ လွန်မြောက် မိုးလင်းခဲ့ရပါသည်။

မနေ့က တစ်ညလုံး သူ့အကြောင်းတွေပဲ တွေးမိကာ ရင်ထဲ တနုံ့နုံ့နှင့် ဖျော့ဆွေးခဲ့ရသည်။

သူ့ရဲ့ ပေးဆပ်မှု၊ အနစ်နာခံမှုတွေက ကိုးကိုးရဲ့ တစ်ဖက်သတ်ဆန်လွန်းသော စိတ်ခံစားချက်များကို ပြောင်းလဲခဲ့ချေပြီ။

သူ့ရဲ့ ရိုးသားလွန်းသော ပေးဆပ်မှုတွေကို . . . ကိုးကိုး ဘယ်လိုတုံ့ပြန်ရမလဲ။



အပေးအယူဆန်သော တုံ့ပြန်မှုမျိုး မဟုတ်။

လိုက်လှဲနွေးထွေးသော တုံ့ပြန်မှုမျိုး။

ကိုးကိုး ဘာလုပ်ပေးရမလဲ။

ကိုးကိုး သူ့အတွက် ဘာလုပ်ပေးရမလဲ။

အကြာကြီး ငြိမ်သက် စဉ်းစားနေမိပြီးမှ . . .

ဝုန်းခနဲ ကိုးကိုး ခုန်ထလိုက်သည်။

ကိုးကိုး သူ့ဆီ အပြေးလေး . . .

www.burmeseclassic.com

www.burmeseclassic.com

———————————— ॥

"ပင်လယ်ရေ ... ပင်လယ် ... ပင်လယ် ..."

ကမ်းခြေမှာ ဟိုဘက်ပြေးလိုက် ဒီဘက်ပြေးလိုက်နှင့် အဆက်မပြတ် တကြော်ကြော် အော်ခေါ်နေသော ကိုးကိုးအဖြစ်မှာ အရူးမလေးတစ်ယောက်နှင့် တူနေလေမလား မသိ။

တူလျှင်လည်း တူပါစေတော့။

ခုချိန်မှာ ပင်လယ်ကို တွေ့ရဖို့ပဲ အရေးကြီးသည်လေ။

"ပင်လယ်ကို ဘယ်မှာတွေ့မိလဲဟင်"

"စက်လှေများ ထွက်သွားလား မသိဘူး"

တွေ့သမျှ လူတိုင်းကိုလည်း လိုက်မေးမိသည်။ စက်လှေထားရာသို့ လိုက်သွားတော့လည်း မတွေ့။

"ပင်လယ် စက်လှေထွက်သွားပြီလားဟင်"

"သူ ဒီနေ့ စက်လှေမထွက်ဖြစ်ဘူး ထင်တယ်"



"သူ အခု ဘယ်မှာရှိနိုင်လဲဟင် ... ကျွန်မ ... ကျွန်မ သူ့ကို အရေးတကြီး တွေ့ချင်လို့"

"ပြဿနာတစ်ခုခုများ ရှိလို့လားဟင်"

ပျာလောင်ခတ်နေသော ကိုးကိုးကိုကြည့်ပြီး သူ့ စက်လှေပိုင်ရှင်မှာ ဘယ်လိုထင်သွားသလဲ မသိ။

"ဟင့်အင်း ... ဘာပြဿနာမှ မရှိပါဘူး၊ သူ့ကိုတွေ့ချင်ရုံ သက်သက်ပါ၊ ဟိုလေ ... သူ ကျွန်မကို ကူညီခဲ့ဖူးတော့ တွေ့ချင်တာ"

"မနေ့က ကလေးမနဲ့အတူ မုန်တိုင်းမိပြီး ကျွန်းတစ်ကျွန်းမှာ ခိုနေခဲ့ရတယ် ပြောတယ် ... ဘာဖြစ်သွားသေးလဲ"

ကိုးကိုးကို စေ့စေ့ကြည့်လျက်မေးသော အမျိုးသမီးကြီး၏ အကြည့်မှာ တစ်မျိုးကြီးမို့ ကိုးကိုးမှာ ပျာပျာသလဲပင် ပြန်ဖြေရသည်။

"အို ... ဘာမှ မဖြစ်ပါဘူးရှင်၊ သူဟာ သိပ်ရိုးသားတဲ့လူပါ၊ ကျွန်မကိုလည်း အစစအရာရာ အကူအညီပေးခဲ့ပါတယ်"

ကိုးကိုးမှာ ရိုးသားလွန်းသော သူ့သိက္ခာကို အထိပါးမခံနိုင်သည်မို့ ကဲကဲဆတ် ရှင်းပြနေမိသည်။

အမျိုးသမီးကြီးမှာ ကိုးကိုးပြောပုံကို ပြုံးကာ ...

"ဟုတ်တယ် ... ပင်လယ်က သိပ်စိတ်ကောင်းရှိတ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့မဆို ကူညီတတ်တယ်၊ ရိုးလည်းရိုးသားတယ်၊ ကလေးမက ညှို့သည်မို့ စိတ်ပူပြီး မေးကြည့်တာပါ၊ ကလေးမ သူ့ကို လာရှာတဲ့ပုံက ပျာပျာလောင်လောင်ဆိုတော့ အဒေါ်လည်း စိတ်ပူသွားလို့ မေးမိတာပါ''

''ဩော် ... အဟင်း ဟင်း ... ကျွန်မက စိတ်စောနေလို့ ပျာလောင်ခတ်မိသွားတာ ထင်ပါရဲ့ ... သူနဲ့မတွေ့ရမှာ စိုးလို့လေ''

ကိုးကိုးမှာ အမျိုးသမီးကြီးကို ရှက်ဝဲဝဲနှင့် ကာကွယ်ပြောဆိုနေမိသည်။

ကိုးကိုး အဲ့ဒီလောက်တောင် ပျာလောင်ခတ်သွားမိသလား။

''ဒါနဲ့ သူ အခု ဘယ်မှာရှိမလဲဟင် အဒေါ်''

''အင်း ... ဒီကောင်လေးဟာ အလုပ်ကခပ်များများဆိုတော့ ဆိုင်ကယ်အုံနာဆီများ ရောက်နေမလား မသိဘူး''

''ကျွန်မ လိုက်သွားလိုက်ဦးမယ်''

အမျိုးသမီးကြီးမှာ အလျင်လိုနေသော ကိုးကိုးကို ပြုံးကြည့်ကာ ...

''အေး အေး ... လိုက်သွား ကလေးမရေ၊ ပင်လယ်ဟာ သိပ်သနားဖို့ကောင်းတဲ့ ကလေးပါ ... ဆင်းရဲပေမယ့်



ကိုယ့်ဘဝကို ရိုးရိုးသားသားနဲ့ ကြိုးစားနေတာ၊ ပညာလေးလည်း ပေါ်ရှာတယ်''

အဒေါ်ကြီးရဲ့ သူ့ကိုချီးကျူးသော စကားများက ကိုးကိုးကိုပဲ စောင်းတချိတ်ချိတ်လေး ပြောဆိုနေသလိုမို့ လှည့်ထွက်လာခဲ့သည့်တိုင် ကိုးကိုးရဲ့ကျောပြင်မတ်မတ်လေးက ရှက်အမ်းလို့နေမိသည်လေ။

ဒီနေ့အဖို့ ...

သူ့ကို မတွေ့မချင်း ရှာမည်လို့ ကျိန်ဆိုထားခဲ့သည်မို့ သူ့ဆိုင်ကယ်အုံနာအိမ်ကို ကိုးကိုး လိုက်ရဦးမည်။

စိတ်က မောနေသည်မို့ လူကပါ ဟိုက်ဟိုက်ကလေး ဖြစ်လာသည်။

သို့သော် သူ့ကို မတွေ့လို့မဖြစ် ...။

သူ့ကို မတွေ့လိုက်ရရင် ဒီနေ့အဖို့ ရှော့ခ်ရနိုင်သေးသာ ကိုးကိုးရဲ့ စိတ်တန်ခိုးကြောင့်ပဲလား မသိ။

လမ်းတစ်ဝက်မှာတင် စက်သံပြင်းပြင်းတင်လာခဲ့ပြီး အနားရောက်တော့မှ ရုတ်တရက် ရပ်ချလိုက်သောအသံကြောင့် ကိုးကိုးမှာ ရင်တုန်ပန်းတုန် ဖြစ်သွားရသည်။

''ကိုး ... ကိုးကိုး ... ဘာဖြစ်လို့လဲဟင် ကိုးကိုး ... ကျွန်တော့်ကို လိုက်ရှာနေတယ်ဆို''

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံမှာ စိုးရိမ်တကြီး အမောတကော ...။

ကိုးကိုးမှာ သူ့ကိုတွေ့လိုက်ရတော့မှ ဟင်းခနဲ သက်ပြင်းချနိုင်ကာ မောမောတွေတွေကလေး ခေါင်းလေးစောင်းကာ ကြည့်မိတော့သည်။

"ဘာလဲဟင် ကိုးကိုး ... ဘာဖြစ်လို့လဲ ... ကျွန်တော် ဘာလုပ်ပေးရမလဲ ... ပြော၊ ကျွန်တော် ကိုးကိုးအတွက် အရမ်းစိတ်ပူနေတာ၊ ကိုးကိုး ကျွန်တော့်ကိုလိုက်ရှာနေတာ သိသိချင်းပြေးချလာတာ"

တကယ့်ကို စိုးရိမ်တကြီးဖြစ်နေသော သူ့ကို ကြည့်ကာ ကိုးကိုး ခုနက ပျာယီးပျာယောင် လိုက်ရှာရကျိုး နပ်သွားသလို ခံစားရပါသည်။

"ကျွန်မ ဘာမှမဖြစ်ဘူး"

"ဟင် ... ဒါဆို ဘာလို့ ..."

"ရှင့်ကို တွေ့ချင်လို့"

ကိုးကိုးက ခေါင်းလေးငုံ့ထားလျက်က မျက်လွှာလေးပင့်ကာ ပြောလိုက်သည်။

ခုနက စိုးရိမ်တကြီး ဖြစ်နေခဲ့သော မျက်ဝန်းညိုကြီးများက ခုတော့ မျက်လွှာလေး ပင့်ကြည့်တာကို မခံနိုင်သလို မျက်နှာလွှဲသွားကာ ...





"ကျွန်တော့်ကို ဘာလို့ တွေ့ချင်ရတာလဲ"

မျက်နှာလွှဲထားရဲ့က ခိုးကြည့်ပြီးမေးတာမို့ ကိုးကိုး အသည်းယားကာ ရယ်လည်း ရယ်ချင်သွားမိသည်။

"ကိစ္စရှိလို့"

"ဘာကိစ္စလဲ"

"ပြန်မမေးနဲ့၊ ဘာမှလည်း စောဒကမတက်နဲ့၊ ဖြတ်မေးဖြတ်ပြောတာမျိုး လုံးဝမကြိုက်ဘူး ... တိတ်တိတ်နေ၊ ဒီနေ့တစ်နေ့လုံး ရှင့်ဆိုင်ကယ်ကို ကျွန်မ ပတ်ပြတ်ချောဆွဲမယ် ... ဟုတ်ပြီလား၊ ကဲ ... ကျွန်မ,ပြောတဲ့နေရာသာ မောင်း၊ ဆိုင်ကယ်ကို ဖြည်းဖြည်းနဲ့ ငြိမ့်ငြိမ့်လေးမောင်းနော် ... ကျွန်မ ဖိမ်လေးနဲ့ စီးချင်တယ်"

တမင်ကို ကျောစီးစီးလေးပြောပြီး ကိုးကိုးက ဆိုင်ကယ်ကို တက်ခွသည်။

ခါးကြိုးစည်း ချည်သားဒုံ့ပွလေး ဝတ်လာတာမို့ တက်ခွစီးရဲတာလည်း ပါပါသည်။

သူ့နောက်ကနေ ပခုံးပေါ် လက်လေးတစ်ဖက်တင်၊ ဘေးတိုက် ဒူးလေးစုကာ နွဲ့နွဲ့လေး မစီးချင်ပေါင်။

မိန်းမဆန်လွန်းလှတယ် ထင်သည်။

ခုတော့ နောက်မှ ခွထိုင်သည်မို့ ခပ်တည်တည်ပင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ ပခုံးနှစ်ဖက်လုံးပေါ် လက်နှစ်ဖက်ကို တင်ထားလိုက်သည်။

ဘာဖြစ်သေးလဲ ...

''ဘယ်သွားမှာလဲ ပြောဦးလေ ...ဒီလောက်တော့ မေးခွင့်ရှိတယ် မဟုတ်လား''

မေးသာမေးပေမယ့် လေသံကျို့ကျို့လေးနဲ့မို့ ကိုးကိုးမှာ ကျိတ်ပြုံးလိုက်မိရင်း ...

''အဝတ်အစား နည်းနည်းဝယ်ချင်လို့ Brand ကောင်းကောင်းတင်တဲ့ ဆိုင်တစ်ဆိုင် မောင်း''

''အဝတ်အစား ဝယ်ဦးမယ် ...ခင်ဗျားမှာ ဝတ်စရာမရှိတော့ဘူးလား''

''ပြန်မမေးနဲ့လို့ ပြောထားတယ် မဟုတ်လား ... မောင်းစရာရှိတာသာ မောင်း''

''ပြီးတာပဲ''

ကိုးကိုး တမင် လေသံမာလိုက်တော့ သူ နည်းနည်းတင်းသွားတယ် ထင်သည်။

လီဗာကို တင်လေတော့သည်။

''ဟိတ် ...ဖြည်းဖြည်းနဲ့ ငြိမ့်ငြိမ့်လေးမောင်းလို့ ပြောထားတယ်မဟုတ်လား''

''ကျွန်တော် ဒီလိုပဲ မောင်းတတ်တယ်၊ ဖြည်းဖြည်းနဲ့





ငြိမ့်ငြိမ့်လေး စီးချင်ရင်တော့ နိဗ္ဗာန်ယာဉ်သာ မှာစီး''

ထုံးစံအတိုင်း သူ ဘုမှတ်တော့သည်။

ကိုးကိုးမှာ ဒီတစ်ခါတော့ ပြန်စွာဖို့ စိတ်ကူးမရှိတော့ဘဲ ရယ်ချင်လာကာ အသံမထွက်အောင် ကျိတ်ရယ်မိသည်။

အတင်း ထိန်းချုပ်ကာ ကျိတ်ရယ်မိသည်မို့ ကိုးကိုးကိုယ်လုံးလေးမှာ သိမ့်သိမ့်ခါနေရသည်။

သူ့ပခုံးကို ကိုင်ထားသော လက်များပါ ခါနေလေသည်မို့ သူ ဘုရှိတ် လှည့်ရှိတ်သည်။

''ဟိတ် ...ပခုံးကို မလှုပ်နဲ့နော်၊ ဟန်ချက်ပျက်ပြီး ဆိုင်ကယ်မှောက်သွားမှ နိဗ္ဗာန် တကယ်ရောက်သွားမယ်''

လေသံက မာသာထားပေမယ့် သူလည်း ရယ်ချင်လာတာ ကိုးကိုး ခံစားသိနေပါသည်။

ရယ်မောခြင်းဟာ ခါတ်ကူးတတ်သတဲ့လေ။

''လူကို ခြိမ်းလား,ခြောက်လား လာမလုပ်နဲ့နော်၊ မကြောက်လို့ ချောင်းသာကို တစ်ယောက်တည်းလာတာ၊ လှုပ်ရုံတင်မကဘူး ... ပခုံးကို ကိုင်ဆောင့်ပစ်လိုက်တော့ရော ဘာဖြစ်လဲ''

ကိုးကိုးမှာ အသည်းယားလာကာ တကယ်ပဲ သူ့ပခုံးကို ကိုင်ဆောင့်တွန်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဟေ့ ဟေ့ . . . မှောက်မယ်ကွ"

ကိုးကိုး ကိုင်ဆောင့်တာထက် သူက ပိုကဲကာ လှုပ်ယိမ်းလျက် လီဗာကို တင်သည်။

ကိုးကိုးမှာ ရုတ်တရက်မို့ အရှိန်ကိုမထိန်းနိုင်ဘဲ သူ့ကျောပေါ် ငိုက်ကျသွားရသည်။

ရင်ညွန့်သားလေးများ အိခနဲ ထိကပ်သွားရတာမို့ ကိုးကိုးရက်သည်းပူရှိန်းကာ သူ့ကျောကို လက်သီးဖြင့် တအုန်းအုန်းထုလိုက်မိသည်။

သူကလည်း မထင်မှတ်နိုင်စွာ ဖြစ်သွားခဲ့ရသည့်အတွက် မလုံမလဲ အနေရအထိုင်ရ ခက်သွားပုံရသည်။

နှစ်ယောက်သား တိတ်ဆိတ်ငြိမ်သက်သွားရတော့သည်မှာ ဆိုင်ရောက်သည်အထိ။

"ကဲ . . . ရောက်ပြီ၊ ကျွန်တော်တို့ဆီမှာတော့ ဒီဆိုင်က အမိုက်ဆုံးပဲ၊ ကျွန်တော့်ဘော်ဒါ သူဌေးသားတွေဆို ဒီဆိုင်မှာ လာဝယ်ကြတာများတယ်၊ သိပ်အကြာကြီး မဝယ်နဲ့နော် . . . ကျွန်တော် ဒီနားကပဲ စောင့်နေမယ်"

"မရဘူး . . . ရှင်လိုက်ခဲ့မှ ဖြစ်မယ်"

"ဟာ . . . မလိုက်ချင်ပါဘူး၊ မိန်းကလေးတွေက ဈေးဝယ်ရင် အရမ်းကြာတာတဲ့၊ နောက်က အထုပ်ကိုင်ပြီး





ဘကောက်ကောက်လိုက်ရမှာ မနိုင်ပါဘူး"

"တကောက်ကောက် လိုက်စရာ မလိုဘူး . . . တစ်ဆိုင်ထဲ ဝင်မှာ"

"ဘာပဲဖြစ်ဖြစ်ဗျာ . . . မိန်းမအသုံးအဆောင်တွေ ဝယ်မှာ မျက်နှာပူစရာကြီး . . . ကျွန်တော် ရှက်တယ်"

"ရှင့်ကို ဘယ်သူက မိန်းမအသုံးအဆောင် ဝယ်မယ်ပြောလို့လဲ"

"ဒါဆို ခင်ဗျားက ယောကျ်ားအသုံးအဆောင် ဝယ်မှာမို့ဘား . . . မေးပုံက ခနဲ့သလိုလို၊ စောင်းသလိုလို"

"ဟုတ်တယ် . . . ယောကျ်ားအသုံးအဆောင် ဝယ်မှာ၊ ဒါကြောင့် ရှင့်ကို ကိုယ်တိုင်းတိုင်းရအောင် ခေါ်တာ . . . သိပြီလား"

သူ့မျက်နှာမှာ အရိပ်တစ်မျိုး ဖြတ်ပြေးသွားသည်။

ကိုးကိုးက အကွက်နင်းကာ . . .

"စောဒက မတက်နဲ့လို့ ကြိုမှာထားတယ်နော်"

"ရပါတယ် . . . ခင်ဗျား စိတ်ချမ်းသာဖို့က အဓိကပါပဲ၊ ကျွန်တော် လိုက်ခဲ့ပေးပါ့မယ်"

သူ့မျက်နှာက ညှိုးလျငြိမ်သက်သွားကာ အသံကလည်း ဖျော့ရှ၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သင့်ခ်ယူပါ ...ကျွန်မ လူတစ်ယောက်ကို ရန်ကုန်အပြန် လက်ဆောင်ဝယ်သွားပေးချင်လို့၊ အဲဒီလူက ရှင့်အရပ်အမောင်းလောက်ပဲလေ၊ အဲဒါကြောင့် ရှင့်ကို ခေါ်တာ"

သူ ဘာမှ ထပ်မပြောတော့ဘဲ ကိုးကိုးနောက် ငြိမ်သက်စွာ လိုက်ပါလာခဲ့သည်။

ကိုးကိုးမှာ အကြံအစည် ရှိပြီးသား။

ကိုးကိုးက ရှပ်အင်္ကျီတွေဆီ အရင်ကြည့်သည်။

"ဒီ ကွမ်းရိုးစင်းလက်ရှည်လေးတွေ မလှဘူးလားဟင်"

သူ ဘာမှ ပြန်မပြော။

"အို ...မေးနေတယ်လေ ...မကြားဘူးလား"

"မသိဘူးလေ ...ခင်ဗျားပဲ စောဒက မတက်နဲ့ဆို"

"ခုဟာက ရှင့်ကို တိုင်ပင်နေတာလေ"

သူက မျက်မှောင်ကြုတ်ကာ အင်္ကျီကို ကြည့်ရင်း ...

"ခင်ဗျား လက်ဆောင်ပေးမယ့်လူကို ကျွန်တော်မှ မမြင်ဖူးဘဲ ...ဘယ်လို ပြောရမှာလဲ၊ ကျွန်တော်ကတော့ လက်ရှည်ဆို စိတ်အိုက်တယ် ...မကြိုက်ဘူး"

"ဒါဆို ဟာဝေယံရော ...အပွင့်လေးတွေ လွင်တယ်၊ ပေါ့ပေါ့ပေါ့ပါးပါးလည်း ရှိတယ်"





"မကြိုက်ပါဘူး ...ကြောင်တောင်တောင်နဲ့၊ ကျွန်တော်က ရှော့စ်ကာစတိုင်လ် အကြိုက်ဆုံးပဲ ...တီရှပ်အမည်း၊ ဂျင်းအပြာနဲ့ ကန်းထရီးဒေါက်နဲ့"

"မြက်ဦးထုပ်ပါ ဆောင်းလိုက်လေ ...နွားကျောင်းသားပေါ့"

သူ့မျက်နှာ စူပုပ်သွားတော့သည်။

တမင် သူ မခံချင်အောင် စ,မိသော်လည်း ...ကိုးကိုးက တီရှပ်အမည်း၊ ဘလူးဂျင်းနှင့် ကန်းထရီးဒေါက်ပဲ ဝယ်ဖြစ်သည်။

သူ့ဆိုဒ်နှင့်တိုင်းသောအခါ မတုန်မလှုပ်နေသည်။

သူ ကောက်ပြနေမှန်း ကိုးကိုး သိတာပေါ့။

ဆိုင်မှ ပြန်အထွက်မှာ အေးစက်စွာ မေးသည်။

"ဘယ်သွားဦးမှာလဲ"

"ဟိုတယ်ပဲ ပြန်တော့မယ်"

သူ့မျက်နှာ သိသာစွာ မှုန်မှိုင်းသွားသည်။

နှစ်ယောက်သား တိတ်ဆိတ်စွာ ပြန်လာခဲ့ကြသည်။

အပြန်လမ်းတစ်လျှောက်လုံး နှစ်ယောက်သား စကားကစ်ခွန်းမှ မဆိုဖြစ်။

ဟိုတယ်ဆီမရောက်ခင် သူက ရပ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျက်ဝန်းညိုကြီးများဖြင့် မှုန်မှိုင်းစွာ ငေးရီနေသည်။ ကိုးကိုး အထုပ်များကို သူ့လက်ထဲထည့်ပေးလိုက်သည်။

"ဒါက"

"ပင်လယ့်အတွက်"

"အာ ... ဘာလဲ ... မယူချင်ပါဘူး။ ခင်ဗျား ရန်ကုန်က လူအတွက် လက်ဆောင်ဆို"

"ရန်ကုန်မှာ ကျွန်မ လက်ဆောင်ပေးစရာ ဘယ်သူမှ မရှိဘူး ... အလကားပြောတာ၊ ဝယ်ကတည်းက ရှင့်အတွက် ရည်ရွယ်ပြီး ဝယ်တာ၊ ဒါကြောင့် ရှင့်အကြိုက်ပဲ ဝယ်ခဲ့တာပေါ့"

"ဟင်အင်း ... ကျွန်တော် မယူချင်ဘူး"

သူက အထုပ်ကို ကိုးကိုးလက်ထဲ အတင်းပြန်ထည့်ပေးသည်။

အထုပ်မှာ ကိုးကိုးလက်နှင့် သူ့လက်ကြား ဘော်လီဘောတစ်လုံးလို ပြေးလွှားကူးပြောင်းနေရသည်။

"ခင်မင်မှုနဲ့ ပေးတဲ့လက်ဆောင်ကို ငြင်းရင် ရိုင်းတယ်ဆိုတာ ရှင်မသိဘူးလား၊ ရှင့်ကို ပိုးကြေးပန်းကြေးပေးတာ မဟုတ်ဘူးရှင့် ... ရိုးရိုးသားသား ပေးတာ ... ရဲရဲသာယူ"

"ဟင်အင်း ... ခင်ဗျား ဘာလို့ပေးသလဲဆိုတာ ကျွန်တော်သိတယ်၊ ခင်ဗျားကို ကူညီစောင့်ရှောက်ခဲ့တဲ့အတွက် လက်



ဆောင်ပြန်ပေးတာ မဟုတ်လား၊ ကျွန်တော်ပြောခဲ့တယ်လေ ... ကျွန်တော့်ရဲ့ပေးဆပ်မှုတွေ အလကားဖြစ်အောင် မလုပ်ပါနဲ့၊ ကျွန်တော့်ကို အပေးအယူသဘောမျိုး မဆက်ဆံပါနဲ့ဗျာ ... မလိုပါဘူး၊ ကျွန်တော်က ခင်ဗျားကို ..."

သူ အဆက်မပြတ်ပြောပြီးမှ ရုတ်တရက် စကားရပ်ကာ တံတွေးမျိုချသည်။

ကိုးကိုးရင်ထဲ ငလျင်ငယ်တစ်ခု ဖြတ်သန်းသွားခဲ့သည်။

ကိုးကိုး သူဆက်ပြောမည့်စကားကို စိတ်လှုပ်ရှားစွာ နားစွင့်ဆဲ ...

"ကျွန်တော် ခင်ဗျားကို ရိုးရိုးသားသား ခင်တာပါ"

ကိုးကိုး မျက်လွှာချကာ ပင့်သက်ရှိုက်မိသည်။

"ဟုတ်ကဲ့ ... ကျွန်မကလည်း ရှင့်ကို ရိုးရိုးသားသားပဲ လက်ဆောင်ပေးတာပါ၊ ရှင်ထင်သလို ဘာအပေးအယူသဘောမျိုးနဲ့မှ မဟုတ်ဘူး၊ ခင်မင်မှုကို ခင်မင်မှုနဲ့တုံ့ပြန်တယ်လို့ပဲ နားလည်ပေးပါ"

"ဟာဗျာ ... ကျွန်တော် ..."

သူ စကားရှေ့မဆက်တတ်တော့တာမို့ ငြင်းရခက်သွားပြီဆိုတာ ကိုးကိုး ... သိလိုက်သည်နှင့် အကွက်နင်းလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာ အစီအစဉ်တစ်ခုရှိတယ် ... ကျွန်မအတွက် သိပ်အရေးကြီးတဲ့ အစီအစဉ်"

သူ စိတ်ဝင်စားနေရဲ့လားဆိုတာ ကိုးကိုးက အကဲခတ်လိုက်သေးသည်။

သူ ငြိမ်သက်နားစွင့်နေတယ်ဆိုတာ သေချာတော့မှ...

"ကျွန်မ ဒီည ဒီဟိုတယ်မှာ ရှင်နဲ့ ညစာ အတူစားချင်တယ်"

ကိုးကိုးက အလေးအနက်ပြောမှန်းသိအောင် တစ်လုံးချင်း ပြောလိုက်သည်။

လုံးဝ ထင်မှတ်မထားသောစကားကို ကြားလိုက်ရသလို သူ "ဗျာ" ခနဲ အံ့အားသင့်သည်။

"ရှင့်ကို ကျွန်မရဲ့ဧည့်သည်အဖြစ် ဖိတ်ပြီးတော့ ဒီဟိုတယ်မှာ ညစာ အတူစားချင်တယ်"

"ကိုးကိုးရယ် ... ကျွန်တော် ..."

"ကျွန်မ မနက်ဖြန် ပြန်တော့မှာ ပင်လယ်"

"ဟင်"

သူ လှုပ်ရှား ထိတ်လန့်သွားသည်။

"ကျွန်မ မေမေ့ဆီက ချောင်းသာမှာနေခွင့် ခုနစ်ရက်ပဲ တောင်းခဲ့မိတာ"



သူ ကိုးကိုးမျက်နှာကို ဘယ်တော့မှ မတွေ့နိုင်တော့တဲ့ သူတွေလို နှမ်းနှမ်းလျလျ ကြည့်သည်။

"ရှင် ကျွန်မကို တကယ်သံယောဇဉ် ရှိတယ်ဆိုရင်, ဪတော့ ကျွန်မက ရှင့်အပေါ်ထားတဲ့ သံယောဇဉ်ကိုလည်း အသိအမှတ်ပြုတယ်ဆိုရင် ကျွန်မလက်ဆောင်ပေးတဲ့ အဝတ်အစားတွေ ဝတ်ပြီး ဒီည ကျွန်မနဲ့အတူ ညစာစားလှည့်ပါ"

အသံတို့ ဘာကြောင့်များ အဖျားခတ် တိမ်ဝင်သွားရတာပါလိမ့်။ မျက်ဝန်းထောင့်မှာ ပူနွေးလာတာ သတိထားလိုက်မိသည်။

ကိုးကိုး မျက်တောင်တို့ကို ကပျာကယာ ခတ်လိုက်ရသည်။

အချိန်မမီတော့ ...

ပါးပြင်တစ်လျှောက် စီးစွတ်သွားတာ သိလိုက်လျှင် မျက်နှာကို ဆံပင်များနှင့် ဖုံးကွယ်ကာ သူ့ကို ကျောခိုင်းလိုက်သည်။

ခဏအမျှကြာလျှင် စက်သံသဲ့သဲ့ကို ကြားရသည်။

ကိုးကိုး လှည့်မကြည့်မိ။

www.burmeseclassic.com

www.burmeseclassic.com

------------------- ။

ဟိုတယ်တွင်းအပြင်အဆင်ကို သူ တအံ့တသြ ငေးနေတာ တွေ့ရတော့ ကိုးကိုး မကျီစယ်ဘဲ မနေနိုင်တော့။

"ဟော့ . . . ခလုတ်တိုက်မယ်နော်"

"အာ . . . ကိုးကိုးကလည်း"

သူ အရှက်ပြေ ပြန်ပြောသည်။

ညစာစားရန် ဟင်းအမယ်များ မှာတော့လည်း သူ့မှာ အငေးသား။

"ရှင် ဘာစားချင်လဲဟင် . . . စားချင်တဲ့ဟင်း မှာလေ"

"ရပါတယ် . . . ကိုးကိုးကြိုက်တာသာ မှာပါ . . . ကျွန်တော် စားလို့ဖြစ်ပါတယ်"

သူ့မျက်နှာမှာ ညိုးလျှနေသည်။

"ကျွန်မက ပင်လယ်စာ အရမ်းကြိုက်တယ်၊ ရန်ကုန်



မှာလည်း အမြဲစားနေကျ၊ ဒီမှာတော့ ပိုလတ်ဆတ်မှာပေါ့၊ ဂဏန်းချဉ်စပ်ဆို ကျွန်မ အရမ်းကြိုက်တယ်၊ ပုစွန်အစိမ်းသုပ်လည်း ကြိုက်တယ်"

ဒါပေမဲ့ တကယ်တမ်း မှာထားတာတွေ ရောက်လာတော့လည်း ကိုးကိုးတို့နှစ်ယောက် ဟုတ်တိပတ်တိ မစားဖြစ်။

"ရှင် စားတာကလည်း တို့ကနန်း ဆိတ်ကနန်းနဲ့၊ မြိန်ရေယှက်ရေ စားစမ်းပါ၊ ရှင့်ခန္ဓာကိုယ်ကြီးနဲ့ အစားနည်းတာတော့ ဟုတ်ဟန်မတူပါဘူး"

ကိုးကိုးမှာ သူ့စားပုံကြည့်ပြီး အားမရ။ သို့သော် သူ ပြန်ဖြေသောစကားကြောင့် ကိုးကိုးရင်ထဲ နင့်သွားခဲ့ရသည်။

"ခင်ဗျား ယုံပါ့မလား မသိဘူး . . . ကျွန်တော် ပင်လယ်သားဆိုပေမယ့် ဒီလောက်ကောင်းတဲ့ အစားအသောက်တွေ တစ်ခါမှ မစားဖူးဘူး"

ကိုးကိုးနဲ့ သူ့ဘဝဟာ ဘာလို့များ ဒီလောက်တောင် ကွာခြားရတာလဲကွယ်၊

ကိုးကိုးသည် ရင်တစ်ခုလုံး ဖျော့ဆွေးနွမ်းမောလျက်။ မက်မက်စက်စက် ကြိုက်လွန်းလှသော ဟင်းတွေလည်း လျှာပေါ်မှာ အရသာမထင်နိုင်တော့ . . . ။

"ခုလို ညစာကျွေးတဲ့အတွက် ကျွန်တော် ကိုးကိုးကို

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးအများကြီး တင်ပါတယ်''

''ပင်လယ်ရယ် ... တကယ်ဆို ကိုးကိုးကသာ ပင်လယ့်ကို ကျေးဇူးတင်ရမှာပါ''

''ကျွန်တော် ကျွန်းပေါ်မှာ ကူညီခဲ့တဲ့အတွက်''

''ဟင်အင်း ... ရှိပါသေးတယ်''

''ဘာများလဲ''

သူ စိတ်ဝင်တစားဖြင့် ကိုးကိုးစကားကို နားစွင့်သည်။

''ခါးသီးခဲ့တဲ့ ကိုးကိုးရဲ့နှလုံးသားကို ပင်လယ် ပြောင်းလဲပေးနိုင်ခဲ့တယ်လေ''

အဲဒါ ကိုးကိုးရင်ထဲက စကားပါ။

တကယ်တမ်းမှာတော့ လိုအပ်တာထက်ကို ပိုစောင့်စည်းထိန်းချုပ်နေတဲ့ ပင်လယ့်ကြောင့် ကိုးကိုးမှာ ...

''အင်း ... ဘာမှ မဟုတ်တော့ပါဘူး ပင်လယ်ရယ်''

လို့သာ ပြန်သိမ်းဆည်းလိုက်ရတော့သည်''

သူ့ရဲ့ ရွှန်းရီသော မျက်ဝန်းညိုများကို နားလည်ပါရဲ့နဲ့ သူ ဘာလို့ ခုထိ မဖွင့်ဟသေးတာလဲ။ နိမ့်ပါးကွာခြားတဲ့ ဘဝအနေအထားကြောင့် သူ မျိုသိပ်နေတာလား။

မျိုသိပ်နိုင်လွန်းသည့်သူ ...၊ မျက်ဝန်းညိုများနှင့် လိုက်ဖက်ညီအောင် ရိုးသားသည့် သူ ...၊ ကျွန်းတစ်ကျွန်းပေါ်တွင်



နှစ်ယောက်တည်း ရှိနေခဲ့တာတောင် အခွင့်အရေးမယူဘဲ စောင့်စည်းတတ်သည့်သူ ...

သူ့အပေါ် အထင်ကြီး လေးစားရသည့်စိတ်က ကိုးကိုးနှလုံးသားမှ ယိုဖိတ်စီးဆင်းခဲ့ရပြီ။

တစ်သက်လုံးက မေမေရိုက်သွင်းပေးခဲ့သလို လောကမှာ ယောကျ်ားတိုင်းဟာ အခွင့်အရေးရလျှင် ရသလို ယူတတ်တာမျိုး မဟုတ်ဘဲ ပင်လယ့်လို ယောကျ်ားပီသလွန်းလှသည့် စိတ်ဓာတ်နဲ့ စောင့်စည်းထိန်းသိမ်းတတ်သူလည်း ရှိသေးသည် ဆိုတာ ခုတော့ ... ကိုးကိုး လက်တွေ့သိမြင်ခဲ့ရပြီ။

ညစာစားပြီး သူပြန်သွားချိန်မှာ ... ကိုးကိုးသည် အခန်းထဲမှာ ရင်ညွန့်ပေါ် လက်နှစ်ဖက်ယှက်ပြီး သူ့အကြောင်းတွေးနေ ါရာမှ ...

ကိုးကိုးကို နာကျင်ခါးသီးစွာ မေမေပြောပြခဲ့ဖူးသော ဖေဖေနှင့်မေမေရဲ့ ဆန်းကြယ်လှသော၊ ခါးသီးလှသော၊ ကြေကွဲဖွယ်အတိလည်း ဖြစ်သော အတိတ်ဇာတ်ကြောင်းကို ပြန်စဉ်းစားနေမိသည်။

ဟိုး လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ဝန်းကျင်လောက်တုန်းကပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

**မင်း**ထင်ကျော်နဲ့ အိမ်နီးချင်းဖြစ်ရတာ မြမိုးစက် အတွက်တော့ ကံဆိုးသောဆုလာဘ်ဟု တင်စားရမည်ပင်။

ဆုလာဘ်ဟု တင်စားရသည်ကတော့ သူ ဘယ်လောက်ပဲ ဆိုးဆိုး၊ မိုးစက်အပေါ် ဘယ်လောက်ပဲ အနိုင်ကျင့် ဗိုလ်ကျပါစေ ကစားရွယ် ငယ်ကတည်းက စွဲခဲ့တဲ့ အချစ်ဦးမို့ပင် ...

"မိုးစက်ရယ် နင့်မျက်နှာလေးက နာမည်နဲ့လိုက်အောင် ငြိမ်းတယ် ... သိလား၊ နင့်ကိုတွေ့လိုက်တာနဲ့ ရင်ထဲ အေးသွားတာပဲ"

သူ့စကားသံက ရင်ထဲကပါလား၊ အပေါ်ယံ လောကွတ်လားတော့ မသိ။ မိုးစက်ကတော့ ကြွေဆင်းမိချေပြီ။

"မင်းထင်နော် ... ဘာစားချင်လဲပြော၊ မမြှောက်လည်း ငါ ကျွေးမှာပါဟာ ... ညာနိုင်းစရာ မလိုပါဘူး၊ ကတ်ကြေးကိုက်



လား၊ မြှီးရှည်လား"

ကျွေးမှာဆိုသော စကားက ဝယ်ကျွေးဖို့ မဟုတ်။ ကိုယ်တိုင်ကိုယ်ကျ ဝယ်ခြမ်းလုပ်ကျွေးရတာ။

သူ့အကြိုက်တွေကို မိုးစက်ကိုယ်တိုင်ကိုက ကိုယ့်လက်နှင့် ချက်ပြုတ်လုပ်ကျွေးချင်သလို သူကလည်း မိုးစက်လက်ရာကိုမှ လျှာထူးသည်တဲ့လေ၊

"ကတ်ကြေးကိုက်လည်း မဟုတ်ဘူး၊ မြှီးရှည်လည်း မဟုတ်ဘူး၊ ငါစားချင်တာ နင်တကယ် ကျွေးမှာလား"

မင်းထင် မျက်လုံးများက ညို့လာသည်။

မိုးရွာတော့မလို ညို့လာသောမျက်ဝန်းများနှင့် မင်းထင် စိုက်ကြည့်ပြီဆို မိုးစက်ကြောက်သည်။

မင်းထင်က လူလည် ငရှုပ်လေ။

"မင်းထင်နော် ... မယုတ်မာနဲ့နော်"

မိုးစက် သူ့မျက်လုံးများကို ကြောက်သည်မို့ မျက်လုံး စုံမှိတ်ကာ အော်သည်။

"ဟ ... ဘာလဲ၊ နင်ကလည်း ငါ့ဆို လူယုတ်မာကြီး ကျနေတာပဲ၊ ငါစားချင်တာက ..."

မင်းထင်က စကားကို ရှေ့မဆက်ဘဲ မိုးစက်ရဲ့ ပါးပြင် မို့မို့ကို လက်ညှိုးထိပ်ဖြင့် ဖွဖွပွတ်လိုမ့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်ပါးလေးက စထရော်ဘယ်ရီရောင်နော်၊ အဝေးကနေ ကြည့်ရင် စထရော်ဘယ်ရီခင်းလေးလိုပဲ . . . နီရဲနေတာပဲ၊ ပြီးတော့ ဖောင်းဖောင်းအိအိလေး၊ ငါ တကယ် ကိုက်စားချင်တယ်"

"နင် . . . နင် . . ."

မိုးစက် ရှက်သည်းကာ နင်နော်လို့ပဲ တိုးဖွဖွ ညည်းရှာပါသည်။

ခေါင်းကြီးငုံ့ချကာ မျက်လုံးများကို ကျပ်နေအောင် ဖိမှိတ်ထားမိသည်။

ချွန်မြသော နှာတံ၊ ပန္နွေးထူပြည့်သော နှုတ်ခမ်းတစ်စုံက စထရော်ဘယ်ရီခင်းလေးကို မုန်တိုင်းငယ်လေးတစ်စင်းလို့ မွှေနှောက်သွားသည်။

တကယ်လည်း မိုးစက်ရဲ့ ပါးပြင်ကလေးများက တောင်ပေါ်သူလေးတစ်ယောက်လို နီစွေးသည်။

အဲဒီ နီစွေးစွေးပါးပြင်ကလေးများကို မင်းထက်ကလည်း ငယ်ငယ်ကတည်းက နိုး, နိုး မွှေးနေကျ။

ငယ်ငယ်တုန်းကတော့ မကြိုက်ရင် အော်ငိုမိရုံပင်။

ခုတော့ ရင်ခုန် ရှက်သည်းတတ်လာပြီ။

မင်းထင်ရဲ့ အချစ်မုန်တိုင်းက စထရော်ဘယ်ရီခင်း





ကလေးဆီမှဖန နယ်ကျော်လာချင်တော့ မိုးစက် အထိတ်တလန့်နှင့် တွန်းထုတ်ရချေပြီ။

"မင်းထင်နော် . . . ငါ တီတီနဲ့ တိုင်ပြောမှာ"

တွန်းထုတ်ခံလိုက်ရတော့ မင်းထင်မျက်နှာက ရှုပုပ်ပုပ်၊ သိပ်မကြည်ချင်။

"နင်ကလည်း ချစ်သူချင်းပဲဟာ . . . တွန့်တိုလွန်းတယ်"

"သွားပေါ့ . . . မတွန့်တိုတဲ့ မိန်းမတွေဆီ"

မိုးစက်ကလည်း ပြန်ရှဲ့စောင်းလိုက်မိသည်။

"သွားမယ် . . . နင်သွားခေါ်ပေး"

လုပ်လာပြန်ပြီ။

မိုးစက် ခပ်တည်တည် စိုက်ကြည့်လိုက်သည်။

"မကြည့်နဲ့ . . . တကယ်ပြောတာ"

"မင်းထင် . . . နင် ငါ့ဆီလာတာ ငါ့ကို တွေ့ချင်လို့ရောဟုတ်ရဲ့လား၊ နင့်ရည်စားတွေကို ခေါ်ထုတ်ခိုင်းမလို့ မဟုတ်လား"

"နင်ကလည်းဟာ အဲလိုတော့ မပြောပါနဲ့၊ ငါ နင့်ကို တကယ်တွေ့ချင်လို့ လာခဲ့တာပေါ့၊ နင်နဲ့ငါ ခြံချင်းကပ်လျက်ဆိုတော့ အချိန်မရွေး တွေ့လို့ရတယ်လေ၊ သူတို့တွေနဲ့က တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ခက်တယ်ဟ''

ဩော် ... အလွယ်တကူ အချိန်မရွေး နေရာမရွေး တွေ့ခွင့်ရနိုင်တဲ့ အခြေအနေကပဲ အပေါ်စားဆန်စေခဲ့ပြီလား။

ကိုယ်ကတော့ အချစ်ဦးမို့ အရှုံးအမူး စွဲလမ်းခဲ့ရသည်။ မျက်နှာတစ်ချက် ညှိုးသွားလျှင်တောင် မနေတတ်။ အစစ အရာရာ ပေးဆပ် ဖြည့်ဆည်းချင်ခဲ့သည်။

အနိုင်ကျင့် ဗိုလ်ကျမှုန်း သိသိကြီးနှင့်တောင် ခေါင်းငုံ့ခံနေတတ်ခဲ့တာ ချစ်လွန်လွန်းလို့ပါ။

''ဟုတ်လား ... ဒါဆို ငါလည်း အိမ်ဝေးဝေးပြောင်းမှပဲ၊ နင်တွေ့ရခက်အောင်''

မိုးစက်ရင်ထဲ ခါးလွန်းရသည်မို့ ခနဲ့မိခြင်းပါ။

ဒီလိုဆိုတော့လည်း သူက အချော့တော်ပြန်သည်လေ၊

''မိုးစက်ရာ ... နင်ကလည်း အဲလို မပြောစမ်းပါနဲ့၊ ငါမှ နင်နဲ့ ဝေးလို့မဖြစ်တာ၊ နင်နဲ့ဝေးရင် ငါ သေသွားနိုင်တယ်၊ ဟိုကောင်တွေက ငါ အပျင်းပြေထားတာပါ၊ နင်ကမှ ငါ့အတွက် ဘဝလက်တွဲဖော် အစစ်၊ နင့်နေရာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူး ... ယုံ''

ဘဝလက်တွဲဖော် အစစ်တဲ့။

ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူးတဲ့။



အဲ့ဒီ့ စကားလုံးတွေနဲ့ပဲ မိုးစက်ရဲ့နှလုံးသားဟာ အကြိမ်ကြိမ် အခါခါ ရှုံးနိမ့်ခဲ့ရပြန်တာပါပဲ။

''ကဲ ... ပြောပါ ... ဘယ်သူ့ကို ခေါ်ထုတ်ပေးရမှာလဲ''

''ဟဲ ဟဲ ... စင်ဒီကို''

''စင်ဒီ ... စင်ဒီဆိုတာ ဟိုတစ်လောလေးတင်ကမှ တွေ့ဖူးတာ မဟုတ်လား ... ဒါတို့ အကောင့်သင်တန်းက''

''အေး ... ဟုတ်တယ်၊ နင့်ကို လာကြို့ရင်းနဲ့ တွေ့တာ၊ နောက်ပိုင်းတော့ ငါ့ဘာသာ E.mail နဲ့ ဆက်လှူပ်ရှားထားတာ''

''ငါ့ကို နင်နဲ့ပတ်သက်မှန်း သိမှာပေါ့''

''ကျွတ် ... ငါ့ဘော်ဒါလို့ပဲ လိမ့်ထားတာပေါ့ဟ၊ ထုံးစံအတိုင်းပေါ့၊ နင်နဲ့ငါက ဘယ်သူတွေက ချစ်သူရည်းစားတွေလို့ ထင်ကြလို့လဲ''

မင်းထင်ရယ် ...

နင့်စကားလုံးတွေက ငါ့နှလုံးသားကို အရမ်း နာကျင်စေတယ်ဆိုတာ မသိဘူးလား။

''အဲဒါဟာ၊ ကလေးမက ငါ့ကို အရမ်းတွေ့ချင်တယ်လို့ ဖုန်းထဲကကြွေပြတယ်၊ ခက်တာက ဘွားတော်ကြီးကလည်း ကလေးမ ခြေလှမ်းပျက်နေတယ်ဆိုတာသိလို့ ချုပ်နေတယ်

www.burmeseclassic.com

www.burmeseclassic.com



ငါ့အတွက် သွားလမ်းမသာ လာလမ်းမဖွင့်ဘူး ဖြစ်နေတယ်၊ အဲဒါ''

''အဲဒါ ငါက သူ့ဆီသွားပြီး ခေါ်ထုတ်ပေးရမယ်ပေါ့''

''အဟဲ ... ရှဲရှဲပါ၊ နင့်ကျေးဇူး ငါ ဘယ်တော့မှ မမေ့ပါဘူး၊ ဘဝတစ်ခုလုံး ပေးဆပ်ပြီး ပြန်ဆပ်မှာပါ''

မင်းထင်က တရုတ်ကားတွေထဲကလို ရင်ဘတ်ရှေ့ လက်လေးနှစ်ဖက်ယှက်သည်။

မိုးစက် မချိတင်ကဲ မဲ့ပြုံးတစ်ပွင့်နှင့်အတူ ...

''တော်စမ်းပါ မင်းထင်ရယ်''

လောလောဆယ် ငါ့ဘက်က ပေးဆပ်ရလွန်းလို့ နှလုံးသား တစ်ခုလုံး ခါးသီးနာကျင်လှပါပြီလို့ ရင်တွင်းစကား ဆက်ဖြစ်သည်။

နင်ကတော့ မသိနိုင်ဘူး မဟုတ်လား။

အဲဒီ ပေးဆပ်ချစ်ခြင်းထဲမှာပဲ ပျော်ဝင်နေမိပြန်တာက တော့ ငါ့ရဲ့ မပြေနိုင်တဲ့ ဝဋ်ကြွေးပဲပေါ့ဟာ။

---------------------- ။

''မင်းက''

''သမီးက အကောင့် (Account) သင်တန်းကပါ အန်တီ၊ ဟိုတစ်နေ့က နေမကောင်းတာနဲ့ သင်တန်းပျက်သွားလို့ အဲဒါ စင်ဒီ့ဆီမှာ စာပြန်မေးချင်လို့''

''မင်းနာမည် ဘယ်သူလဲ''

''မြမိုးစက်ပါ အန်တီ''

''အေး ... ဟုတ်ပြီ ... လိုက်ခဲ့''

မျက်နှာထားတင်းမာလှသော အန်တီဝဝကြီးနောက် ိုးစက် ကုပ်ကုပ်လေး လိုက်သွားရသည်။

ဒါတောင် စင်ဒီ့ကို ဖုန်းနှင့် ကြိုပွဲဂျင့်ချိတ်ထားသေးတာ ... ။ မလွယ်ပါလား။

အန်တီဝဝကြီးက စင်ဒီ့အခန်းထဲ ခေါ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာယ်" ခနဲ ဝမ်းသာအယ်လဲ ဖြစ်သွားသော စင်ဒီ့ကို သိပ်စိတ်မလှုပ်ရှားဖို့ ဖျတ်ခနဲ မျက်စိတစ်ဖက်မှိတ် အချက်ပေးလိုက်ရသေးသည်။

ကလေးမက ရည်စားမထားဖူးသေးမှန်း သိသာလိုက်တာ။

မိုးစက်တို့ကတော့ ခေါ်ထုတ်ပေးရလွန်းလို့ ဟန်ကောင်းကောင်းဆောင်တတ်နေပြီ။

စင်ဒီ့အိမ်က လူကြီးတွေ နည်းနည်းကလေးမှ မရိပ်မိရလေအောင် တကယ့်စာဂျပိုးပုံ၊ တိုက်ဂေါ်ပုံစံလေး ထုတ်လာခဲ့တာ။

ပျော့အိစင်းကျနေသော ပခုံးလယ်ခန့် ဆံပင်ရှည်တို့ကို မိုနီတေးလ်ပုံ ခပ်မြင့်မြင့် စည်းလာခဲ့ပြီး ရှပ်အင်္ကျီလက်ရှည်ကို ကော်လာဆုံးထိ ကြယ်သီးအပြည့်တပ်၊ လက်ကိုလည်း ကြယ်သီး‹ အပြည့်တပ်ကာ ထဘီကို ခွန်တောင်ဆွဲ ဝတ်လာကတည်းက စာဂျပိုးပုံ ထွက်စေရမည်လေ။

"စင်ဒီရယ် စာတွေက အရမ်းမြင့်တယ်နော်၊ တို့ကလေ ရည်မှန်းချက် သိပ်မြင့်မားလို့သာ . . . သိလား။ သင်တန်းကြေးကလည်း မြင့်တော့ ထိုက်တန်အောင် ပိုကြိုးစားရတယ်"

မိုးစက်ပစ်လွှတ်လိုက်တဲ့ စကားလုံးတွေက အန်တီဝဝ



ကြီးရဲ့ ရင်ဘတ်ကို တိုက်ရိုက်ထိမှန်သွားပုံ ရသည်။

တစ္ဆေတစောင်း (မယုံသင်္ကာ) အကဲခတ်နေရမှနေ မိုးစက်ကို စိတ်ဝင်တစား ကြည့်နေလေတော့သည်။

"တို့မိဘကလည်း တို့က တစ်ဦးတည်းသော သမီးဆိုတော့ သိပ်မြင့်မြင့်မားမား ဖြစ်စေချင်တာလေ၊ ညဖ်ဒီဖြစ်ဖြစ်၊ လန်ဒန်ဖြစ်ဖြစ် ကျောင်းသွားထားပေးမယ်တဲ့၊ အဲဒီတော့ တို့က ပိုကြိုးစားရတယ်၊ ကိုယ်တိုင်ကလည်း သိပ်ဖြစ်ချင်တော့လေ"

အန်တီဝဝကြီး မနေနိုင်တော့ . . .

"သမီးလေးက လိမ္မာလိုက်တာနော်၊ စာလည်း သိပ်တော်မယ့်ပုံပဲ"

အစချီကာ မိုးစက်ရဲ့စကားဝိုင်းထဲ ဝင်ပါလာတော့သည်။

"သမီးခေါင်းထဲမှာ စာကလွဲလို့ ဘာမှမရှိဘူး အန်တီရဲ့၊ သမီးရဲ့ ဖေဖေနဲ့မေမေကလည်း ပညာရေးကို အရမ်းအားပေးဟာလေ"

"အေးကွယ် . . . အန်တီတို့လည်း ပညာရေးကို အားပေးပါတယ်၊ ဒါပေမဲ့ စင်ဒီက သမီးလို မလိမ္မာဘူးလေ၊ ဒါနဲ့ သမီးရော ရည်းစားတွေ ဘာတွေရှိလား"

"အိုး . . . မရှိပါဘူး အန်တီရယ်၊ စိတ်ကို မဝင်စားတာ၊ ရည်းစားမပြောနဲ့ . . . ယောက်ျားလေးအပေါင်းအသင်းတောင်

www.burmeseclassic.com

www.burmeseclassic.com



မထားဘူး၊ ရည်းစားထားဖို့ အချိန်လည်း မရပါဘူး၊ ခုတောင် စင်ဒီ့ဆီမှာ စာကူးပြီးရင် တီချယ့်အိမ်မှာ စာသွားမေးဦးမလို့”

“ဟုတ်လား”

အန်တီကြီး ကိုယ့်ကို လုံး၀ ပစ်အထင်ကြီးသွားပြီဆိုတာ မိုးစက် သိလိုက်ပြီ။

ကိုယ်ကတောင် ခေါ်ထုတ်စရာ မလို ...။

“မိစင်ဒီ ကြားလား ... သူများသားသမီးတွေများ တီချယ်အိမ်တောင် စာသွားမေးတဲ့အထိ စာကို လိုချင်တာ ... ညည်းနဲ့များ တခြားစီ၊ အခု အဲဒီကလေးမနဲ့ အတူလိုက်သွား ... ဒါပဲ၊ သမီးရေ ... စင်ဒီ့ကို တွဲခေါ်ပါကွယ်နော်”

အန်တီကြီးက လိုလိုလားလားနှင့် သူ့သမီးကို ထည့်ချေပြီ။

ကလေးမကလည်း ဟန်ပင်မဆောင်နိုင် ဖောင်းထဲက မြင်းကို တံခါးဟပေးလိုက်သလို ခုန်ဆွလိမ်တွန့်နေတော့သည်။

ကိုယ်ကတောင် တွဲခေါ်စရာမလို ... သူက ကိုယ့်ထက် ဆရာကျနေသေးသည်။

ရှောရှောရှုရှု ခေါ်ထုတ်လို့ရခဲ့ပေမယ့် ဟောဒီနလုံးသား ဟာ ဘယ်လိုများ ပျော်နိုင်မှာတဲ့လဲ။

ခေါ်ထုတ်ပေးခဲ့ရုံနှင့်တင် မပြီးသေးဘဲ သူ့ဆီအရောက်



ပို့ပေးရဦးမည်။

သူက သူ့ကောင်မလေးများနှင့် ချိန်းတွေ့နေကျ ဇင်ကို တို့အခန်းမှာ စောင့်နေမည်တဲ့လေ၊

အခန်း၀မှဘဲလ်ကို နှိပ်လိုက်သည်နှင့် သူ ၀မ်းသာအားရ ပြေးထွက်လာသည်။

“ပါလာရဲ့လား”

... တဲ့လေ။ တွေ့တွေ့ချင်းမေးလိုက်တဲ့ စကားက ...။

မိုးစက် ဘာမှ ပြန်မဖြေချင်။

စင်ဒီ့ကို တွေ့သွားတော့ ...

“နင် သိပ်တော်တာပဲ မိုးစက်”

ဆိုကာ ငယ်ထိပ်ကို ပုတ်သည်။

“ဒါကြောင့် နင့်ကို အားကိုးရတာ၊ ဆုကြီးကြီးချမယ် .. သိလား”

မိုးစက် ... ခုနက စင်ဒီတို့အိမ်မှာ ကြက်တူရွေးဖြစ်ခဲ့ သလောက် ခုတော့ သက်မဲ့ရုပ်တု ဖြစ်မိချေပြီ။

“စင်ဒီရယ် ကိုယ် အရမ်းလွမ်းနေတာ ... သိလား”

“ဟင် ... စင်ဒီက ပိုတွေ့ချင်နေရတာပါနော်”

“ကိုယ်က ပိုတွေ့ချင်တာပါ၊ စင်ဒီ့ဘက်ငဲ့နေရလို့ ... စင်ဒီ ကိုယ့်ကြောင့် အဆူခံရမှာစိုးလို့၊ ဒီနေ့မှ မတွေ့ရရင် ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



သေမှာ''

''အိုဗာတင်း ဖျော့်ပြန်ပြီ''

''ဟာ . . . အဲလို မပြောနဲ့ . . . သက်သေတွေ အများကြီး ပြလို့ရတယ်''

ချက်ချင်း သူ့အသံတို့ တိုးဖျော့သွားကာ စင်ဒီ့ဆီမှ ''ဟိတ်'' ခနဲ ခပ်ကျိတ်ကျိတ် ဟန့်တားသံ ကြားလိုက်ရသည်။

''ငါသွားမယ် မင်းထင်''

မိုးစက် လှည့်မကြည့်မိအောင် ကြိုးစားရင်း ချာခနဲ လှည့်ထွက်လာခဲ့သည်။

''အေး . . . ကျေးဇူးပဲ''

သူ့အသံမှာ ဗလုံးဗထွေး။

စင်ဒီ့ခါးကျဉ်ကျဉ်လေးကို ကျပ်နေအောင် သိုင်းဖက်ထားတာကို မမြင်ချင်ပါဘဲ မျက်ဝန်းထောင့်မှ ရိပ်ခနဲ မြင်လိုက်ရသေးသည်။

နောက်ကျောခိုင်းလိုက်သည်နှင့် . . .

တံခါးပိတ်လိုက်သံ ''ချပ်'' ခနဲ ကြားလိုက်ရတော့သည်။

ရင်ထဲမှာတော့ ခါးသက်နာမျက်လွန်းရသည်။

BURMESE CLASSIC .com

------------------ ။

''ဘာ''

''အေး . . . ပြတ်သွားပြီ''

''နင့်ဟာကလည်း မလွန်လွန်းဘူးလားဟယ်''

''ကျွတ် . . . သံဝေဂအသံကြီး . . . နားကလောတယ်ဟာ''

မိုးစက် သူ့ကို စိတ်ပျက်လက်ပျက်ကြည့်နေမိတော့သည်။

''ဘာဖြစ်လို့လဲဟယ် . . . နင့်ဟာက ဖြစ်တော့လည်း မြန်လိုက်တာ၊ ခု ပျက်တော့လည်း ခဏလေးပဲ မြန်ဆန်လွန်းတယ်''

''ကလေးမက ချစ်ဖို့တော့ ကောင်းပါတယ်၊ ဒါပေမဲ့ ဆွဲဆောင်မှု သိပ်မရှိဘူးဟ''

''ဩော် . . ဩော်''



www.burmeseclassic.com

www.burmeseclassic.com



မိုးစက် ခပ်ငေါ့ငေါ့ကလေး ပြောလိုက်မိသည်။

"အခု ငါ့ကို တစ်ခုလောက် ကူညီစမ်းပါဦး"

"ဘာလဲဟ"

"ဟန်နွေ့ဆီ ဖုန်းဆက်ပေးစမ်းပါ"

"ဟန်နွေ . . . ဟန်နွေက နင်နဲ့ပြတ်သွားပြီမဟုတ်လား"

"အေး . . . အခု ပြန်ဆက်ချင်နေတယ် သူက"

"ဘာတွေလဲဟာ . . . စိတ်ရှုပ်လိုက်တာ"

"ဟိုတစ်နေ့က ငါ့ဆီ ပန်းစည်းပို့လိုက်တယ်ဟ"

"ဟုတ်လား . . . ငါလည်း နင့်ဆီပို့ချင်တယ်၊ ပန်းစည်းတော့ မဟုတ်ဘူး . . . ပန်းခွေ"

မိုးစက် ရွဲ့တော့ သူ ရယ်ပြီး ငယ်ထိပ်ကို တအားဖိသည်။

"လုပ်စမ်းပါဟာ . . . ငါ့ကို ဖုန်းတစ်ချက်လောက် တောက်ပြီး တီးခေါက်ပေးစမ်းပါ"

"ဘာပြောပေးရမှာလဲ"

"ငါ စောင့်နေမယ်လို့"

"နေရာကကော"

"သူ သိတယ်"

မင်းထင်က ပိုင်ပါတယ်ဆိုတဲ့သဘောမျိုး မျက်စိတစ်ဖက် လှစ်ခနဲ မှိတ်ပြသည်။



မိုးစက် သက်ပြင်းရှိုက်လိုက်မိသည်။

သူ့က ဖုန်းအတင်းထိုးပေးနေပြီမို့ မိုးစက် မငြင်းနိုင်တော့။

ချစ်သူရည်
စမ်းရေအေး
မြစိမ်းရုံ
ပန်ဒါ
လေးလေးနွယ်
ကြယ်စင်
ရင်ငြိမ်းချမ်း
တိုးတိုးချစ်
လေပြည်
ဟန်နွေဦး
စင်ဒီ

Memory ထဲက သူ့ရည်းစား တသီကြီးနာမည် စာရင်းထဲမှာ မြမိုးစက်ဆိုတဲ့ နာမည်မပါ။

အဲဒီအတွက် အများနှင့်တန်းတူ မထားဘူးလို့ ကြည်နူးရမည်လား၊ ချစ်သူစာရင်းသွင်းလောက်စရာ မဟုတ်လို့လားလို့ တွေးပြီး နာကြည်းရမည်လား။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါဟာ မြန်မြန်"

မိုးစက် ဖုန်းခလုတ်လေးကို စိတ်မပါသည့်တိုင် ခပ်မြန်မြန် နှိပ်ချလိုက်ရသည်။

"မင်းထင်"

မင်းထင်တို့များ အဲ့လောက် ကံကောင်းတာ။

တစ်ဖက်မှ ကလေးမက "ဟယ်လို" လို့ မထူးဘဲ "မင်းထင်" တဲ့လေ၊

မင်းထင်ဖုန်းမှန်းသိတာနဲ့ ဟန်မဆောင်နိုင်လောက်အောင် မြူးပြသွားတာ။

"ဟင်အင်း ... မင်းထင်မဟုတ်ဘူး ... မြမိုးစက်ပါ"

"ဩော် ... မသိပါဘူး ... မင်းထင်ရဲ့ ဖုန်းနံပါတ်မို့ နေပါဦး ... သူက ကိုယ်တိုင်မခေါ်ဘဲ ဘာကိစ္စ ယူ့ကို ခေါ်ခိုင်းရတာလဲ"

ကလေးမအသံက မမာ်ပေမယ့် သိပ်မကြည်ချင်။

မင်းထင်နဲ့ပတ်သက်ပြီး မကြာခဏ ကြားထဲက အခါတော်ပေး လုပ်ပေးရပေမယ့် တချို့ကလေးမတွေ ကိုယ့်ကို ဂျေဝင်တာ မိုးစက်သိပါသည်။

မိုးစက် သက်ပြင်းလေး ခိုးရှိုက်ရင်း သူ့အတွက် ကြားကောင်းအောင် အပြေးအလွှား ဉာဏ်ထုတ်ရပြန်သည်။





"သူက ဟန်နွေ့ကို ကြောက်နေတာ"

"အံမယ် ... သူလား ကြောက်တတ်တဲ့လူစား"

ကလေးမ သဘောကျသွားပုံ ရပါသည်။

"သူက ဟန်နွေစိတ်ဆိုးတယ် ထင်နေတာ"

"အင်း ... ဆိုးတော့ ဆိုးချင်သား"

"ဆိုးလို့တော့ မရဘူးပေါ့"

"အဟင်းဟင်း"

တစ်ဖက်မှ ချိုလွင်သော ရယ်သံစူးစူးလေး ထွက်လာသည်။

မင်းထင်က လက်မ,ထောင်ပြတော့ မိုးစက် မျက်စောင်းလေး ခဲရင်း ခေါင်းညိတ်ပြလိုက်ရသည်။

"ကဲ ... ဆိုးလို့မရဘူးဆိုရင် ယူ့ကိုယ်တော်လေးက စောင့်နေမယ်တဲ့"

"အင် ... ဘာကြီးလဲ"

"တွေ့နေကျနေရာမှာပေါ့"

"လောလောဆယ် ဟန်နွေ သူ့နဲ့ ဖုန်းအရင်ပြောချင်တယ်"

"အိုကေ"

မိုးစက် သူ့လက်ထဲ ဖုန်းကို ဆောင့်ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ချက်ချင်း နောက်ကျောခိုင်းပစ်လိုက်သည်။

သို့သော် နားစည်အိမ်ထဲ တိုးဝင်လိုက်လာသည်မှာ ...

"ဟန်း ... နွေ"

အသံက မချိုမချဉ်။

ဟန်နွေ တောင်မဟုတ်။ ဝစ္စနစ်လုံးပေါက်က ပါလိုက်သေးကာ ဟန်းနွေတဲ့။ သံရှည်ဆွဲပြီး တစ်လုံးချင်း ခွဲခေါ်လိုက်သေး။

"ရက်စက်တယ်နော်"

"..........."

"အရမ်းချစ်မှန်းသိလို့ မဟုတ်လား"

"..........."

"ကျွတ် ... ထားလိုက်စမ်းပါကွာ၊ မငြိပါဘူး၊ ဟန်နွေလောက် ဘယ်သူမှ ကိုယ့်ကို မဆွဲဆောင်နိုင်ဘူး"

"..........."

"သေချာတာပေ့ါ၊ တကယ်သေချာသိချင်ရင် ဆုံနေကျ နေရာလေးမှာ တွေ့ကြမယ်လေ၊ ကိုယ် စောင့်နေမယ်နော် ... လာမယ် မဟုတ်လား၊ အိုကေ ... ဆီးယူ"

ပွတ်ခနဲ အသံကြောင့် မိုးစက် အံကြိတ်လိုက်မိသည်။ ဟိုဘက်က ကြွေအောင် ဖုန်းနဲ့ အာဝါးပေးနေသေးတာ။



သူ့ဇွဘားမှာထိုင်နေတာ သူ့ဘဝလက်တွဲဖော်လို့ ကြွေးကြော်တင်စားတတ်တဲ့ သူ့ရဲ့ချစ်သူဆိုတာ သတိမှ ရသေးရဲ့လား မသိ။

"Thanks a Lot ပါ မိုးစက်"

ကပျာကယာပြောကာ သူ ချက်ချင်းလှည့်ပြေးဖို့ ပြင်သည်။

မိုးစက် သူ့လက်ကို ဆောင့်ခနဲ ဖမ်းဆွဲထားလိုက်သည်။

"နေဦး မင်းထင်"

"ဘာလဲဟ"

သူ စိတ်မရှည်သလိုပြောရင်း မိုးစက်မျက်နှာမကြည်တာ တွေ့ရတော့မှ ပြန်ချော့သလို မေးစေ့ကို ဆွဲဖျစ်သည်။

သူ့လက်ကို မိုးစက် ပုတ်ချလိုက်သည်။

"ငါ နင့်ကို သတိပေးချင်တယ် မင်းထင်"

မိုးစက် အလေးအနက်လေသံဖြင့် ပြောလိုက်သည်။

သူ ခုံရှည်လက်တန်းပေါ် တင်ပါးလွှဲ ပြန်ထိုင်ကာ ...

"ပြော"

"နင် ဖင်ကို့အခန်းမှာ ရည်းစားတွေနဲ့ ခဏခဏ ချိန်းတွေ့နေတာ မကောင်းဘူးထင်တယ်"

"အဟား ... ငါ့ကို စိတ်မချဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



လေသံက သရော်ချင်ဟန် အတိုင်းသား။

"စိတ်ချလို့ရတဲ့ လူစားမဟုတ်ဘူးဆိုတာ ငါသိပြီးသား မင်းထင် . . . ဒါပေမဲ့ စိတ်မချလို့ ပြောနေတာ မဟုတ်ဘူး၊ ငါ သတိပေးချင်တာက . . ."

ပြောရင်းက တစ်ဝက်တစ်ပျက်နှင့် စကားရပ်ကာ မိုးစက် တံတွေးမျိုချမိသည်။

မပြောချင် . . .။

ပြီးတော့ အပျိုစင်တစ်ယောက်အနေနှင့် နှုတ်ကလည်း ပြောမထွက်။

သို့သော် မပြောရဲပေမယ့်လည်း ပြောသင့်သည်မို့ ပြောဖြစ်အောင် ပြောရတော့မည်။

"ဖင်ကို့အခန်းက ဘယ်သူမှ ရှိတာမဟုတ်ဘူး၊ နင် တစ်ယောက်ယောက်နဲ့ တစ်ခုခု ဖြစ်သွားခဲ့ရင်"

မိုးစက် မျက်နှာအရဲသားနှင့် မိုတ်ကြိတ်ပြောဆဲ သူက တဟားဟား ထ,အော်ရယ်သည်။

မိုးစက် သူ့ကို အလန့်တကြား မော့ကြည့်မိသည်။

ဒါ ရယ်စရာလား။

"ဘာများလဲလို့ဟာ . . . ပူစရာမရှိ ကြံဖန်ပူတယ်၊ ဘာမှ မဖြစ်စေရဘူး . . . စိတ်ချ၊ ငါ အဲ့လောက် မညံ့ပါဘူး မိုးစက်ရယ်၊

စာပေ



ငါ့ဘာသာ ကာကွယ်တတ်တယ်၊ ဘာမှ ပြဿနာမပေါ်စေရဘူး"

ဘုရားရေ . . .

ဘာစကားတွေလဲ။

မိုးစက် မျက်နှာတစ်ပြင်လုံး ရှက်အမ်းထူပူသွားခဲ့ရသည်။

ရှက်လွန်းလို့ နားရွက်ကလေးတွေတောင် ရဲရဲတွတ်သွားခဲ့ရသည်။

"ဘာမှ စိုးရိမ်မနေနဲ့ . . . နင်နဲ့ငါနဲ့ မင်္ဂလာဆည်ခံပွဲမှာ ဘယ်အမျိုးသမီးကမှ ကလေးလက်ဆွဲပြီး မလာစေရဘူး၊ ဗိုက် တစ်လုံးနဲ့လည်း အရှက်လာမခွဲစေရဘူး"

"တော်စမ်းဟာ မင်းထင် . . . ပေါက်ပန်းဈေးတွေ မပြောစမ်းနဲ့"

"ပေါက်ပန်းဈေး ပြောနေတာ မဟုတ်ဘူး၊ ခုကတည်းက နင် ရင်အေးအောင် ကြိုပြောပြထားတာ။ ငါလက်ထပ်မယ့် မိန်းကလေးက တစ်ယောက်ပဲရှိတယ် . . . အဲဒါ နင်ပဲ"

မင်းထင်က မိုးစက်ရဲ့နဖူးလေးကို လက်ညှိုးနှင့်တွန်းရင်း ပြောခြင်းဖြစ်သည်။

ရင်ထဲ လှုပ်ခတ်သွားရပြန်ပါ၏။

မင်းထင်ရယ် . . .

"နင့်ဘက်ကရော ငါ့ဘက်ကရော သဘောတူတယ်

စာပေ

www.burmeseclassic.com

www.burmeseclassic.com



နင်ကလည်း ငါ့ကို တကယ်ချစ်တယ်၊ ငါကလည်း နင့်ကို တကယ်ချစ်တာပဲဟာ ... ပြီးပြီပေါ့ မိုးစက်ရယ်၊ လူပျိုဘဝလေးမှာတော့ ငါ လွတ်လွတ်လပ်လပ် ကဲပါရစေဟာ၊ နင်နဲ့လက်ထပ်ပြီးရင် ငါ ဒီပုံစံမျိုး မနေတော့ပါဘူး၊ အလိမ္မာအိမ်ပါလေး ဖြစ်စေရမယ် ... စိတ်ချ"

"မဟုတ်သေးဘူး မင်းထင်ရယ် ... နင် နာမည်ပျက်မယ်"

"Don't Care"

မင်းထင်က ပခုံးတွန့်ပြသည်။

ဂရုမစိုက်ဘူးတဲ့။

ဘာတတ်နိုင်ဦးမှာတဲ့လဲ။

သက်ပြင်းရှိုက်ရုံမှလွဲပြီး မိုးစက်တတ်နိုင်တာ ဘာမှ မရှိတော့။

"မိုးစက်ရယ် နင်သိထားစမ်းပါ ... အခု ငါတွဲနေတဲ့ မိန်းကလေးတွေအားလုံးက ငါ့အတွက် အပျင်းပြေတွေပဲ၊ တံတားအောက်က ဖြတ်စီးသွားတဲ့ ရေလိုပဲ ... နင် နားလည်တယ် မဟုတ်လား"

မိုးစက် ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဖြစ်။

"နင့်လို ငါ့အပေါ် တကယ်ချစ်ပြီး နားလည်မှုပေးနိုင်တဲ့



လူကိုပဲ ငါ တစ်သက်လုံး လက်တွဲသွားမှာ ... အဲဒါ နင်ယုံ"

မိုးစက် သူ့မျက်ဝန်းများကို မော့ငေးပြီး ကြေကွဲစွာ ပြုံးမိပါသည်။

ယုံဆိုတော့လည်း ယုံလိုက်ရုံပဲပေါ့လေ။

ကိုယ်က သည်းသည်းထန်ထန် ချစ်မိခဲ့ပြီပဲ။

အဲ့သည် မျက်ဝန်းစူးစူးတွေ ...

ညို့ငင်နိုင်လွန်းသော မျက်ဝန်းစူးစူးတွေ ...

ပါးလျ သေသပ်လွန်းသော နှုတ်ခမ်းပါးတွေ ...

ရှင်းသန့် စိုပြည်နုဖပ်ကာ မိန်းကလေးကတောင် ထိုင်ငေးချင်စရာ ချောမောသန့်ပြန့်လွန်းလှသည့် ရုပ်ရည်က အသည်းခွဲတမ်း ကစားတတ်သူ။

ချစ်ပုံပြင်တွေ မမောတမ်း ဆိုဖွဲ့တတ်သူလို့ ဘယ်သူက ထင်မှတ်နိုင်မှာလဲ။

တစ်ဆိတ် ...

ဘယ်မိန်းကလေးမှ မချစ်ချင်တော့အောင် နင် ရုပ်ဆိုးလိုက်စမ်းပါဟာ ... မင်းထင်ရယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မိုးစက် နှုတ်ခမ်းကလေး ကိုက်ကာ ငြိမ်သက်နေမိသည်မှာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ မသိ။

တကယ်တော့ အချိန်ယူနေမိခြင်းသာ။

တစ်ခါမှ မတောင်းဆိုဖူးသည်မို့ မရဲဝံ့မိခြင်းပင်။

တောင်းဆိုပြီးမှ အငြင်းခံရမှာကိုလည်း ကြောက်နေမိသည်။

"မိုးစက် ... နင် ဘာဖြစ်နေတာလဲ"

မင်းထင်က ရိပ်မိသလိုဖြင့် မျက်မှောင်ကြုတ်ကာမေးသည်။

"နင် ... ငါ့ကို တစ်ခုခု ပြောချင်နေတယ်မဟုတ်လား၊ ပြောလေ ... ပွင့်ပွင့်လင်းလင်းပေါ့၊ နင်က တစ်ခါတလေ မြို့စိမြို့စိနဲ့၊ အဲဒါတွေပဲ ငါ နင့်ကို ခံစားလို့မရတာ"



ပွင့်လင်းချင်တာပေါ့ မင်းထင်ရယ်။

ငါ ခုလို ဖြစ်ရတာရော နင့်ပယောဂကင်းရဲ့လားလို့ နင် စဉ်းစားမိရဲ့လား။

"ပြောလေဟာ"

မင်းထင် နောက်တစ်ခွန်းထပ်ပြီး တိုက်တွန်းတော့မှ မိုးစက် မဝံ့မရဲကလေးဖြင့် ...

"ငါ နင့်ကို တစ်ခု တောင်းဆိုချင်လို့"

"မြို့စိမရယ် ... တစ်ခု မကဘူး ... အခုတစ်ရာ တောင်းဆို၊ ဒီနေ့ နင့်မွေးနေ့မို့ နင်ဖြစ်ချင်တာအားလုံး လိုက်လျောမယ်လို့ ငါ ဆုံးဖြတ်ပြီးသား ... အဲဒါ ငါ နင့်ကို ပရဲဆင့်နိုင်ပေးတာ"

"အယ် ... တကယ်"

မိုးစက် ကိုယ့်နားကိုယ် မယုံ။

လက်ညှိုးကလေးထောင်ကာ ပြန်မေးမိသည်။

"တကယ်ပေါ့ ... ကိုးရက် ကိုးလ ကိုးနှစ်လုံးထပ်တဲ့ ရှားရှားပါးပါး နဂင်းကျေမွေးနေ့ရှင်ကို ဒီနေ့ တစ်နေ့လုံး စိတ်ချမ်းသာအောင်ထားမယ်လို့ ငါ ဆုံးဖြတ်ခဲ့တာ၊ ကဲ ... ပြော ... ဘာလိုချင်လဲ ... ဘာဖြစ်ချင်လဲ ... ငါ ဘာလုပ်ပေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းထင် ... နင် တကယ်"

မိုးစက် ဟန်မဆောင်နိုင်အောင် ပြုံးကျယ်သွားရပြီး သူ့လက်ချောင်းများကို ဆွဲယူဆုပ်ကိုင်ကာ စထရော်ဘယ်ရီရောင် ပါးပြင်အိအိမှာ ကပ်ထားလိုက်မိသည်။

မင်းထင်ဆီက ဒီလို ဂရုတစိုက် အရေးတယူအပြောမျိုး တစ်ခါမှ မခံယူခဲ့ရဖူးသည်မို့ မျက်ရည်များ ရစ်ဝဲမိအောင်ပင် ကြည်နူးရပါသည်။

မင်းထင်ဟာ မိုးစက်ကို တကယ်ချစ်တာပါ။

ဘယ်သူမှ မယုံသင်္ကာ မဖြစ်ကြနဲ့။

"ငါ ဒီနေ့တစ်နေ့လုံး နင်နဲ့ အတူနေချင်တယ်"

"ဒါလေး တောင်းဆိုဖို့များဟာ ... အိုကေ"

"မင်းထင်နော် ... ကတိကို လွယ်လွယ်မပေးနဲ့၊ နင် အရင်နေ့တွေ ဘယ်လိုနေနေ၊ ဘယ်သူနဲ့တွဲတွဲ ငါတစ်ခွန်းမှ မစွက်ဖက်ဖူးဘူး၊ ဒီနေ့တစ်နေ့တော့ ငါ့တစ်ယောက်တည်း အတွက်ပဲ အချိန်ပေးရမယ်၊ ငါနဲ့ပဲ အတူနေရမယ်၊ ဖြစ်နိုင်မှ ကတိပေး"

မိုးစက် အခွင့်အရေးရတုန်းလေး သေချာအောင် အကွက် ဖိနင်းသည်။

"ပေးပါတယ် မိုးစက်ရယ်၊ နင် ငါ့အပေါ် အမြဲနားလည်





ပေးခဲ့တာပဲ၊ ဒီနေ့တစ်ရက် နင့်အတွက် အချိန်ပေးရမှာ ငါ့ဘက် က ဘာပရော်ပလမ်မှ မရှိဘူး၊ ဒီနေ့တစ်နေ့လုံး နင် ပျော်ရွှင် စေရမယ်ဟာ ... နော်"

မင်းထင်ရဲ့အသံက နွေးမြ ချိုမွေ့လို့နေသည်။

အို ... တစ်နှစ်မှာ ဒီနေ့တစ်ရက် မင်းထင်နဲ့ ပျော်ရွှင် နွေးထွေးစွာ နေခွင့်ရရင် မိုးစက် ကျေနပ်နိုင်ပြီ။

ဒါဟာ မိုးစက် ပေးဆပ်ခဲ့ရသမျှရဲ့ ဆုလာဘ်ပဲလို့ ဖြေ သိမ့်နိုင်ပြီလေ။

"မင်းထင် ... နင် ငါ့ကို တကယ်ချစ်သားပဲနော်"

မိုးစက် မင်းထင်ရဲ့ရင်ခွင်ထဲ စတင်တိုးဝင်ကာ ကြည်နူး စွာ မေးမိသည်။

"မေးရက်တယ်ဟာ ... ရက်စက်လိုက်တာ"

မင်းထက် မချိတင်ကဲ ပြန်ပြောသည်။

"ငါချစ်တာ နင်တစ်ယောက်တည်းပါ မိုးစက်ရာ"

"နင် တခြားရည်းစားတွေကိုလည်း ဒီလိုပဲ ပြောတာပဲ မဟုတ်လား"

မိုးစက်လေသံက ပထမဆုံးအကြိမ်အဖြစ် မနာလိုရိပ်က လေး စွန်းသွားသည်။

ဒီတစ်ခါတော့ ဟန်မဆောင်ပါရစေနဲ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို နှုတ်ဖျားက အပေါ်ယံ ပြောခဲ့တာ၊ နင့်ကို ဟော့ဒီ ရင်ဘတ်ထဲက အနှစ်အပြည့်နဲ့ ပြောတာ"

သူက သူ့ရင်ဘတ်သူ လက်မနှင့် ထိုးစိုက်ပြကာ ကျူး ရင့်သည်။

"နင် မသိဘူးလားဟင် ... သူတို့တွေက ငါ့ရည်စား၊ နင်က ငါ့ချစ်သူ ... မနှိုင်းယှဉ်နဲ့၊ နင့်ကိုဆို ငါ ဘယ်လောက် တန်ဖိုးထားသလဲ ... သိစမ်းပါ၊ လက်ဖျားနဲ့တောင် မတို့ရက် ဘူး"

လက်ဖျားနဲ့တောင် မတို့ရက်ဘူးဆိုသူက မကြာခင်မှာ ပင် နွေဦးမှာ သစ်ရွက်တွေ တဖြောဖြောကြွေကျသလို အနမ်းတွေ ဆက်တိုက်ဆိုသလို ခြွေချတော့သည်။

နှုတ်ခမ်းသားများ တနွေးနွေး တရှိန်းရှိန်းဖြစ်ကာ တစ်စ ထက်တစ်စ အသက်ရှူရကျပ်လာတော့သည်။

ရင်ထဲ တလှပ်လှပ်ခါကာ မွန်းကျပ် တုန်ယင်လာတော့ သည့်အဆုံး မိုးစက်မှာ သတိတရာလေးနှင့် သူ့ကို ညင်သာစွာ ဟန့်တားရလေတော့သည်။

"မင်းထင်ရယ် မေမေရှိတယ်"

"အန်တီက ခုချိန်ဆို မီးဖိုထဲမှာ ချက်ပြုတ်ကြော်လှော် နေတာ ... အားမှာတောင် မဟုတ်ဘူး"



"ဘာပဲဖြစ်ဖြစ်ဟာ ... ဘယ်ကောင်းမလဲ"

"ပြီးရော"

မင်းထင် နှုတ်ခမ်းရှုပြီး မိုးစက်ကို ရင်ခွင်ထဲမှ တွန်းထုတ် သည်။

မိုးစက် ကြည်နူးစွာ ရယ်မောနေမိသည်။

မင်းထင်က ဒီလိုဆိုတော့လည်း မိုးစက်စကားကို နား ထောင်သားပဲနော်၊

ဒါ မိုးစက်ကို သူ့စကားအတိုင်း တကယ် တန်ဖိုးထား ပြီး ချစ်လို့ပေါ့။

"နင် သိပ် ကပ်စေးနဲတယ် ... သိလား၊ အဲဒါကြောင့် ငါ တခြားရည်းစားတွေ ထားရတာ"

ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးဆဲ မင်းထင် ထ,ပြော လိုက်သောစကားကြောင့် မိုးစက် ချက်ချင်း မျက်နှာလေး ညှိုးကျ ကာ နာကျင်သွားရသည်။

"အလကား စ,တာ၊ ကြည့်စမ်း ... မျက်နှာကြီးက ချက်ချင်း ဖြစ်သွားလိုက်တာ၊ နင် အဲလို အသည်းနုတာလည်း ငါမကြိုက်ဘူး ... သိရဲ့လား မိုးစက်"

မင်းထင်က ပါးပြင်နုနု နာအောင်ကို ဖျစ်ညှစ်ဆွဲလိမ် ကာ ပြန်ချော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ မင်းထင်ရယ်။

ငါ အဲလို အသည်းနုလို့လည်း နင်ပြုသမျှ ခံနိုင်တာပေါ့။

ငါသာ အသည်းမာတဲ့ မိန်းမဆို ခုလို နင် ထားရာနေ စေရာသွား လှည့်စားချင်တိုင်း လှည့်စားလို့ရတဲ့ အနေအထားမျိုး .မှာ ခေါင်းငုံ့ငြိမ်သက်ပြီး နာကျင်တဲ့နှလုံးသားကို ဟန်ဆောင် နေနိုင်မှာတဲ့လား။

"မိုးစက် ...နင် ကြေးအိုးမသောက်ချင်ဘူးလား"

ငြိမ်သက်သွားသော မိုးစက့်ကို သူက ပြန်ပြီး လှုပ်နှိုးသည်။

မိုးစက်သည် ကြေးအိုးဆိုတဲ့ အသံကြားတော့ ဗိုက်ထဲက ဆာလာသလိုလို။

မိုးစက်က ကြေးအိုးသရဲလေ။

"လာ ...သွားမယ်"

မင်းထင်က မိုးစက်လက်ကို ဆွဲထူကာ ထ,စေသည်။

"ခဏ ...ငါ ပိုက်ဆံသွားယူလိုက်ဦးမယ်"

"ထားစမ်းပါ ...ဘာပိုက်ဆံမှ ယူစရာမလိုဘူး၊ ဒီနေ့ တစ်နေ့လုံး နင်စားချင်တာစား, ဝယ်ချင်တာဝယ် ...ငါရှင်းမယ်၊ နင့်အတွက် ဘာ့သ်ဒေးပရဲဆင့်နဲ့ပေါ့"

"အိုး မင်းထင်ရယ် ..ငါပျော်လိုက်တာ၊ ကျေးဇူးလည်း



အရမ်းတင်တာပဲ၊ ငါ နင့်ကိုချစ်ခဲ့မိတာ မမှားဘူး ...သိလား"

မိုးစက် သူ့လက်မောင်းမှာ ပါးပြင်အပ်ကာ လှိုက်လှိုက် လှဲလှဲ ပြောမိသည်။

ပျော်လိုက်တာ။

မိုးစက် သူ့လက်ကို တင်းတင်းဆုပ်ကာ ခုန်ဆွ ခုန်ဆွ လျှောက်နေမိတော့သည်။

သူဟာ ရည်းစားတွေ ဘယ်လောက်များများ ...မိုး စက် တစ်ယောက်တည်းရဲ့ မူပိုင်ချစ်သူပဲ ဖြစ်သည်။

နှလုံးသားတစ်ခုလုံး တသိမ့်သိမ့်ခါလှုပ်အောင် မိုးစက် ပျော်ခဲ့မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

-------------------- ။

တကယ်တော့ မိုးစက်ရဲ့ ပျော်ရွှင်မှုများ အားလုံးကို ကြေးအိုးဆိုင်ထဲရောက်မှ ...

ခါးခါးသီးသီး အရိုက်ချိုးခံလိုက်ရတာ ဖြစ်သည်။

ကိုးရက်၊ ကိုးလ ...

မိုးစက်ရဲ့ ဆယ့်ရှစ်နှစ်ပြည့်မွေးနေ့။

တစ်သက်မမေ့နိုင်စရာ ခါးသက်ဖွယ် အကောင်းဆုံး နာမျက်ဖွယ် အကောင်းဆုံး နေ့တစ်နေ့။

နှလုံးသားထဲ နစ်နေအောင် နာကျင်စေခဲ့သည်မို့ ဘယ်တော့မှ မမေ့နိုင်ခဲ့သော ရက်စွဲတစ်ခု။



-------------------- ။

ပထမတော့ သူ ကြေးအိုးဆိုင်ထဲမှာ မိုးစက်ကို တကယ့်ကို တယုတယနဲ့ နွေးနွေးထွေးထွေး ဆက်ဆံခဲ့တာပင်။

မိုးစက် သိပ်ကြိုက်သော မုန့်ညင်းဖတ်များကိုပင် တူဖြင့် ခွန့်ခဲ့သေးသည်။

"ဟပါဟာ ... နင်ကလည်း ... ငါ ခွံ့ချင်လို့ပါ"

"မင်းထင်နော် ... ဆိုင်ထဲမှာ ရှက်စရာကြီး"

"လာလေ ... ဒါဆို ဆိုင်နောက်သွားမယ်"

"မညစ်ပတ်နဲ့နော် ... တွိုင်းလက်ပဲ ရှိတဲ့ဟာကို"

"နင်ပဲ ရှက်တယ်ဆို"

မင်းထင်က လုံးဝ လျှော့မပေး။

တူကို ကိုင်ထားဆဲ။

အငွေ့တထောင်းထောင်းထ,နေသော မုန့်ညင်းဖတ်များ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း အေးအောင် နှုတ်ခမ်းများစုကာ တဖူးဖူး မှုတ်ပေးနေသေးသည်။

"ဟ.နော် မိုးစက် . . . နော် . . . လိမ္မာတယ်"

လေသံချိုချိုကလေးနှင့် ခပ်ချွဲချွဲလေး ပြောတော့ တစ်ခါမှ ခုလို သူ့အကြင်နာကို မခံစားခဲ့ရဖူးသော မိုးစက်တစ်ယောက် ဆက်တင်းမခံနိုင်တော့ . . .။

ရှက်သည်းစွာပင် ခေါင်းလေးရှေ့တိုးလျက် နှုတ်ခမ်းကလေးများ ဖွင့်ဟပေးရတော့သည်။

"ဒါမှ ငါ့လေဒီ . . . အရမ်းလိမ္မာတယ်"

မိုးစက်မှာတော့ ရှက်လိုက်ရသည့် ဖြစ်ခြင်း။

တစ်ဆိုင်လုံးကလူတွေ ကိုယ့်ကို ဝိုင်းကြည့်နေတယ်ပဲ ထင်ကာ မလုံမလဲ။

သို့သော် ကိုယ့်ကိုယ်ကိုယ် ပြန်ရဲဆေးတင်ရသည်။

ဘာဖြစ်သေးလဲ . . . နော်။

မင်းထင်ကျော်နဲ့ မြမိုးစက်ဆိုတာ . . .

နှစ်ဖက်မိဘတွေက တရားဝင် သဘောတူထားတဲ့ . . .

တစ်နေ့ကျရင် အမှန်တကယ် လက်ထပ်ကြမယ့် . . . ချစ်ဦးသူတွေပဲဟာ။

"မင်းထင်"





"ရှင်"

မိုးစက် ရယ်မိသည်။

မင်းထင်တို့က တစ်ခါတလေ အဲ့လိုလည်း မျက်နှာပြောင်တတ်သေးတာ။

"နင် ခုနက ငါ့ကိုခွံ့ကျွေးတာ နင့်ရည်းစားတွေမြင်မှာ မစိုးရိမ်ဘူးလားဟင်"

"မင်းထင်ကျော်တို့က ကြောက်သွေးမပါဘူး"

"မဟုတ်ဘူးလေ . . . နင့်ရည်းစားတွေအားလုံးက ငါနဲ့ နင့်ကို ဘော်ဒါတွေလို့ပဲ သိထားကြတာ မဟုတ်လား၊ နင် ဘူပိတ်သွားမှာပေါ့"

"မိုးစက်ရာ . . . နင်နဲ့ငါ့အကြောင်း ငါလျှို့ထားတယ်ဆိုတာ အကြောင်းရှိတယ်၊ တစ်နေ့ကျ နင်နဲ့ငါ လက်ထပ်တဲ့အခါကျ သူတို့တွေအားလုံး ရှော့ခ်ရသွားတာကို လိုချင်လို့ . . . နင်ကလည်း တုံးလိုက်တာ"

မင်းထင်က ပြောရင်းကအားမရသလို မိုးစက် နားထင်ကို လက်ညှိုးနှင့်ထိုးကာ တွန်းသည်။

မင်းထင် ဘာလုပ်လုပ်၊ ဘာပြောပြော ဒီနေ့အဖို့ မိုးစက် ရယ်လို့သာ နေမိသည်။

သို့သော် . . .



www.burmeseclassic.com

www.burmeseclassic.com



မိုးစက် မရယ်နိုင်တော့သော အဖြစ်အပျက်က သိပ် မကြာခင်မှာ ဖြစ်ပွားခဲ့ရတာ ဖြစ်သည်။

ထိုအဖြစ်အပျက်မှာ ...

တော်တော့်ကို နာကြည်းခါးသက်စရာ ကောင်းပါသည်။

တစ်သက် မမေ့နိုင်စရာတည်း။

Rhythm of the rain တေးသွားသံလေးက ငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်။

တကယ်ဆို သာယာကြည်နူးသွားသင့်သည် မှန်ပေမယ့် မိုးစက်ရင်ထဲ မှိုင်းပျလို့ သွားခဲ့သည်။

"နင်ကလည်းဟာ ဖုန်းပိတ်ထားတာ မဟုတ်ဘူး"

မိုးစက် ငြူစူမိသွားသည်။

အမှန်လည်း ခုလိုအချိန်မှာ ဖုန်းလာတာ မိုးစက်စိတ်ကို အနှောင့်အယှက် ဖြစ်စေသည်လေ၊

ဒီနေ့ တစ်နေ့လေးပဲ မိုးစက် သူ့ကို တောင်းဆိုထားတဲ့ဟာ ...။

"ပလိစ်ကွာ မိုးစက်"



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်စိတစ်ဖက် မှိတ်ပြတော့ မိုးစက် မျက်စောင်းထိုးကာ မျက်နှာပင်ဘက် လွှဲထားလိုက်မိသည်။

"ရှမဝ"

ရှမဝဆိုပါလား။

ဒါ ... ဘယ်တုန်းက ငြိသွားခဲ့တဲ့ ရည်းစားပါလိမ့်။

ဒီနာမည် မိုးစက် တစ်ခါမှ မကြားဖူးခဲ့။

"ကိုယ်လား ... အခု Sky Blue မှာ"

"..........."

"အဟင်း ... တစ်ယောက်တည်းပေါ့"

မျက်နှာလွှဲထားရာမှ မိုးစက် သူ့ကို မျက်မှောင်ကြီးကုတ်ကာ ကြည့်လိုက်မိသည်။

သူက မျက်စိမှိတ်ပြရင်း မိုးစက် နား‌ရွက်များကို ဆွဲဖျစ်သည်။

"သနားလား ... အင်းပေါ့ ... အထီးကျန်လေးပေါ့"

"..........."

"ပါရမီလား ... ဖြည့်ပေးလှည့်လေ"

"..........."

"ရင်ဖွင့်ကြိုလျက်ပါ"

သူ့ မျက်နှာချိုချိုကြီးနှင့် ဖုန်းကိုပိတ်လိုက်ချိန် မိုးစက်





နှာကျင်စွာ "တောက်" ခေါက်လိုက်မိသည်။

"နင် ကဝိဖျက်တာလား မင်းထင်"

"မိုးစက်ကလည်းဟာ"

သူ မိုးစက်ပါးကို ချော့မော့သလို ဆွဲလိမ်သည်။

မိုးစက် သူ့လက်ကို ပုတ်ချလိုက်သည်။

"ငါ နင့်ကို ဒီတစ်ရက်ပဲ တောင်းဆိုဖူးတယ်နော် မင်းထင်၊ နင် ဘယ်သွားသွား၊ ဘာလုပ်လုပ်၊ ဘယ်သူနဲ့တွဲတွဲ ငါ တစ်ခါမှ မချုပ်ချယ်ခဲ့ဖူးဘူး၊ မစွက်ဖက်ခဲ့ဖူးဘူး ... အမြဲ နင် စိတ်တိုင်းကျ နေပေးခဲ့တယ်၊ နင့်အလှည့်ကျတော့ ဒီတစ်ရက်လေးတောင် ငါ့အတွက် အပြည့်အဝ မပေးနိုင်ဘူးလား"

"မိုးစက်ကလည်းကွာ ... ခဏလေးပါ၊ ဒီတစ်ယောက်က အသစ်ကလေးမို့ပါ ... နော်"

မိုးစက် အံကလေးကြိတ်ကာ ခေါင်းကို ငုံ့ထားမိသည်။

ဘာမှ ပြန်ပြောချင်စိတ်ကို မရှိတော့။

"နော် ... မိုးစက် ... လိမ္မာပါတယ် ဟန်နီရာ၊ ခဏ လောက်ရှောင်ပေးနော်"

ရှောင်ပေးရဦးမယ် ဆိုပါလား။

ပြောထွက်ရက်လိုက်တဲ့ နှုတ်ခမ်းပါးကို နာနာကျင်ကျင် စိုက်ကြည့်မိပြီးမှ ကြေးအိုးပန်းကန်ကိုကိုင်ကာ တခြားစားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ရွှေပြောင်း ရှောင်ဖယ်ပေးရတဲ့အဖြစ် ...

ဖြစ်ချင်တော့ စားပွဲလွတ်ကလည်း ဘေးစားပွဲတစ်လုံးသာ ရှိသည်။

ဘယ်လောက်များ ရင်နာစရာ ကောင်းလိုက်တဲ့အဖြစ်လဲ။

ရင်ထဲ ခါးလျက်ရှိသည်။

သိပ်မကြာခင်မှာပင် ...

ရှုမဝဆိုသော သူ့ရည်းစားအသစ်က ကားနှင့် ရောက်လာသည်။

သူ ကြေးအိုးတစ်ပွဲ ထပ်မှာကာ မျက်စိရှုပ်လောက်အောင် ပျာလောင်ခတ် ဂရုစိုက်ကြင်နာပြနေလေတော့သည်။

"ငုံးဥစား ... သိလား ... အားရှိအောင်"

"အာ ... အများကြီး စွတ်မထည့်နဲ့ ... ရှုမဝ မစားနိုင်ဘူး"

ကလေးမလေးအသံကလည်း ချွဲနွဲ့နေလိုက်သည်မှာ အရည်ပျော်ကျလုမတတ်။

"အင့် ... အသည်းဖတ်စား"

"ဘာလဲ ... ဒါ မင်းထင်ရဲ့အသည်းလား"

"ရှုမဝစားချင်တယ်ဆို ကျွေးရဲပါတယ်၊ တစ်ခုတော့



ရှိတယ် ... စားပြီးရင်တော့ နားမလည်ချင်ယောင် မဆောင်ရဘူးနော်"

"ဟင် ... မင်းထင်စကားကြီးကလည်း"

ကလေးမက ကျောကုန်းကို မနာအောင် ဖွဖွလေးထု၊

ဒါကိုပဲ ရွှေကိုယ်တော်က နာသွားသလို တွန့်လိမ်ရှုံ့မဲ့ပြပြီး လက်သီးဆုပ်ကို အတင်းဖမ်း။ ဟိုက ဟန်ဆောင်ရုန်း၊ သူက တိုးပြီး ...

မမြင်ချင်လည်း ဘေးချင်းယှဉ်ရဲ့သားမို့ မျက်ဝန်းထောင့်မှ မြင်နေရသည်သာ။

ရင်ထဲ တဆစ်ဆစ် နာနေမိသည်။

ရက်စက်လိုက်တာ။

ဒါ ငါ့မွေးနေ့မှာ နင်ပေးတဲ့ အခါးဆုံးလက်ဆောင်ပေါ့ ... ဟုတ်လား ချစ်သူ။

သူ့ရည်းစားကို ဂရုစိုက် ကြင်နာပြနေသလောက် ဘေးစားပွဲမှာရှိတဲ့ မိုးစက်ကိုကျ အသက်မရှိသလို လှည့်၍ပင် ကြည့်ဖော်မရ။

တစ်စက်ကလေးမှ ဂရုမစိုက်။ သူနဲ့ ဘာမှ မဆိုင်သလိုဘဲ။

နေစိမ့်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့စားသောက်ပြီးတော့ ငွေရှင်းရန် စားပွဲထိုးကို လှမ်းခေါ်လိုက်လေသည်။

"ဟာ ... ဘာလို့ သုံးပွဲစာ ဖြစ်နေရတာလဲ၊ ဒီမှာစားတာ နှစ်ယောက်တည်းလေ"

"အစ်ကို ခုနက"

သူ စားပွဲထိုးကလေးကို စကားအဆက်မခံ လက်ကာပြကာ ...

"ဒီမှာ နှစ်ပွဲစာ"

ဆိုကာ ခပ်မြန်မြန် ငွေရှင်းပြီး ထ,ရပ်သည်။

ရင်ထဲ ကျဉ်ခနဲ ဖြစ်သွားရသည်။

စားပွဲထိုးကလေးက ခေါင်းကုတ်ကာ မိုးစက်ကို လှည့်ကြည့်သည်။

ထားလိုက်ပါဆိုတဲ့သဘော။ မိုးစက် မျက်စိမှိတ်ပြလိုက်တော့မှ ခေါင်းညိတ်ပြကာ စားပွဲထိုးကလေး ထွက်သွားတော့သည်။

မိုးစက်အတွက်ပါ ရှင်းပေးခဲ့ရင် သူ့ရည်းစားအသစ်ကလေးရှေ့ ပြဿနာတက်သွားရှာမှာပေါ့လေ။

မိုးစက်ကသာ သိတတ်စွာ သူ့အခက်အခဲကို တိတ်တဆိတ် ဖြေရှင်းပေးလိုက်ပေမယ့် ...



သူကဖြင့် မိုးစက်ကို လုံးဝ ဂရုစိုက်စရာမလိုသလို သူ့ရည်းစားအသစ်ကလေးရဲ့ကားနဲ့ ထွက်သွားချေပြီ။

သူ ဘယ်သွားမလဲဆိုတာ မိုးစက် သိလို့နေပါရဲ့။

ရင်ထဲ နာလိုက်သည်မှာ ပြောမပြတတ်အောင်ပင်။

အချိန်တန်လျှင်တော့ သူပြန်လာခေါ်မှာပဲ ထင်ပါရဲ့။

ကြေးအိုးကိုလည်း ဘယ်လိုမှ ဆက်မသောက်နိုင်တော့။

စားပွဲဝိုင်းရှေ့ပြီးကတည်းက အရာမယွင်းတော့ပြီ ဖြစ်သော ကြေးအိုးပန်းကန်က အေးစက်လျက် ...

သူ ပြန်လာနိုး ပြန်လာနိုးနှင့် စောင့်ကာနေခဲ့သော်လည်း ညနေစုပ်စုပ်ချုပ်သည်အထိ သူ ပြန်ရောက်မလာခဲ့တော့။

"အစ်မ ... ကျွန်တော်တို့ဆိုင် သိမ်းတော့မယ်"

စားပွဲထိုးကလေးတစ်ယောက်က လာသတိပေးလေလျှင် ... မိုးစက်မှာ ရက်လွန်းလို့ လဲသာသေလိုက်ချင်တော့သည်။

ဒီနေ့တစ်နေ့တာ မိုးစက် စားသမျှ ဝယ်သမျှ သူရှင်းပေးမယ်လို့ ကတိပြုသည့်စကားကို ယုံကြည်ခဲ့မိသည်မို့ မိုးစက်လက်ထဲ ပိုက်ဆံတစ်ကျပ်မှ ပါမလာ။

နောက်ဆုံး ...

ဆိုင်ရှင်နှင့် ဝင်တွေ့ကာ ရက်ခွဲ့ထူပူစွာနှင့်ပင် ...

www.burmeseclassic.com

www.burmeseclassic.com



"အစ်မရယ် . . . သမီးရဲ့သူငယ်ချင်း ပြန်မလာလို့ သမီးမှာ အခက်အခဲဖြစ်နေပါတယ်၊ ဟိုလေ သမီးမှာ ပိုက်ဆံပါမလာလို့ အဲဒါ ဆွဲကြိုးဖြုတ်ပေးခဲ့မယ်နော်"

မိုးစက် မျက်နှာကိုငုံ့ချကာ ဆွဲကြိုးဖြုတ်ပေးလိုက်မိသည်။

"ရပါတယ် . . . နောက်နေ့ ပြန်လာရွေးပေါ့"

"ဟုတ်"

အသံပင် တိမ်တိမ်သာ ထွက်နိုင်တော့လျက် မိုးစက် ဆိုင်ထဲမှ ပြေးထွက်လာမိတော့သည်။

လမ်းတစ်လျှောက် မျက်ရည်တို့ နာကျင်စွာ လွင့်စဉ်ပေါက်ကွဲသည်။

လုပ်ရက်လိုက်တာ။

ရင်တစ်ခုလုံး ခါးသည်။

နှလုံးသားမှာ တစ်စစီ ကွဲကြေမတတ် နာကျင်သည်။

နင့်မှာ စာနာတတ်တဲ့၊ ငဲ့ညှာတတ်တဲ့ နှလုံးသား မရှိတော့ဘူးလား မင်းထင်ကျော်။

ငါ့ရဲ့ ပေးဆပ်ချစ်ခြင်းကို ရက်စက်မှုနဲ့ တုံ့ပြန်လိုက်တာလား။

ဒါ နင်ပေးတဲ့ မွေးနေ့လက်ဆောင်ပေါ့ . . . ဟုတ်လား။



ကိုးရက် ကိုးလ။

ဆယ့်ရှစ်နှစ်ပြည့်မွေးနေ့။

လူ့ပုံအလယ် အရှက်ကွဲခဲ့ရတဲ့နေ့။

ချစ်ခြင်းကို အစော်ကားခံခဲ့ရတဲ့နေ့။

တစ်သက်လုံး မမေ့ဘူး။

နာကျင် ခါးသက်သော နှလုံးသားက နာကြည်းခြင်းအဖြစ် ပြောင်းလဲလို့ သွားသည်။

မုန်းတယ် မင်းထင်ကျော်။

ငါ့အချစ်နဲ့ မထိုက်တန်တော့တဲ့ နင့်ကို ငါ သိပ်မုန်းသွားပြီ။

မြမိုးစက်ဆိုတဲ့ ငါဟာ သူတကာထက် ပိုချစ်တတ်တယ်၊ အရာအားလုံးကို စွန့်လွှတ်ရဲလောက်အောင် ငါ နင့်ကို သိပ်ချစ်တတ်ခဲ့တာ။

အခုတော့ ငါဟာ သူများတကာထက် ပိုမုန်းတတ်ခဲ့ပြီ။

အဲဒါလည်း နင် သင်ပေးလိုက်တာပါ။

အချစ် . . .

အမုန်း . . .

နှစ်မျိုးလုံးကို ငါ့ကို နင် သင်ပေးလိုက်တာ။

ဖြစ်နိုင်ရင် အခုချိန်မှာ ငါ နင့်ကို သတ်ပစ်ချင်လောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် မုန်းတယ်။

ဟောဒီကမ္ဘာမြေကြီးပေါ်မှာ မင်းထင်ကျော်ဆိုတဲ့ လူ တစ်ယောက် မြူမှုန်လေးတစ်မှုန်စာလောက်တောင် မကျန်ရှိ တော့တဲ့အထိ ငါ သတ်ဖြတ် ဖျောက်ဖျက်ပစ်ချင်တာ။

ဒါပေမဲ့ ...

ဟင့်အင်း ...

ငါ နင့်ကို မသတ်ဘူး။

သေသွားတာကမှ ကောင်းလိမ့်ဦးမယ်ဆိုတဲ့ အတွေးမျိုး နင့်ရင်ထဲ ဝင်ရောက်သွားတဲ့အထိ ...

တမြေ့မြေ့နဲ့ ခံစားရအောင် လုပ်ပြမယ်၊

အဲဒီအချိန်ကို စောင့်နေလိုက်ပါ မင်းထင်ကျော်။

-------------------- ။

"မိုးစက် ... ငါ တောင်းပန်ပါတယ်ဟာ ... ငါ အရမ်း လွန်သွားခဲ့တယ်"

"ရတယ် မင်းထင် ... မတောင်းပန်နဲ့တော့"

မိုးစက်က ထိုစကားကို တစ်လုံးချင်း အေးစက်စွာ ပြော လိုက်တာ ဖြစ်သည်။

အမြဲလို လေအေးအေးလေးနှင့် ပျော့ညံ့စွာ ဆက်ဆံ တတ်သူက သွေးအေးမာကျောသော လေသံနှင့်ဆိုတော့ သူ တုန်လှုပ်သွားပုံရသည်။

"မိုးစက် ... နင် ... နင် ..."

"ဟုတ်တယ် မင်းထင် ... နင် တောင်းပန်စရာလည်း မလိုတော့ဘူး ... ဘာလို့လဲဆိုတော့ ငါ့ရင်ထဲမှာ နင်မရှိတော့ လို့ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိုး စက်"

သူ အထိတ်တလန့် အော်သည်။

မိုးစက့် မေးကြောကလေး ထောင်ထသည်အထိ အံကို တင်းတင်းကြိတ်ထားမိသည်။

"မိုးစက် ...ငါ ...ငါ ပြန်အလျော်ပေးပါ့မယ်ဟာ ...နော်"

"အဟား ဟား"

အံကြိတ်ထားမိရာမှ မိုးစက် ဝါးလုံးကွဲ ထ,အော်ရယ် လိုက်မိသည်။ နှလုံးသားတစ်ခုလုံး ကွဲကြေခဲ့ရတာကို ... ဘာနဲ့ ပြန်အလျော်ပေးလို့ ရမှာတဲ့လဲ။

"ဘာနဲ့မှ အလျော်ပေးလို့ မရတော့ဘူး မင်းထင်ကျော်"

"မိုးစက် ...နင် ငါ့ကို မုန်းသွားပြီလားဟင်"

"အရမ်းမုန်းတယ်"

စောင့်နေတာ ...

ဒီစကားတစ်ခွန်းကို ပြောချင်လွန်းလို့ စောင့်နေခဲ့တာ။

"မှတ်ထားလိုက် မင်းထင်ကျော် ...နင်နဲ့ငါဟာ ဘယ်တုန်းကမှ မတွေ့ဖူးခဲ့ကြတဲ့ လူနှစ်ယောက်နော်၊ လမ်းတွေ့ရင်တောင် မမှတ်မိပါရစေနဲ့ ...မှတ်ပြီလား"

စကားဆုံးတာနဲ့ ဖုန်းခွက်ကို ဆောင့်ချပစ်လိုက်သည်။



အပြင် ပလပ်ကြိုးပါ ဖြုတ်ပစ်လိုက်သည်။

မှတ်ထား ... ဒီလောက် ပြောရရုံနဲ့ ကျေနပ်လိမ့်ဦးမယ် မထင်နဲ့။ နင့်အတွက် ငါ့မှာ အစီအစဉ်တစ်ခု ရှိပြီးသား ...

မိုးစက်က လျှို့ဝှက်စွာ၊ နာကျင်စွာ၊ ပြီးတော့ အေးခဲရှတစွာ ပြုံးလိုက်သည်။ အဲဒီအစီအစဉ်အတွက် လောလောဆယ်တော့ နင်နဲ့ အဝေးဆုံးတစ်နေရာကို ငါလွင့်ရဦးမယ်။

ပြီးရင် ...ရှေ့နှစ် ...

ကိုးရက် ကိုးလ ...

ငါ တစ်သက်မမေ့နိုင်စရာ နေ့စွဲတစ်ခုကျရင် ပြန်ဆုံကြတာပေါ့။

အဲဒီအခါကျရင် ...ငါ့နှလုံးသားကို ရက်ရက်စက်စက် ဒဏ်ရာပေးခဲ့တဲ့ နင့်ဆီက ငါ ဘယ်လိုအလျော်အစား ပြန်ယူမလဲ ဆိုတာ ...နင် သိရမှာပေါ့။

ငါ လူပုံအလယ် အရှက်ကွဲခဲ့ရသလို ...

နင် အဆတစ်ရာ၊ အဆတစ်ထောင်၊ အဆတစ်သိန်း မက အရှက်ကွဲရစေမယ်။ ငါ ခံစားရတာထက် အဆပေါင်း မြောက်မြားစွာ နင် ပြန်ပေးဆပ်ဖို့ အသင့်ပြင်ထားလိုက် မင်းထင်ကျော်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကိုး ရက်၊ ကိုးလ။

ဆယ့်ကိုးနှစ်မြောက်မွေးနေ့။

မိုးစက် ဘယ်သူမှမသိအောင် တိတ်တဆိတ် ပြန်လာခဲ့သည်။

တစ်နှစ်နီးပါးခန့် အငြိုးအတေး စိတ်ဆင်းရဲမှုနှင့် နေခဲ့ရသော ကိုယ်ခန္ဓာက သွယ်လျချိုးကျသွားခဲ့ရသည့်မို့ အစီအစဉ်နှင့် အံကိုက် ...။

ခန္ဓာကိုယ်အလှ မပေါ်လွင်အောင် ထူထဲသော အဝတ်အစားကို မိုးစက် ရွေးချယ်သည်။

နေကာမျက်မှန် အဝိုင်းကြီးကို အရင်တပ်သည်။

အင်္ကျီက ပွပွဖောင်းဖောင်း ခေါင်းစွပ် တီရှပ်လက်ရှည်။

ဘောင်းဘီကလည်း အပွ။



ဝေါ့ကင်းရှူး စီးလိုက်သည်။

ပြီးတော့ မှန်ထဲမှာ ပြန်ကြည့်သည်။

ကိုယ့်ကိုယ်ကိုယ်တောင် မြမိုးစက်ရယ်လို့ မမှတ်မိချင်။

ပျော့ညံ့လှပ်လှဲ့သော မြမိုးစက် မဟုတ်တော့။

တခြားကမ္ဘာမှ ရောက်လာသော ဆောင့်ကြွားကြွား ချာတိတ်တစ်ယောက် ...

ရုပ်ဖျက်ထားသော ကိုယ့်ကိုယ်ကိုယ် ကျေနပ်သွားပြီးနောက် လက်ထဲမှ ဘူးကလေးကို မဲ့ပြုံးဖြင့် ငုံ့ကြည့်လိုက်သည်။

လူတစ်ယောက်ရဲ့ မျက်နှာတစ်ခုလုံးကို ရုပ်ပျက် ဆင်းပျက် ပျက်စီးလောင်ကျွမ်းသွားစေနိုင်သော ...

အက်စ် ...

www.burmeseclassic.com

www.burmeseclassic.com

------------------------- ။

"မင်းထင်က နော့ထီး (Nonty)ကွာ ... အရမ်းဆိုးတယ်"

"မချစ်ဘူးလား"

"သွားပါ ... ချစ်မုန်းသိလို့ပဲ အနိုင်ယူနေတာ မဟုတ်လား"

"ပြောရက်လိုက်တာ၊ အနိုင်ယူတာ မဟုတ်ဘူးလေ ... ဒါက နွဲ့ဆိုး"

"သူ့နွဲ့ဆိုးကြီးက"

"ဘာဖြစ်လဲ ... ဆက်ပြောလေ"

"ကြောက်တယ်"

"အာ ... ဒါ ကြောက်စရာမှ မဟုတ်တာ ... ဟန်နီက လည်းကွာ"



ဟန်နီ ... တဲ့။

ဒါ ရည်းစားတိုင်းကို သူခေါ်ခဲ့သော အသုံးအနှုန်းပေါ့၊

ကိုယ့်ရင်ထဲမှာ ချိုမြိန်ခဲ့ရသော ပျားရည်မြစ်ကလေးက သူ့အတွက်တော့ မိန်းကလေးတိုင်းရဲ့ နှလုံးသားကို ချူဆီအဖြစ် အသုံးချခဲ့တဲ့ စကားလုံး ဖြစ်နေပါပေါ့လား။

ကျန်တဲ့ရည်းစားတွေ အားလုံးဟာ အပျင်းပြေ၊

ကိုယ်ကမှ ချစ်သူလို့ဆိုခဲ့တဲ့သူက ခုတော့ ကိုယ့်ရဲ့မွေးနေ့ကို သတိပင်ရပုံမပေါ်။

"နော် ... ဟန်နီရာ လိုက်ခဲ့ပါ၊ ဟန်နီနဲ့ နှစ်ယောက်တည်း ငြိမ်းငြိမ်းချမ်းချမ်းလေး နေချင်လို့"

"ဘာ ငြိမ်းငြိမ်းချမ်းချမ်းလဲ၊ ဟင်း ... မင်းထင်နော်"

မိုးစက် မဲ့ရှုရှုလေး ပြုံးလိုက်မိသည်။

သူ ရည်းစားအသစ်ကလေးကို ဘယ်ကို အတင်းခေါ်နေသလဲဆိုတာ သိနှင့်နေသည်မို့ မိုးစက် ပြုံးလိုက်မိခြင်းပါ။

အချစ်ကို အပေါ်ယံဟန်ပြပြီး အထိအတွေ့၊ သွေးသားဆန္ဒ၊ သာယာမှုကို ယစ်မူးရှာဖွေနေသူ။

နုဖပ်ချောမွေ့တဲ့ရုပ်ရည်လေးနဲ့မှ မထိုက်တန်အောင် အချစ်ကို ဆန္ဒနှင့်လဲလှယ်ကစားရက်သူ။

စူးတောက်ရွှန်းရီတဲ့ မျက်ဝန်းညို့ညို့တွေ စကားချိုချို

www.burmeseclassic.com

www.burmeseclassic.com



တွေ သွန်းခြွေတတ်တဲ့ နှုတ်ခမ်းပါးပါးတွေ

စိမ်းညို့နေတဲ့ အသားအရေ ...

ညို့ငင်ဆွဲဆောင်နိုင်စွမ်းလွန်းတဲ့ မျက်နှာ ...

အဲဒီမျက်နှာကြောင့် ...

အတွေးမဆုံးခင် သူတို့နှစ်ယောက် ထ,အရပ် ...

လျှင်မြန်သော လှုပ်ရှားမှု ...

"အား"

ခနဲ သွေးပျက်မတတ် အော်လိုက်သံ ...။

အရေပြားနှင့်အက်စစ်လောင်မြိုက်သံ ... ညှော်နံ့တွေက စူးစူးရှားရှား။ ပါးပြင်မှာ ဆပ်ပြာပူဖောင်းများသဖွယ် ဖောင်းကြွ ပေါက်ကွဲကုန်သည်။ သွေးကြောမျှင်များ ယှက်ဖြာပြီး ရဲရဲတောက် နေတဲ့ မျက်လုံးကြီးက ရှေ့ကို အစွမ်းကုန် ပြူးထွက်လာသည်။

"အား"

ထင်ထားသည်ထက် ဆိုးဝါးခက်ထန်လွန်းလှသည့်မြင် ကွင်းကြောင့် မိုးစက်ရဲ့ရက်စက်မှုတွေ ပြိုကွဲကုန်သည်။

"မင်းထင် ... မင်းထင်"

ချစ်သူရဲ့ပြင်းထန်လွန်းသည့်ဝေဒနာခံစားမှုကို မမြင်ရက် တော့ပါဘူး။

"မင်းထင် ... မင်းထင်"



ထိတ်လန့်မှုတွေ၊ ချောက်ချားမှုတွေ၊ ကြောက်လန့်မှုတွေ၊ စိုးရွံ့မှုတွေ၊ စိုးရိမ်မှုတွေ၊ ပူပန်မှုတွေက အသည်းနှလုံးကို ကိုက် ဖြတ်ဝါးမျိုကုန်ကြပါပြီ။

"ငါ ... ငါ ... ငါမှားသွားပြီ၊ ငါမှားပါတယ် မင်းထင် ရယ်"

နောင်တ,တရားရဲ့ပူလောင်မှုက မိုးစက်ရဲ့ တစ်ကိုယ်လုံး မှာ ချွေးသီးချွေးစက်တွေနဲ့ ရွှဲရွှဲစိုကာ နိုးထလာစေခဲ့ပါတယ်။

"ဘုရား ... ဘုရား ... ဒါ ... ဒါ အိပ်မက်ပါလား၊ တကယ်ဖြစ်နေတာ မဟုတ်ဘူး၊ ငါ စိတ်စွဲလွန်းပြီး အိပ်မက်အရင် ကြိုမက်နေတာ"

အဖြစ်ဆိုးကြီး မဖြစ်ရသေးခင် ကြိုမက်လိုက်မိသော ဤအိပ်မက်ကိုပင် မိုးစက် ကျေးဇူးတင်ရတော့မည်လား။

www.burmeseclassic.com

www.burmeseclassic.com

---------------------- ။

ထိုအိပ်မက်ကို မိုးစက် ကျေးဇူးတင်ခဲ့ပါတယ်။ မိုးစက် ရင်ထဲမှာ နှလုံးသားနှစ်ခု ရှိနေတာကို သိစေခဲ့ရပါပြီ။

အချစ်ဖြင့် နွေးထွေးအေးငြိမ်းစေသော အဖြူရောင်နှလုံးသားက တစ်ခု။

အမုန်းဖြင့် ပူလောင်ပေါက်ကွဲစေသော အမည်းရောင်နှလုံးသားက တစ်ခု။

မည်းနက်နေသော နှလုံးသားဖြင့် မင်းထင်ဘဝကို ဖျက်ဆီးဖို့ လပေါင်းများစွာ အငြိုးအတေးကြီးစွာနဲ့ ကြံစည်ခဲ့ရသော ရက်စက်မှုကြီးကို ဖြူစင်သောနှလုံးသားက အေးမြသောရေစင်တို့ဖြင့် အေးငြိမ်းစွာ အနိုင်ယူနိုင်ခဲ့ပါပြီ။

ချစ်သူ၏ဆိုးညံ့သော ရက်စက်မှုအပေါင်းကို ဖြူစင်အေးမြတဲ့မေတ္တာစိတ်ဖြင့် မုဒိတာပွားနိုင်ခဲ့ပါပြီ။



ခွင့်လွှတ်ပေးနိုင်သော စိတ်ထားက မိုးစက်ရဲ့ အကျဉ်းကျနေသောနှလုံးသားကို လွတ်မြောက်စေခဲ့ပါပြီ။

သို့ပေမယ့် . . . ကြောင်းကျိုးဖြစ်စဉ်တွေမှာ တိုက်ဆိုင်မှုဆိုတာ ရှိနေလေရော့သလား မသိပါ။

စိတ်စွမ်းအင်လို့ပဲ ပြောရမလား။

မေတ္တာစူးတယ်လို့ပဲ ပြောရမလား။

ဘုရားရိုက်တယ်လို့ပဲ သတ်မှတ်ရမလား။

သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှု ရှိတယ်-ဒု့ပဲ ဆိုရမလား။

မင်းထင်ကျော်နှင့်ပတ်သက်သော သတင်းစကားက ဆိုးရွားပြင်းထန်လွန်းလှပါသည်။

မိန်းမလှလေးတွေကို ယစ်မူးစေအောင် ညို့ဖြူနိုင်စွမ်းသော မင်းထင်ရဲ့မျက်နှာ ပျက်စီးသွားပြီတဲ့။

ကားအက်စီးဒင့်ဖြစ်ပြီး မျက်နှာတစ်ခြမ်း ပျက်သွားပြီတဲ့။

ခြေလက်အင်္ဂါအချို့ပါ ထိခိုက်ပြီး ဒုက္ခိတဘဝကို ရောက်သွားပြီတဲ့။

ခြေလက်အင်္ဂါအနည်းငယ်ချို့တဲ့သွားတာကို မင်းထင်သိပ်ခံစားရမှာ မဟုတ်ပါဘူး။

မင်းထင်အတွက် အကြီးမားဆုံး၊ အထိခိုက်ဆုံး၊ ကြေကွဲ

www.burmeseclassic.com

www.burmeseclassic.com



မဆုံး နာကျင်ရမည်ဖြစ်သော ဆုံးရှုံးမှုကြီးက ...

သူ ... တန်ဖိုးအထားဆုံး မျက်နှာလှလှလေး ပျက်စီးသွားခြင်းပဲ ဖြစ်ပါလိမ့်မည်။

လှပလွန်းခဲ့သော ထိုမျက်နှာလေးကြောင့် မိန်းကလေးပေါင်းများစွာက သူ့ခြေရင်းဝယ် ကျဆုံးခဲ့ကြတာဖြစ်သလို ... ခုတော့ ထိုမျက်နှာကလေး ပျက်စီးမှုကြောင့် မိန်းကလေးပေါင်းများစွာက သူ့အပါးမှ ပျောက်ဆုံးသွားကြပါလိမ့်မယ်။

ဆက်တိုက်ကြားနေရသော သူ့သတင်းတွေက မိုးစက်နားဝကို ခါးသက်စေရပါတယ်။ မိုးစက်နှလုံးသားကို နာကျင်ရစေပါတယ်။

နုဖပ်ရှင်းသန့်သော မျက်နှာလှလှလေး ပျောက်ဆုံးသွားခဲ့ရပြီမို့ ခုတော့ သူဟာ လူတောထဲ မတိုးရဲတော့ဘဝနှင့် ပုန်းခိုနေရရှာသည်တဲ့။

ချောမွေ့သည့်ရုပ်ရည်ကြောင့် သူ့အပေါ် ကြွေဆင်းခဲ့ကြသည့် ရည်းစားများကလည်း သူ့ကို စွန့်ပစ်သွားကြပြီတဲ့။ သူ ... သိပ်ကို စိတ်ဓာတ်ကျနေသည်ဆိုတဲ့သတင်း။

အဖော်မဲ့ အထီးကျန်ဖြစ်နေသည်ဆိုတဲ့သတင်း။ နောက်ဆုံးအရက်သမားဖြစ် နစ်မွန်းနေသည်ဆိုသည့် သတင်းတွေကမကြားချင်၍ နားပိတ်ထားလို့မှ မရ။ မိုးစက်နားထဲကို မရပ်မနား





ရောက်လာခဲ့ကြပါသည်။

နှလုံးသားနုနုမှာ အရှုးအမူး စွဲလမ်းယစ်မူးခဲ့ရသော အချစ်ဦးမို့ တကယ်တမ်းမှာ တင်းမာစွာ ဥပေက္ခာပြုခဲ့သော်လည်း မရခဲ့။

သူ့အပေါ်ကို မိုးစက် ချစ်နေမိဆဲလား။

သူ့ကို မိုးစက် ချစ်နေတုန်းပဲလား။

မိုးစက်နှလုံးသားက ရှုးသွပ်စွာဖြင့် သူ့အပေါ်ကို စွဲလမ်းနေဆဲပဲလား။

အဲဒီအဖြေကို မိုးစက်မဖြေချင်ပါဘူး။

ကြက်ခြေခတ်ကာ ပလပ်လို့ပစ်ထားခဲ့ချင်ပေမယ့် အဲဒီအဖြေကိုရှာဖွေတွေ့ရှိနိုင်အောင် မင်းထင်ကိုယ်တိုင်က တောင်းဆိုခဲ့ပါသည်။

သူ့အကြောင်းများတွေးရင်း နှမ်းလျရင်မောဆဲ သူ့ဆီက ဖုန်းခေါ်လေလျှင် မိုးစက်မှာ ကပျာကယာ ထူးလိုက်မိသည်။

"မိုးစက် ... ငါ နင့်ကို စကားပြောလို့ ဖြစ်ရဲ့လားဟင်"

"မင်းထင်ရယ် ... ဘာလို့ မဖြစ်ရမှာလဲ၊ ဘာတွေပြောချင်နေလဲဟင် ... ပြောလေ"

ထုံးစံအတိုင်း မြမိုးစက်ဟာ မင်းထင်ကျော်နဲ့တွေ့လျှင် ပျော့ညံ့သွားရပြန်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်က အမောတကော လမ်းဖွင့်ပေးခဲ့တာလည်း သူ့ဘက်က ငြိမ်သက်လို့ နေပြန်သည်။

"ပြောလေ မင်းထင်"

ထပ်မေးတော့မှ ...

"နင် ပြန်လာတယ်ဆိုတဲ့သတင်း ကြားကြားချင်း ငါ တွေ့ချင်လိုက်တာဟာ"

သူ့အသံက နင့်လိုက်လို့နေသည်။

ဒါ နင့်ရင်ထဲက အစစ်အမှန်အသံပဲလား မင်းထင်။

မိုးစက် ရင်ထဲ ဆို့နင့်သွားမိသည်။

"ငါ့သတင်းတွေတော့ နင်ကြားပြီးလောက်ရောပေါ့"

"မင်းထင်ရယ်"

အဲဒါ ငါ့ပယောဂကြောင့်ပါလို့ ဝန်ခံလိုက်ချင်စိတ်က တဖွားဖွား လှုးလွန့်လာတော့သည်။

"ငါကတော့ နင့်အပေါ် စူးခဲ့တဲ့ အချစ်တွေကြောင့် ဒဏ်သင့်တယ်လို့ပဲ ထင်ပါတယ်ဟာ"

စူးခဲ့တဲ့ အချစ်တွေကြောင့်တဲ့လား။

မိုးစက်ရင်ထဲ မချိတော့။

"အခု ငါ့နားမှာလေ ဘယ်သူမှ မရှိကြတော့ဘူး ... သိလား မိုးစက်"



သူ့အသံမှာ မချိတင်ကဲ ဆို့နစ်၍ နေသည်။

"ငါ ... ငါက ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်သွားပြီလေ၊ အကျည်းတန်သွားပြီလေ၊ ငါ့ကို အရမ်းချစ်ပါတယ်, ဘဝတစ်ခုလုံး ပေးဆပ်စွန့်လွှတ်ပြီး ချစ်ပြရဲပါတယ်ဆိုတဲ့ မိန်းကလေးတွေ တစ်ယောက်မှ မရှိကြတော့ဘူး"

သူ့အသံမှာ အဖျားခတ် တုန်ယင် အက်ဝင်သွားသည်။

ငိုနေသလား။

နင် ငိုနေသလား ... ဟင် မင်းထင်။

နင် ဘယ်တုန်းကများ မျက်ရည်ကျဖူးလို့လဲ။

ဟင့်အင်း ... မငိုပါနဲ့။

ကျေးဇူးပြုပြီး နင်မငိုပါနဲ့ မင်းထင်ရယ်။

ငါ ... ငါ မခံစားနိုင်လွန်းလို့ပါ။

"ငါလေ အခုကျမှ နင့်အချစ်ကို တန်ဖိုးမထားမိခဲ့တာကို နောင်တရမိတယ်၊ နင် ငါ့ကို ဘယ်လောက်ချစ်ခဲ့သလဲဆိုတာ ငါခုမှ နားလည်တော့တယ်၊ ဒါပေမဲ့ အခုကျတော့ ငါ ... ငါက လူတောမတိုးရဲတော့တဲ့ဟာ၊ ရှင်ရက်နဲ့ သေရတဲ့ဘဝ ငါ ... ငါ ..."

အို ...

သည်းသည်းရှိုက်ရှိုက် ငိုကြွေးသံ။

www.burmeseclassic.com

www.burmeseclassic.com



သူ ကလေးတစ်ယောက်လို ရှိုက်ကြီးတငင် ငိုကြွေးလို့နေပြီ။

မိုးစက်ရင်ထဲ မခံစားနိုင်တော့လောက်အောင် ဆို့ကျပ်နှမ်းလှိုက်လို့လာမိသည်။

"မင်းထင် ... နင် အခု ဘယ်မှာလဲဟင်"

"ဟင့်အင်း ... နင် မသိချင်ပါနဲ့ဟာ၊ နင် ... နင် ငါ့ကို မတွေ့ချင်ပါနဲ့၊ ငါ ... ငါ ဒီရုပ်ကြီးနဲ့ နင့်ကို မတွေ့ပါရစေနဲ့၊ ပြီးတော့ ငါ နင့်အပေါ် သိပ်လွန်ခဲ့မိတယ်၊ ငါ နင်နဲ့ ရင်မဆိုင်ရဲဘူး၊ ငါ တောင်းပန်ပါတယ် မိုးစက်ရယ် ... ဒါပေမဲ့ ငါ့ကို ခွင့်မလွှတ်ပါနဲ့ဟာ၊ ငါက နင့်ခွင့်လွှတ်ခြင်းနဲ့ မထိုက်တန် ..."

စကားမဆုံး ...

ရှိုက်သံတစ်ချက် ကျယ်လောင်စွာ။

ဖုန်းလိုင်းလည်း ပြတ်တောက်သွားခဲ့ ...။

နင် ငါ့ကို ပုန်းဖို့ကြိုးစားနေတာလား မင်းထင်။

ဟင့်အင်း ...

မိုးစက် ထင်ထားခဲ့သည့်အတိုင်းပင် သူ့ကို သူ့ရည်းစားများနှင့် ချိန်းတွေ့နေကျ သူ့ သူငယ်ချင်းဖင်ကိုရဲ့အခန်းမှာ တွေ့ရသည်။

တကယ့် အရက်သမားကြီးတစ်ယောက်လို ခွက်ထဲ နစ်မတတ် ခေါင်းငိုက်စိုက်ကျနေသော သူ့ကို တွေ့ရလျှင် နောက်ကို လန်ကျမတတ်ပင် မိုးစက်ရင်ထဲ ဆို့သွားခဲ့ရသည်။



"မင်းထင်"

ဟိုးအဝေးကြီးက လာရသူတစ်ယောက်လို မိုးစက်မောလျှစွာ ခေါ်ရင်း သူ့ဆီ ပြေးသွားမိသည်။

"မင်းထင်ရယ် ... မင်းထင်ရယ် ... အဟင့် ဟင့်"

မိုးစက် သူ့ကို ရင်ခွင်ထဲ ဆွဲသွင်းကာ ဝမ်းနည်းပမ်းနည်း ငိုမိတော့သည်။

"မိုးစက် ... နင် ငါ့ဆီ လာတယ်နော်၊ ငါ့ကို ... ငါ့ကို မမုန်းဘူးလားဟင်"

မိုးစက် ရင်ခွင်ထဲက သူ့ဦးခေါင်းကို တင်းတင်းဖက်ရင်း

"ငါ နင့်ကို ဘယ်တုန်းကမှ မမုန်းမိခဲ့ပါဘူး မင်းထင်ရယ် ... သေချာပါတယ်"

သေချာခဲ့သော နှလုံးသားက နာကျင်စွာ၊ ခါးသီးစွာ။

သို့သော် ...

နူးညံ့စွာ၊ သိမ်မွေ့စွာ ...။

"ငါ နင့်ကို အရမ်းချစ်တယ် ... ယုံရဲ့လားဟင် မင်းထင်၊ ငါလေ နင့်ကို တစ်စုံတစ်ရာ တုံ့ပြန်ခဲ့မိရင်တောင် သိပ်ချစ်လွန်းလို့ဆိုတာ နားလည်ပေးပါဟာ"

www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ရဲ့ မစူးရှနိုင်တော့ပြီဖြစ်သော မျက်ဝန်းများက နားမလည်နိုင်သည်ကို သက်သေပြုသည်။

"တကယ်တော့ ငါမှ နင့်ကို ပစ်မထားနိုင်တာ၊ နင့်ကို ငါ ဥပေက္ခာမပြုနိုင်ဘူး ... သိရဲ့လား မင်းထင်ရဲ၊ နင့်ကို ဒီလို အရက်သမ အဖြစ်နဲ့လည်း ငါ မမြင်ရက်ဘူး"

"ရှိပါစေတော့ မိုးစက်ရယ် ... ငါ့ဘဝက အဖတ်ဆယ်လို့ မရတော့ပါဘူး"

"ဟင့်အင်း ... ဘာလို့ မရ,ရမှာလဲ ... ငါ ရအောင်ဆယ်မှာပေါ့"

"ဘယ်လို"

သူ မိုးစက်ကို အထိတ်တလန့် မော့ကြည့်သည်။

အကျည်းတန်နေသည်။ မျက်နှာနုနုကို ကြာကြာမကြည့်ရက်။

"အေးအတူ ပူအမျှဆိုတဲ့ နှလုံးသားမျိုးမရှိရင် ချစ်သူဆိုတာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ ဟန်နီရယ်"

ပထမဆုံးသော အခေါ်အဝေါ်သစ်မို့ သူ့မျက်ဝန်းတို့ လင်းလက်သွားပါ၏။

သူ ရည်းစားတိုင်းကို ဟန်နီခေါ်ခဲ့ဖူးပေမယ့် မိုးစက်ကတော့ သူ့တစ်ယောက်တည်းကို ဟန်နီလို့ခေါ်မိသည်ဆိုတာ သူ



သိလိမ့်မည်လေ။

သူ ငေးငိုင်ကာ ငြိမ်သက်လို့နေဆဲ။

"ကဲ ... ထ ... ဒီအရက်ခွက်ကို သွန်လိုက်တော့"

"အာ ... နှမြောစရာကြီး"

"ဘာနှမြောစရာလဲ၊ ဘာစားပြီးပြီလဲ ... ဘာရှိလဲပြော ... ငါ နင်စားချင်တာ လုပ်ကျွေးမယ်"

"ဘာမှ မစားရသေးဘူး၊ ဘာမှ စားချင်စိတ်လည်း မရှိဘူး၊ ရေခဲသေတ္တာထဲမှာလည်း အရက်ပုလင်းကလွဲပြီး ဘာမှ မရှိဘူး"

"ဘာ ... မင်းထင်ရယ် ... နင် ဒီလောက်တောင် ပစ်စလက်ခတ်နေရသလား"

သွယ်လျပြေပြစ်ခဲ့သော မျက်နှာက ခုတော့ ဖောသွပ်သွပ် ပွစိစိ ဖြစ်လို့နေပြီ။

ကြည့်ရင်းက မိုးစက် ရင်ကွဲမတတ် ခံစားရသည်။

"မင်းထင်ရယ် ... နင် ဒီလိုဆက်နေလို့ မဖြစ်ဘူး။ နင် ငါနဲ့ ပြန်လိုက်ခဲ့ရမယ်၊ အရက်လည်း ဖြတ်ရမယ်၊ နင့်ဘေးမှာ ငါ အမြဲရှိမယ်၊ နင့်ကို ငါ အရက်သမားအဖြစ် မခံနိုင်ဘူး"

"ငါ့ဘဝနဲ့ငါ ထားလိုက်စမ်းပါတော့ မိုးစက်ရယ် ... ငါ

www.burmeseclassic.com

www.burmeseclassic.com



မှုးနေမှ လူတောမတိုးရဲတဲ့ ငါ့ဘဝကို ငါ မေ့လို့ရမှာ''

မိုးစက် မျက်ဝန်းတို့ကို ကျပ်နေအောင် မှိတ်ထားလိုက်မိသည်။

နင် ခုလို ဘဝရောက်အောင် ပစ်ထားခဲ့မိတဲ့ ငါ့ကိုယ်ငါ ဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့ဘူး။

အဲဒီအတွက် နင့်ကိုငါ အဆုံးစွန်ထိ ပြန်ပြီး ပေးဆပ်ပါ့မယ် မင်းထင်ရယ်။

တကယ်တမ်းလည်း ...

သူ့ကို မိုးစက် အဆုံးစွန်ထိ ပေးဆပ်ခဲ့ရပါသည်။

ကိုယ့်လုပ်ရပ်အတွက် နောင်တရမဆုံး။ သူ့အပေါ် ကရုဏာသက်ကာ ကြင်နာခြင်းဖြင့် ဖေးမမိချိန် ...

''မိုးစက်ရယ် ... နင် ဘာလို့ ငါ့ကို ဒီလောက်တောင် ချစ်ရတာလဲ ... ဟင်''

သူ့ကို ခွဲ့တိုက်နေမိသော ဘလက်ခ်ကော်ဖီများ ခွက်ထဲမှ ဖိတ်ကျသွားရသည်။

သူ့ ရီဝေလာသော မျက်ဝန်းများကို မဆုံစည်းရဲ။

မျက်လွှာများချထားမိက် ရင်ထဲ တလှပ်လှပ်။

''အရမ်းချစ်တယ် ဟန်နီရယ်''

ကော်ဖီခွက်ကလေး ကြမ်းပေါ် ''ခွမ်း'' ခနဲ။



''အိုး'' ခနဲ ထိတ်လန့်တကြား အော်လိုက်မိသည်။

ထို့နောက် ...

ကြမ်းရှသော၊ လောင်ကျွမ်းသော ကမ္ဘာသစ်တစ်ခုဆီသို့ မိုးစက်ကို ခေါ်ဆောင်သွားခဲ့လေပြီ။

ချစ်သူရဲ့ရင်ခွင်ရိပ်မှာ မျက်ရည်တို့ စိုမြဲခဲ့ရပါ၏။

အဆုံးစွန်ထိ ပေးဆပ်ပါ့မယ်လို့ စိတ်၌ ဆုံးဖြတ်ခဲ့မိသည်ပဲ။

ကိုယ့်ရဲ့ ဖြူစင်သော၊ ရှင်းသန့်သော အကြင်နာတွေအပေါ် အခွင့်ကောင်းယူရက်သည် ... ဟုတော့ မစွပ်စွဲရက်ခဲ့ပြန်။

သူက မိုးစက်ရဲ့ ချစ်ဦးသူ ဖြစ်သည်လေ၊

စိုမြဲသော မျက်ဝန်းတို့နှင့်ပင် သူ့အတွက် ပေးဆပ်ခဲ့ရသည်ကို နှမ်းလျ ကြေကွဲစွာ ပြုံးခဲ့မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သူနှင့်မိုးစက် လက်မှတ်ရေးထိုး၊ မင်္ဂလာဆွမ်းကျွေးပြီး အကျဉ်းချုံး လက်ထပ်ခဲ့ကြသည်။

အကျဉ်းချုံးဆိုမှ တကယ့်အကျဉ်းချုံး။

နှစ်ဖက်မိဘမှလွဲ၍ ဘယ်သူမှ မပါ။

အကျည်းတန်လှသည့် သူ့ရုပ်ရည်ဖြင့် မင်္ဂလာဧည့်ခံပွဲ မလုပ်ရဲပါလို့ သူဆိုခဲ့တော့ မိုးစက် စိတ်မကောင်းစွာပင် သူ့ဆန္ဒအတိုင်း ဖြစ်စေခဲ့ရပါသည်။

မေမေတို့ကတော့ မိုးစက်အတွက် ယူကျုံးမရ ဖြစ်ခဲ့ကြသည်။

"သမီးလေးတစ်ယောက်တည်းရှိတာ . . . မင်္ဂလာပွဲ ခမ်းခမ်းနားနားလုပ်ပေးနိုင်ပါရဲ့နဲ့ မလုပ်ခဲ့ရဘူး၊ မိန်းကလေးဆိုတာ တစ်သက်မှာ တစ်မင်္ဂလာပဲရှိတာ"



"မင်္ဂလာပွဲအတွက် ကုန်ကျမယ့်ငွေတွေကို လှူလိုက်ကြမယ်လေ မေမေ . . . အဲဒါမှ တကယ့်မင်္ဂလာအစစ်ပေါ့ မေမေရဲ့"

"တရားမပြစမ်းပါနဲ့ သမီးရယ် . . . ရွှေရုပ်လေးလို မှုန်နေတဲ့ သမီးရုပ်နဲ့ ဟို ရုပ်ပျက်ဆင်းပျက်ကြီးက မလိုက်,လိုက်တာ၊ မေမေဖြင့် တွဲမြင်ရတိုင်း ငါ့သမီးအတွက် ရင်ထဲမချိဘူး"

"ဩော် မေမေရယ် . . . သမီး ပစ်ထားလိုက်ရင် သူအရက်သမားဘဝ ရောက်သွားမှာ၊ ပြီးတော့ သမီး သူ့ကို သိပ်ချစ်တယ်လေ"

မိုးစက် မျက်လွှာကလေးချကာ ရှက်ဝဲဝဲလေး မေမေ့ကို ပြန်ပြောမိပါသည်။

မေမေက မိုးစက်ကို စိတ်မသက်မသာကြည့်ကာ သက်ပြင်းချသည်။

"မင်းထင်ဟာ မေမေတို့မျက်စိရှေ့တင် ကြီးလာတဲ့ ကလေးပါ၊ သူ့အပေါ် တူလေးတစ်ယောက်လို, သားလေးတစ်ယောက်လို မေမေ သံယောဇဉ်ရှိပါတယ်၊ ဒါကြောင့်လည်း သမီးနဲ့သဘောတူခဲ့တာပေါ့၊ ဒီကလေး ရည်းစားများတာ, ခြေရှုပ်တာလည်း မေမေတို့ သိသိကြီးနဲ့ မသိဟန်ဆောင်ပေးခဲ့တာပဲ၊ သမီးနဲ့ နေရာကျသွားရင်တော့ ဒီကလေး ခြေငြိမ်သွားကောင်း

www.burmeseclassic.com

www.burmeseclassic.com



ရဲ့လို့ပဲ သံယောဇဉ်နဲ့ ဖြေတွေးခဲ့တယ်၊ ဒါပေမဲ့ သမီးလေးရယ် . . . ခုလို ရုပ်ပျက်ဆင်းပျက်ကြီးနဲ့ ငါ့သမီးနဲ့ မထိုက်တန်လိုက်တာ''

မေမေ့အသံမှာ မချိတင်ကဲ . . .

မေမေရယ် နှလုံးသားချင်း ထိုက်တန်လို့ပဲ ပေါင်းစပ်ခဲ့ကြပြီပဲလို့ ရင်ထဲမှ ပြောမိသည်။

မိုးစက်နဲ့သူ လက်ထပ်လိုက်ကြတဲ့သတင်းက သိပ်မကြာခင်မှာ နောက်ဆုံးပေါ် ပေါ်ပြူလာအဖြစ်ဆုံး သတင်းတစ်ရပ်အဖြစ် ပျံ့နှံ့သွားခဲ့သည်။

ဖုန်းနဲ့ တစ်မျိုး . . . စာနဲ့ တစ်မျိုး . . .

ကွန်ဂရက်ကျူလေးရှင်း ဆိုသူတွေ၊

ဗရာဗို ပေးသူတွေ၊

လျှံသွားခဲ့ရသည်။

လှောင်ပြောင်ခြင်းလား၊ သရော်ခြင်းလား ဘာတစ်ခုမှ ဝေဖန်ဆန်းစစ် တုံ့ပြန်မနေတော့ဘဲ ချစ်သူလက်ကိုသာ ရဲရဲတွဲကာ မိုးစက် ဖြတ်သန်းကျော်လွှားခဲ့သည်။

ဒါတွေကို ဂရုစိုက်ဖို့လည်း မအားတော့ . . .။

မိုးစက်မှာ သူ့ရင်သွေးလေး လွယ်ပိုးခဲ့ရပြီလေ။

ဘယ်သူတွေ ဘယ်လိုပဲ လှောင်ပြောင်ကဲ့ရဲ့ပါစေ . . .



သူ့ကိုလက်ထပ်ခဲ့မိတဲ့အတွက် မိုးစက် ကိုယ့်ကိုယ်ကိုယ် ကံကောင်းတယ်လို့ပဲ ထင်မှတ်ပါသည်။

သူက ဘယ်သူနှင့်မှ မတူအောင် မိုးစက်အပေါ် ကြင်နာယုယသည်လေ . . .။

''ဖြည်းဖြည်းလျှောက်ပါ မိုးစက်ရဲ့ . . . ချော်လဲမယ်''

အိပ်ခန်းထဲကနေ ဧည့်ခန်းဆီထွက်တာတောင် သူ့မှာ ဖေးဖေးမမ . . .။

''အို . . . မတွဲပါနဲ့ ဟန်နီရယ် . . . မိုးစက် မလျှောက်တတ်ဘူး''

''မတွဲစေချင် ချီသွားမှာနော်''

''ဟန်နီနော်''

သူ တကယ်ပွေ့ချီတော့မလို လက်ဟန်ပြင်တော့ မိုးစက်အူယားကာ မူနွဲ့ရင်း တွန့်လိမ်ကာ ရယ်မိတော့သည်။

''ဟော့ ဟော့ . . . ခါးမလိမ်နဲ့လေ . . . ကလေး အနေရခက်သွားမယ်''

''ကြည့် . . . ပိုပြန်ပြီ လူက ဘယ်လိုနေရတော့မှာလဲ''

''ဘယ်လိုမှ မနေနဲ့ . . . လမ်းသာ များများလျှောက်၊ လမ်းများများလျှောက်ရင် မွေးရလွယ်သတဲ့''

''ဟော . . . ဖြစ်ရပြန်ပြီ၊ ခုနကတော့ အခန်းထဲကနေ

www.burmeseclassic.com

www.burmeseclassic.com



ဒီညည့်ခန်းထဲ ထွက်တာတောင် ဖြည်းဖြည်းလျှောက်ဆို ...ခုတော့ လမ်းများများလျှောက်နိုင်းပြန်ပြီ''

''ဟုတ်သားပဲ ...ဟား ဟား''

သူ့အပြစ်သူ သဘောပြန်ကျပြီး တဟားဟား အော်ရယ်သည်။

သူရယ်နေတာ မြင်ရတော့ မိုးစက်ပျော်သည်လေ။

ဘယ်လိုပဲ ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်နေပေမယ့် ရင်ထဲက ချစ်ခြင်းက လျော့လို့မသွားခဲ့။

မိုးစက်က သူ့အရေပြားအပေါ်ယံလွှာက ချောမွေ့ခြင်းကို တပ်မက်ခဲ့သူမှ မဟုတ်တာ။

သူ့ဆီက နွေးထွေးချိုမွေ့သော ယုယကြင်နာခြင်းတွေ ခံယူနေရလျှင် တစ်လောကလုံးကို မေ့နိုင်ပြီ။

ခုမှ သူ့ကို တစ်ယောက်တည်း အပြည့်အဝ မိုးစက်ပိုင်ဆိုင်ခွင့်ရခဲ့တာ။

ကိုယ့်ကိုယ်ကိုယ် ကံအကောင်းဆုံး လူသားတစ်ယောက်အဖြစ် သွေးနားထင်ရောက်ကာ မိုးစက် ကျေနပ်မဆုံး၊ ပျော်မဆုံး။

သူ့ အရိပ်တကြည့်ကြည့် အကြင်နာတရားများကို ခံယူစားသုံးရင်း ချစ်စရာကောင်းလွန်းလှသော သမီးကလေးကို



မိုးစက် မွေးဖွားခဲ့သည်။

ဖြော့င့်စင်းသော ဆံပင်နုနုကလေးများ ...

ပြာလဲ့သော မျက်ဝန်းကလေးများနှင့် ...

ကော်ရုပ်ကလေးတစ်ရုပ်လို သမီးကလေးက လှပလွန်းသည်မို့ မိုးစက်မှာ မနမ်းရက်၊ မမွှေးရက်အောင် ချစ်ရလွန်းပါ၏။

သမီးဦးကလေးမို့ မိုးစက်မှာ ဘာမှ မလုပ်တတ်၊ မကိုင်တတ် ပျာယာခတ်ကာ ကလေးနှင့်သာ အချိန်ကုန်လွန်ခဲ့ရပါ၏။

အိမ်အလုပ်တွေကိုလည်း လှည့်မကြည့်နိုင်။

သူ့အပေါ်လည်း အရင်လို ဂရုတစိုက် မပြုစုနိုင်အားတော့ ...။

သမီးအပေါ်မှလွဲ၍ ဝတ္တရားအားလုံး လစ်ဟင်းခဲ့ရပါ၏။

သူကလည်း မမွေးခင်ကတည်းက အရိပ်တကြည့်ကြည့်ယုယခဲ့သလို မွေးပြီးတော့လည်း သမီးလေးကို လက်ထဲမှ မချနိုင်အောင် ချစ်ရှာပါ၏။

''သည်းလိုက်တဲ့ ကလေးအဖေ၊ ကဲလိုက်တဲ့ ကလေးအမေ၊ ဒီလို အိမ်မျိုးမှာ နာနီလုပ်ရတာ သက်သာလိုက်တဲ့ဖြစ်ခြင်း''

နာနီကပင် မျက်စောင်းခဲကာ ခနဲ့ပါလေ၏။

သမီးလေးမှာ လိုလေသေးမရှိစေရ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသာ ...

သမီးလေးအတွက် မလုပ်ပေးဖြစ်တာ တစ်ခုပဲရှိသည်။

"ကင်ပွန်းတပ် မင်္ဂလာ"

... ... ... ... ... ...

"သမီးလေး ရက်တစ်ရာပြည့်ရင် ကင်ပွန်းတပ် မင်္ဂလာ ဆွမ်းကပ်ရအောင်နော် ဟန်နီ၊ သမီးမိန်းကလေးဆိုတော့ ပထမဆုံး မင်္ဂလာပဲလေ"

သမီးလေးရဲ့ နီတာရဲ ခြေဖဝါးနုလေးမှာ ပါးပြင်ဖွဖွအပ်ရင်း မိုးစက် သူ့ကို ပြောမိသည်။

သမီးလေးကို ပြုံးကြည့်နေသော သူ့မျက်နှာပေါ်မှ အပြုံးမှာ ဖျော့ကျသွားခဲ့ပြီ။

"အင်း ... မိုးစက်လုပ်ချင်လုပ်လေ၊ ဒါပေမဲ့ အဲဒီနေ့ ကိုယ် ဇင်ကို့အခန်းမှာ ခဏသွားနေပါရစေ ... မိုးစက် နားလည်ပေးနော်"

ဟင် ...

ကင်ပွန်းတပ်မင်္ဂလာပွဲဆိုတာ ကလေးရဲ့ အဖေရော အမေရော နှစ်ယောက်စလုံး မရှိသင့်ဘူးလား။

မိုးစက် သူ့ကို တအံ့တသြ ကြည့်လိုက်မိသည်။

"ဆောရီးမိုးစက်ရယ် ... ကိုယ် ဒီအကျည်းတန်တဲ့



ရုပ်ကြီးနဲ့ လူတောထဲ မတိုးဝံ့ဘူး၊ ကိုယ့်ဘဝဟာ မိုးစက်နဲ့ သမီးလေး ရှိရင် ပြည့်စုံပါပြီ၊ ကိုယ့်မိသားစုလေးအပြင် ကိုယ် ဘယ်သူနဲ့မှ မတွေ့ရဲဘူး"

သူ့မျက်နှာမှာ ချက်ချင်း အိုစာညှိုးရော်လျက် ...

ခေါင်းကြီး ငိုက်စိုက်ကျကာ သိမ်ငယ်စွာ ပြောနေသော သူ့ကိုကြည့်လျက် ရင်ထဲစူးနစ်အောင် နာကျင်သွားရသည်။

"ဟင့်အင်း ဟန်နီရယ် ... မလုပ်တော့ပါဘူး၊ တို့ မေ့သွားလို့ပါ၊ ဆောရီးနော် ... ဟန်နီ စိတ်အနှောင့်အယှက် မဖြစ်တော့နဲ့"

မိုးစက် ချက်ချင်းပျာပျာသလဲ သူ့ကို ပြန်နှစ်သိမ့်ပေးမိသည်။

ဟုတ်သားပဲ ...။

သူ့ရဲ့ စိတ်အားနည်းချက်ကို ဘာလို့များ သတိ လက်လွတ် ဖြစ်သွားခဲ့ရတာလဲ။

ဘာမှ မသိနားမလည်သေးသော သမီးလေးကတော့ ရင်ခွင်ထဲမှ မျက်လုံးဝိုင်းကလေးများနှင့် မော့ကြည့်နေသည်။

မေမေ့ကို ခွင့်လွှတ်ပါ သမီးရယ်။

သမီးလေးနဲ့ မေမေ ဖေဖေ့ကို နားလည်ပေးကြရအောင်နော်။

www.burmeseclassic.com

www.burmeseclassic.com



မေမေတို့မှ စာနာဖေးမ မပေးရင် သူ့အပေါ် ဘယ်သူက စာနာဖေးမပေးမှာတဲ့လဲ။

ရင်ခွင်ထဲက သမီးလေးက မိုးစက်ရင်တွင်းက စကားများကို နားလည်သယောင် ခြေကလေး လှုပ်လှုပ်၊ လက်ကလေး လှုပ်လှုပ် ...။

"ကိုယ် ဒီလောက်ရုပ်ကြီးဆိုးနေတာတောင် သမီးလေးက ကိုယ့်ကို မကြောက်ဘူးနော်"

သူ ဝမ်းနည်းစွာ ဆိုပြန်ပါသည်။

"ဟန်နီရယ် ... သားအဖပဲဟာ၊ သွေးက သိမှာပေါ့"

မိုးစက် ဖြေသိမ့်စကားဆိုပေးသည့်တိုင် သူ့မျက်နှာ ပြန်လန်းမလာခဲ့တော့။

သမီးလေးရဲ့ ဇာလက်အိတ်ဖြူကလေး စွပ်ထားသော လက်ဖမိုးဖောင်းဖောင်းကလေးကို သူ ဖွဖွကလေး ငုံသည်။

မိုးစက် တုန်ခိုက်နေအောင် ချစ်သလို သမီးလေးကို သူသည်လည်း သည်းအူလှိုက်အူ ချစ်မှန်း သိသာလှပါသည်။

သို့သော် ...

ညရေးညတာတော့ သမီးလေးရဲ့ အနှံ့အတာကို သူ မခံနိုင်။

ရှူးစိုလို့ ငိုလျှင် ဖြစ်စေ၊ သမီးလေး ချီချီဆာလို့ အော်



လျှင်ဖြစ်စေ အခန်းထဲမှ သူ တိတ်တဆိတ် ထွက်သွားတတ်မြဲ။

သမီးလေးကို မငြူစူပေမယ့် သူ့မျက်နှာ မကြည်သာချင်

သမီးကို နာနီနှင့်လည်း ခွဲမသိပ်ရက်တော့ မိုးစက် သူ့အတွက် အဆင်ပြေအောင် စဉ်းစားပေးရပါသည်။

"ဟန်နီ ... ညဘက် အိပ်ရေးမပျက်အောင် အခန်းခွဲအိပ်ပါလား"

"မိုးစက်က တစ်ယောက်တည်း အိပ်ရဲလို့လား"

"အို ... တစ်ဦးတည်းသောသမီးပါ၊ ဟန်နီရဲ့ သမီးလေးလည်း ဘေးမှာရှိတာပဲ"

"အေးကွာ ... ဒါဆိုလည်း ကိုယ် အခန်းခွဲအိပ်တော့မယ်၊ ကိုယ်ရှိလည်း ဘာမှ အားကိုးရတာမှ မဟုတ်ဘဲ၊ အနှီးလည်း မလဲတတ်၊ တိုက်စရာ နို့လည်းမရှိ"

"ဟန်နီကလည်း ... အဟင်း ဟင်း"

အဲဒီတုန်းက သူ့အရွှတ်အနောက်စကားကို မိုးစက် ရယ်ခဲ့မိသည်။

အတိအကျပြောရလျှင် ရယ်နိုင်ခဲ့ပါသည်။

အစပိုင်းတော့ ညဦးပိုင်းတိုင်းမှာ သမီးလေးကို လွမ်းလှချည်ရဲ့၊ မိုးစက့်ကိုလည်း လွမ်းလှချည်ရဲ့ဆိုကာ သူ ရောက်လာတတ်မြဲ။

www.burmeseclassic.com

www.burmeseclassic.com



"အား ... အိပ်လို့ မရဘူးကွာ ... ဟာတာတာကြီး"

ခွဲအိပ်နေမကျစက သူ ချွဲနွဲ့ညည်းညူခဲ့သေးသည်။

နောက်တော့ ...

သူ မိုးစက်တို့သားအမိဆီ ရောက်မလာတော့။

ပထမတော့ မိုးစက် သတိမထားမိခဲ့။

နောက် တဖြည်းဖြည်းကြာလာတော့ မိုးစက်စိတ်ထဲ လေးလံလာခဲ့မိတော့သည်။

သူဟာ ဒီလောက် သွေးအေးနေနိုင်တဲ့သူမှ မဟုတ်တာ။

သူ ဘာလို့ ဒီလောက်တောင် နေစိမ့်နိုင်တာလဲ။

သွေးအေးနေစိမ့်ရအောင်ကလည်း သူဟာ အပြင်ထွက် ခြေရှုပ်ခြင်းမျိုးလည်း မရှိ။

ပျက်စီးသွားခဲ့သော သူ့မျက်နှာကြောင့် သူ အပြင်ထွက် လူတောတိုးရဲသည်မှ မဟုတ်တာ။

ဘာ့ကြောင့်များလဲ ...

မိုးစက် ရင်ထဲ လေးလံ ကျပ်ခဲလို့ လာသည်။

တစ်ည ...

တစ်ညမှာတော့ ...

အိပ်မက်ဆိုးတွေနှင့် တစ်ရေးနိုးလာကာ မျက်စိကြောင် ပြီး ပြန်အိပ်မပျော်နိုင်။



ရင်ထဲလည်း တလှပ်လှပ်တုန်ယင်ကာ အကြောင်းမဲ့ မောဟိုက်လို့ နေမိသည်။

သူ ... ဟန်နီ ...

မိုးစက် အိပ်ရာထဲမှ ဝုန်းခနဲ ထ,သည်။

ထို့နောက် ...

သူ့အခန်းဆီ အသိစိတ်ကင်းမဲ့နေသူ တစ်ယောက်လို ရောက်သွားမိသည်။

စေ့ထားသောတံခါးကို အသာတွန်းဖွင့်လိုက်သည်။

"ဟင်"

မရှိ။

သူ မရှိပါ။

မိုးစက် ရင်ထဲ ဒိန်းခနဲ။

သူ ... ဘယ်ရောက်နေသလဲ ...?

www.burmeseclassic.com

www.burmeseclassic.com

-------------------- ။

"ညိုထွေးလေး ... အစ်ကို့ကို တကယ်ချစ်ရဲ့လား"

"အို ... အစ်ကိုရယ် မေးရက်တယ်၊ ဒီအခြေအနေထိ ရောက်ခဲ့ပြီးမှ"

ဘုရားရေ ...

ကမ္ဘာမြေကြီးတစ်ခုလုံး သွက်သွက်ခါ လည်သွားတော့သည်။

မျက်လုံးများ ပြာဝေလို့သွားခဲ့။

မိုက်ခနဲ ဖြစ်သွားရသည်မို့ နံရံကို လက်နှင့်ထောက်ထားလိုက်ရသည်။

ကိုယ့်နားကိုပင် မယုံကြည်ချင်။

သို့သော် ...

စကားသံများက တိုးဝင်ရိုက်ခတ်လို့ လာပြန်သည်။





"အစ်ကိုက ရုပ်ဆိုးကြီးမဟုတ်လား ... ညိုထွေး အစ်ကို့ကို ထားခဲ့ပြီး ထွက်ပြေးသွားမှာ ကြောက်တယ်"

"ညိုထွေးမှာ အစ်ကို့ရင်ခွင်အပြင် ထွက်ပြေးစရာလည်း မရှိပါဘူး အစ်ကိုရယ်၊ အစ်ကို့ကို ညိုထွေး တကယ်ချစ်တာပါ"

"ညိုထွေး အစ်ကို့လိုရုပ်ဆိုးကြီးကို အနစ်နာခံပြီး ပြန်ချစ်ခဲ့တာကို အစ်ကို ဘယ်တော့မှမမေ့ဘူး၊ ညိုထွေးအတွက် အစ်ကို စဉ်းစားထားပါတယ် ... ညိုထွေးကို အစ်ကို တင့်တင့်တယ်တယ်ထားနိုင်အောင် ကြိုးစားမှာပါ"

"အို ... ညိုထွေး အဲဒါတွေမျှော်မှန်းပြီး အစ်ကို့ကို ပြန်ချစ်ခဲ့တာ မဟုတ်ပါဘူး၊ ပြီးတော့လေ ညိုထွေး မမမိုးစက်ကို ကြောက်တယ်"

"ကျွတ် ... ဒီမိန်းမများ ခေါက်ထားလိုက်စမ်းပါ ... အစ်ကိုပြီးရင် ပြီးတယ်၊ အစ်ကိုက သေဆိုသေ, ရှင်ဆိုရှင်ပဲ၊ အစ်ကို့ကို ဘယ်တော့မှ ပြန်မလှန်ရဲဘူး"

ရင်ထဲတစစ်စစ် နာကျင်ကိုက်ခဲလို့လာသည်။

ကိုယ့်အချစ်ကို စော်ကားလွန်းနေပြီမို့ သည်းခံနိုင်စွမ်းအားက လုံးဝ ကုန်ခန်းသွားခဲ့ပြီ။

တံခါးကို ဝုန်းခနဲ ဆောင့်ဖွင့်လိုက်သည်။

"မင်း .. ထင် .. ကျော်"



www.burmeseclassic.com

www.burmeseclassic.com



နာမျက်သောအသံက မထိန်းချုပ်နိုင်အောင် ကျယ်လောင်ပေါက်ကွဲလို့ သွားသည်။

"မမ"

"မိုးစက်"

လှုချင်း ကမန်းကတန်း ခွာကြပြီး သွေးပျက် အံ့သြထိတ်လန့်သွားသော အသံများဟာ ခုနက စကားသံများနှင့် ဘာမှမဆိုင်အောင် အက်အက်ကွဲကွဲ။

တုန်လှုပ်ပျက်ယွင်းနေကြသော မျက်နှာနှစ်ခု။

"ငါက နင်ပြီးရင် ပြီးတဲ့မိန်းမ ... ဟုတ်လား၊ နင်က သေဆိုသေ, ရှင်ဆိုရှင် ... ဘယ်တော့မှ ပြန်မလှန်ရဲတဲ့ မိန်းမ ... ဟုတ်လား"

"မိုး ... မိုးစက် ... ငါ ... ငါ ..."

"အေး ... အဲဒါ ငါရှုံးခဲ့လို့ပဲ မှတ်လိုက်တော့၊ နင့်ရဲ့ လူတောမတိုးတဲ့မျက်နှာကို သနားခဲ့မိတာ ငါရှုံးခဲ့လို့ပဲ မှတ်လိုက်"

နှုတ်ခမ်းများ တဆတ်ဆတ်တုန်ယင်လျက် စကားတို့ ထစ်ငေါ့ကာ သူ စကားဆုံးအောင် မပြောနိုင်။

တစ်မိုးထဲ အရိပ်အောက်မှာ ဖောက်ပြန်ရက်သူ။

ထိုမျက်နှာကို စက်စက်ဆုပ်ဆုပ် ကြည့်ရင်း လက်သည်းပေါက်ပေါက်ထိုးရင်း မိုးစက် တစ်လုံးချင်း ပြောသည်။



"အဲဒါကြောင့် ယောက်ျားနဲ့နွား မသနားနဲ့လို့ ပြောကြတာ၊ ငါကတော့ လူတောမတိုးတဲ့မျက်နှာကို သနားခဲ့လိုက်ရတာ၊ ကရုဏာသက်ခဲ့လိုက်ရတာ၊ အဲဒီမျက်နှာကို ငဲ့ညှာပြီး ငါ့အတွက် မင်္ဂလာဆည်းခံပွဲလည်း မလုပ်ခဲ့ဘူး၊ သမီးအတွက် ကင်ပွန်းတပ်ပွဲလည်း မလုပ်ခဲ့ဘူး"

ကိုယ့်ဘက်က ငဲ့ညှာပေးခဲ့သမျှ နင်းခြေစော်ကားရက်လွန်းသလို ပြောရင်းက ရင်ထဲ တစစ်စစ် ပိုနာကျင်လာသည်။

ဒင်းကတော့ ခုမှ ကိုယ့်အပြစ် ကိုယ့်အမှားကို ရှက်ရွံ့ရကောင်းမှန်း သိသလို ခေါင်းကို ငိုက်စိုက်ကျ ငြိမ်သက် တိတ်ဆိတ်နေသည်။

ကိုယ် အသနားကြီး သနားခဲ့မိသော မျက်နှာကို ကြည့်ရင်းက ရင်ထဲ ပိုအော်ဂလီဆန်လာသည်။

"လက်စသတ်တော့ နင်က ခွေးတောတိုးနေတာကိုး"

လေသံကို တမင်အေးခဲလျက် ဆွဲပေးလိုက်သည်။

"အို ... မမမိုးစက်ရယ် ... အဲလို မပြောပါနဲ့"

ရှိုက်ကြီးတငင် တောင်းပန်သံ ...။

သူ ဝုန်းခနဲ ထ,ရပ်သည်။

"နင် ... နင် ... ရိုင်းလှချည်လား"

"ငါက ရိုင်းသလား၊ အေး ... ရိုင်းတယ်ဆိုရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ငါက ရှိုင်းရုံတင် ရှိုင်းတာ ... နင်တို့က ညစ်ညမ်းတာ၊ ယုတ်မာတာ''

သူ ဒိုင်းခနဲ နံရံကို ထိုးသည်။

မိုးစက် အေးခဲစွာပင် ပြုံးလိုက်သည်။

နာတတ်သေးသားပဲ။

ဒီတစ်ခါတော့ မြမိုးစက်တို့က တကယ်ပင် နာကြည်းမိလေပြီ။

ခေါင်းကိုမော့ကာ လေကိုတဝကြီး ရှူသွင်းသည်။

ဘာလုပ်ရမည်လဲ။ အပြေးအလွှား စဉ်းစားသည်။

ငိုနေသော ကောင်မလေးကို တစ်ချက်ကြည့်လိုက်သည်။

နိုကိုးရာမဲ့ကလေးမို့ အိမ်မှာခေါ်ထားခဲ့မိတာ ...

အရင်အိမ်တွေမှာ အလုပ်,လုပ်ခဲ့တုန်းက အိမ်ရှင်က ခနိုးခနဲ့လုပ်လို့ ကြောက်ကာထွက်ပြေးခဲ့ပါသည်ဆိုသော ကောင်မလေး ...။

ဖွံ့ထွားစ ကိုယ်လုံးလေးက ကျစ်ကျစ်လျစ်လျစ်၊ လုံးလုံးတစ်တစ် ...။

အမြဲတမ်း သနးစရာ မျက်နှာငယ်ကလေးနှင့် ...

ခုမှ ရုပ်လုံးက ကြွတက်လာတော့သည်။



''ဟဲ့''

နာမည်ကိုပင် ခေါ်ချင်စိတ် မရှိတော့သည်မို့ ဟဲ့လို့သာ ခေါ်ထည့်လိုက်သည်။

ငိုနေရာမှ ဆတ်ခနဲ တုန်သွားကာ ...

''ရှင် ... မမ''

ဟု အလန့်တကြား ထူးသည်။

''အထုပ်ပြင် ... အဝတ်အစားတွေ သိမ်း''

''မမ ... မမရယ်''

''မျက်ရည်ခံထိုးဖို့ မကြိုးစားနဲ့၊ ခြေသလုံးဖက် တောင်းပန် ဖို့လည်း မစဉ်းစားနဲ့၊ မြမိုးစက်တို့က သနားတတ်ခဲ့ပြီးပြီ၊ သနားတတ်လွန်းခဲ့လို့ ဘဝတစ်ခုလုံး နစ်မွန်းစတေးခဲ့ပြီးပြီ၊ ခု ဘယ်သူ့ကိုမှ မသနားတော့ဘူး။ ဒီမှာ ငါ့သဘောနဲ့ငါ ညည်းကို အလုပ်ကထုတ်တာ မဟုတ်ဘူး ... အလုပ်ကထွက်ရအောင် ညည်းကကြံမှာကို ညည်းဘာသာ ဖန်တီးတာ၊ အဲဒီတော့ ထုံးစံဖြစ်တဲ့ သုံးလစာလည်း ငါမပေးနိုင်ဘူး၊ တစ်ကျပ်တစ်ပြားမှ မပေးနိုင်ဘူး ... ကျေနပ်နပ်, မကျေနပ်နပ် ငါဂရုမစိုက်ဘူး''

''ကျွန် ... ကျွန်မ ကျေနပ်ပါတယ်''

''အေး ... တိုင်လားတောလား လုပ်မယ်ဆိုလည်း ရတယ်၊ ညည်းတို့တောင် မျက်နှာပြောင်တိုက်ရဲသေးရင် ... ဘာ

www.burmeseclassic.com

အများအယွင်းမှ မရှိတဲ့ငါက ဘာလို့ အရှက်ကွဲမခံရဲရမှာလဲ၊ အရှက်ကွဲမှာ ကြောက်လို့ဆိုပြီး တရားရုံးလာရင်မဆိုင်ရဲမယ့် မိန်းမလို့ မထင်နဲ့ ...ငါ့ဆီကတော့ တစ်ကျပ်တစ်ပြားမှ ရဖို့ မမျှော်လင့်နဲ့၊ အဲဒီ သုံးစားမရတဲ့ ရုပ်ပျက်ဆင်းပျက်မျက်နှာကြီးကို ခေါ်ချသွား ...ကျေကျေနပ်နပ် စွန့်ကြဲလိုက်မယ်''

''ဟင့်အင်း ဟင့်အင်း ...ကျွန်မ ဘယ်ကိုမှလည်း မတိုင်ရဲပါဘူး။ သူ့ကိုလည်း ခေါ်မသွားပါဘူး၊ ကျွန်မတစ်ယောက်တည်းပဲ သွားပါရစေ''

ကောင်မလေးက ခါးခါးသီးသီးငြင်းတော့ မိုးစက် သူ့ကို လှောင်ပြုံးဖြင့် စိန်ခေါ်အကြည့် ကြည့်လိုက်သည်။

နင့်လို ရုပ်ပျက်ဆင်းပျက်ကြီးကို အိမ်ဖော်ကတောင် လက်တွဲဖို့ စိတ်ကူးမရှိတာ နားလည်ပြီလား မင်းထင်ကျော်။

ငါကသာ ရူးရူးမိုက်မိုက် ချစ်တတ်လွန်းလို့ လူသိရှင်ကြား လက်ထပ်ခဲ့တာ။

နင်က ငါ့လို အချစ်ကိုကိုးကွယ်တဲ့ မိန်းမနဲ့မှ မထိုက်တန်တာဘဲ။

''နင်ရော လိုက်မသွားချင်ဘူးလား မင်းထင်ကျော်''

မိုးစက် လှောင်သံဖြင့် မေးလိုက်တော့ သူ ဝေဝေ လှည့်ကြည်သည်။



''အေး ...ဒီအိမ်ရိပ်က ထွက်သွားပြီးရင်တော့ ငါနဲ့ ငါ့သမီးကို တွေ့ရဖို့ ဘယ်တော့မှ ကြိုးစားလို့မရတော့ဘူး မှတ်''

မိုးစက် စကားအဆုံး သူ သမီးလို့ နှုတ်ခမ်းလှုပ်ရုံ ရေရွတ်သည်။

''သတိရသွားပြီလား နင့်သမီးကို''

''ငါ ...ငါ့ကို ခွင့်လွှတ်ပါ မိုးစက်ရယ် ...ငါ နောက်ဘဝ ဒီလိုအမှားမျိုး ဘယ်တော့မှ ထပ်မဖြစ်စေရတော့ပါဘူး၊ ငါ နင်နဲ့ရော, သမီးနဲ့ရော မခွဲနိုင်ပါဘူး၊ ငါ အရမ်းမှားသွားပါတယ် ...ငါ့ကို ခွင့်လွှတ်ပါ''

ရှိုက်ငင်သံ ဗလုံးဗထွေးနှင့် မိုးစက်ရှေ့ သူ ဒူးထောက်ထိုင်ချသည်။

မိုးစက် ကျေနပ်အားရစွာ ပြုံးရင်း ကျောခိုင်းထွက်လာခဲ့သည်။

မရတော့ဘူး မင်းထင်ကျော် ...။

ငါ တစ်ခါ အညာခံခဲ့ပြီးပြီ။

ဒီတစ်ခါတော့ ငါ့ဘဝတစ်သက်စာ တစ်ဘဝစာ နင့်ကို နာကြည်းသွားပြီ။

ရက်ရက်စက်စက် အနိုင်ယူရက်မှန်းသိရဲ့နဲ့ ငါ နင့်ကို ပေးဆပ်ပြီး ချစ်ခဲ့တယ်။

www.burmeseclassic.com



လူတောမတိုးရဲတော့တဲ့ အဖြစ်အတွက် အရက်သမား ဘဝ မရောက်ရအောင် ဆယ်ပေးရင်းကနေ အခွင့်အရေးယူ စော်ကားခံခဲ့ရတာကိုလည်း ခွင့်လွှတ်ပြီး တစ်ဘဝစာ လက်တွဲဖို့ ဆုံးဖြတ်ခဲ့သေးတယ်။

အဲဒီ ရုပ်ပျက်ဆင်းပျက် မျက်နှာကိုပဲ ကရုဏာသက်မိလွန်းလို့ ဂရုစိုက် ကြင်နာခဲ့တော့လည်း သစ္စာပျက် ဖောက်ပြန်တာ ခံလိုက်ရတယ်။

ဒီတစ်ခါ နာမိတဲ့ နာကြည်းစိတ်ကတော့ တစ်ဘဝစာ နိုင်မာလို့သွားပြီ မင်းထင်ကျော်။

ကျောခိုင်းရုံနဲ့ နင့်ရဲ့သစ္စာမဲ့မှုကို ငါ ကျေအေးလိမ့်မယ် မထင်နဲ့။

နင့်ကို ငါ ...

လှလှပပလေးလက်စားချေပြမယ်...။

---

အခန်း (၁၄)

ဖိတ် ဖိတ်တောက် ခမ်းနားနေစေသော ပါတီငယ် ကလေး။

စည်ကားသက်ဝင်လွန်းလှပါ၏။

ပျော်မြူးခြင်း အတိုင်းသား ပေါ်လွင်စေရသော်လည်း စိတ်ထဲမှာတော့ ပင်ပန်းလွန်းရပါသည်။

သူ့ ကြိုတင်ရှောင်ဖယ်ပြေးလို့မရအောင် တိတ်တဆိတ် လျှို့ဝှက်စွာ ကြိုတင်စီစဉ်ခဲ့ရသည်လေ။

"သမီးလေးနာမည်က ဘယ်လိုများ ပေးထားလဲ"

"အင်း ... အိမ်မှာတော့ ကိုးကိုးလို့ပဲ ခေါ်ကြတယ်"

"ဟယ် ... အဆန်းကလေးပါလား ... ကိုးကိုးနတ် (Coconut) လား"

"မဟုတ်ပါဘူး ... ကိုးကိုးဆိုတာ မိုးစက်ရဲ့ မွေးရက်



www.burmeseclassic.com

www.burmeseclassic.com



မွေးလလေ''

''ဟယ် ... ဘယ်လို ... နားမရှင်းဘူး။ အမေရဲ့မွေးနေ့ကို သမီးမှာ နာမည်ပြန်ပေးထားတယ်ပေါ့ ... ဟုတ်လား''

အားလုံးက အံ့အားသင့် ဆန်းကြယ်ကြလေလျှင် မိုးစက်မဲ့ရှုရှုကလေး ပြုံးမိပါ၏။

ဆန်းကြယ်ကြသည်လား ...။

ရင်ထဲမှာတော့ နာကျင်ရသည်မှာ တစစ်စစ် ကိုက်ခဲလို့က်စားလျက် ...

''မိုးစက်ရဲ့မွေးနေ့တွေမှာ သူ့ဖေဖေနဲ့ပတ်သက်ပြီး အမိကကျတဲ့ အစိတ်အပိုင်းလေးတွေ ဖြစ်စေခဲ့တယ်လေ၊ မိုးစက်တို့ နှစ်ယောက်အတွက် အရေးပါတဲ့ အမှတ်တရလေးတွေပေါ့၊ အဲဒါလေးတွေကို တန်ဖိုးထားတဲ့အနေနဲ့ သမီးလေးကို မြတ်မြတ်နိုးနိုးခေါ်တာ၊ မိုးစက်တို့နှစ်ယောက်လည်း ဘယ်တော့မှ မမေ့တော့ဘူးပေါ့''

ဟုတ်တယ် ... ဘယ်တော့မှ မမေ့စေရဘူး မင်းထင်ကျော်။

ငါက အသည်းထဲမှာ စူးနစ်နေအောင် အမြဲသတိရသလို နင်လည်း ဘယ်တော့မှ မမေ့လိုက်ပါနဲ့။

နင် ငါ့ကို ကြေးအိုးဆိုင်မှာ မိုးစုပ်စုပ်ချုပ်တဲ့အထိ ထားခဲ့



ပြီး ရည်းစားအသစ်နောက် ကတိဖျက်ပြီး လိုက်သွားခဲ့တာ ...

ကိုးရက် --- ကိုးလ ---

ငါ့ဘဝမှာ အဲဒီ ကိုးရက် ကိုးလ မွေးနေ့နှစ်ခုဟာ အခါးသီးခဲ့ဆုံး၊ အနာကျင်ခဲ့ဆုံးပဲ။

နင့်ကို နာကြည်းသထက် နာကြည်းမိအောင် ဘယ်တော့မှ ခွင့်မလွှတ်မိအောင် သမီးလေးကို ''ကိုးကိုး'' လို့ နာမည်ပေးလိုက်တာ။

သမီးလေးကို ''ကိုးကိုး'' လို့ တစ်ခွန်းခေါ်တိုင်း အဲဒီဖြစ်ရပ်တွေကို ငါ တစ်ခါ ပြန်ပြီး သတိရစေတယ်။

''ဩော် ... အဲလိုလား၊ ကြည့်စမ်း ... ပက်စသတ်တော့ သမီးရဲ့နာမည်က ရာဇဝင်နဲ့ကိုး၊ ရှိမင့်တစ် ဖြစ်လိုက်ကြတာ၊ ကြည့်စမ်း ... တကယ် ကဗျာဆန်တယ်''

အများက ဩဘာပေးကြပါရဲ့။

ရှိမင့်တစ်ဖြစ်သတဲ့။

ကဗျာဆန်သတဲ့။

ကိုယ်သာသိသော အဓိပ္ပာယ်မို့ မိုးစက်ကတော့ ခပ်လှောင်လှောင်လေးသာ ခေါင်းမော့ပြုံးနေမိသည်။

''ဒါနဲ့ ... ဘယ်မှာလဲ ... ရှိမင့်တစ် ကိုးကိုးလေးက''

''ရှိတယ် ရှိတယ် ... သူ့အဖေနဲ့ ဆော့နေတယ်''

www.burmeseclassic.com

www.burmeseclassic.com



သမီးကို ကြိုတင်အကြံအစည်နဲ့ သူ့အခန်းထဲ ထည့်ပေးထားခဲ့တာ။

ညှော်ခန်းမှာ ညှော်သည်တွေ တဖွဲဖွဲရောက်လာကြတာကို သူ သတိထားမိပုံ မပေါ်သေး။

သူ့အခန်းက အတွင်းဘက်ကျသည်မို့ အသံတွေ သိပ်မရောက်တတ်။

မိုးစက်က ဦးဆောင်လျက် ညှော်သည်တွေကို သူ့အခန်းဆီ ခေါ်သွားသည်။

တံခါးမခေါက်ဘဲ ဝုန်းခနဲ တွန်းဖွင့်လိုက်သည်။

"ဟော့ ... ဗိုက်ဗိုက်ကြီးကို ဖောက်စားပစ်လိုက်မယ်နော် ... ဟင် ... စားပစ်လိုက်ရမလား"

သမီးလေးရဲ့ဗိုက်ကို ငုံ့ကာ ငုံ့ကာ သူ ကိုက်ဟန်ပြုတော့ သမီးက တခစ်ခစ်နှင့် ရယ်သည်။

ရုတ်တရက် တံခါးဖွင့်ချလိုက်တော့ သူ မော့ကြည့်သည်။

အခန်းဝမှာ လူစုလူဝေးနှင့် တွေ့လိုက်ရတော့ သူ ... မျက်လုံးပြူးသွားသည်။

အလန့်တကြားဖြစ်ကာ ရင်မဆိုင်ရဲသလို သူ့မျက်နှာကို တစ်ဖက်သို့ ချက်ချင်းလွှဲကာ ဖွက်သည်။

ညှော်သည်တွေကလည်း သူ့သတင်းသာ ကြားပေမယ့်





ခုလို တစ်ခါမှ တော့တော့ဆိုင်ဆိုင် နီးနီးကပ်ကပ် သူ့မျက်နှာကို မမြင်ဖူးကြတော့ အံ့သြတကြီး ကြောက်လန့်ကုန်ကြသည်။

"ဟယ်" ခနဲ ... "ဟင်" ခနဲ ... အာမေဍိတ်သံတွေ ထွက်ကြကာ ပါးစပ်ကို လက်ဝါးနှင့်အုပ်သူအုပ်၊ မျက်နှာကို လက်ဝါးနှင့် အုပ်သူအုပ်။

အခြေအနေကို ပြန်ဝင်ထိန်းပေးရသူက မိုးစက်။

"ဟန်နီ ... လာလေ ... ညှော်သည်တွေ ထွက်နှုတ်ဆက်ပါဦး ... အားနာစရာကြီး"

မိုးစက်အသံက အများအတွက်၊ ခင်ပွန်းအပေါ် မေတ္တာကြီးမားလှသော အိမ်ရှင်မတစ်ယောက်ရဲ့ လေသံပီသစွာ ချိုကြည်သာလျက် ...။

ပြီးတော့ လူတောမတိုးဝံ့သော ခင်ပွန်းကို ဖေးမ ကရုဏာသက်ဟန်အပြည့်ပါသည့် လေသံလည်း ဖြစ်စေရမည်။

သို့သော် ...

သူ့တစ်ယောက်တည်းအတွက်ကတော့ လူတောမတိုးဝံ့သော သူ့အခြေအနေကို လှောင်ပြောင်မှုအပြည့်ပါသော၊ နင်းခြေသော လေသံဆိုတာ သိနားလည်စေရမည်။

မိုးစက်ခေါ်တော့ သူ အင်း အဲနှင့် ငြင်းရခက်ကာ အနေရအထိုင်ရ ကျဉ်းကျပ်ဆဲ ...။



www.burmeseclassic.com

www.burmeseclassic.com



"လာပါ ဟန်နီရဲ့ ... ညည့်သည်တွေက တကူးတက လာချီးမြှင့်ပေးရတာ၊ လာလေ ... ထွက် ညည့်ခံမှပေါ့"

မိုးစက် သူ့ကို အတင်းဆွဲထူကာ ထွက်လာစေသည်။

မရုန်းဖယ်သာ၍သာ ထ,လိုက်ခဲ့ရသော်လည်း သူ့မျက်နှာမှာ ဟန်လုပ်၍မရလောက်အောင်ပင် မွန်းကျပ်၍နေပုံမှာ အတိုင်းသား ...။

သိမ်ငယ်နေဟန်မှာလည်း အတိုင်းသား ...။

အားလုံးက သူ့ကို ခေါ်ပြောနှုတ်ဆက်ကြသော်လည်း မရွံ့မရဲ၊ မကောင်းတတ်သည့် ဟန်။

စားသောက်နေရင်းမှ သူနှင့် စကားပြောကြရလျှင် ကြောက်စရာ သတ္တဝါကို၊ ရွံရှာစရာ သတ္တဝါကို မျက်နှာချင်းဆိုင်နေရသလို အောင့်သက်သက် မသတီသည့် မျက်နှာမျိုးတွေနှင့် စားလက်စပင် မသိမသာ ရပ်တန့်ပစ်ကြတော့သည်။

မှတ်ပြီလား မင်းထင်ကျော် ...။

မိုးစက်က ရင်တွင်းမှ ကျေနပ်အားရစွာ လှောင်ပြောင်မဲ့ရှုသော အပြုံးတစ်ခုကို လျှို့ဝှက်စွာ ပြုံးနေမိသည်။

အဲဒါ ငါ့ရဲ့ ကလဲ့စားပဲ။

နင့်လို ချစ်ခြင်းမေတ္တာနဲ့ မထိုက်တန်တဲ့သူကို အဲဒါ အလှပဆုံး ဒဏ်ခတ်လက်စားချေခြင်းပဲ။



ပေးဆပ်ခြင်း၊ ခွင့်လွှတ်ခြင်းတွေနဲ့ သည်းသည်းရှိုက်ရှိုက် ချစ်တတ်ခဲ့တဲ့ မြမိုးစက်ဟာ နင့်ကြောင့် ပြောင်းလဲခဲ့ပြီ။

နင့်စိတ်နှလုံးမှာ ဟိုးအတွင်းနက်နက်ထဲအထိ လှိုက်စားလောင်ကျွမ်းသွားစေတဲ့ ဒဏ်ရာမျိုးရအောင် ...

ငါ ...

တမြည့်မြည့်နဲ့ နှိပ်စက်ပြမယ်။

ဒါ ...

အစပဲ ရှိသေးတယ် မင်းထင်ကျော်။

www.burmeseclassic.com

www.burmeseclassic.com

------------------ ။

"မင်း ... မင်း ... ယုတ်မာလှချည်လားဟင် မိုးစက်၊ ဒါ မင်းတမင်လုပ်တာ ငါသိတယ်၊ မင်း တမင်ကို အကွက်ချပြီး လုပ်တာ"

"အို ... အို ... ဖြည်းဖြည်းပြောပါ မင်းထင်ကျော်ရယ်၊ ငါကလည်း မဟုတ်ပါဘူးလို့ နင့်ကို မငြင်းပါဘူး"

သူ့ရဲ့ ဒေါသတကြီး နီရဲပေါက်ကွဲနေသောမျက်နှာကို ကြည့်ကာ မိုးစက်ပိုပြီး ဆွပေးလိုက်မိသည်။

ပေါက်ကွဲလိုက်စမ်း မင်းထင်ကျော်။

ဒေါသတွေလည်း ထွက်လိုက်စမ်း။

ငါက နင် အဲသလို ခံစားနေရတာကို အရသာခံ ကြည့်ချင်နေတာ။

"မင်း ... မင်း ဘာရည်ရွယ်ချက်နဲ့ ခုလို လုပ်ရတာလဲ



... ပြောစမ်း"

"ဘာရည်ရွယ်ချက်နဲ့ လုပ်ရမှာလဲ ... သမီးလေး အတွက် ပျော်ပွဲရွှင်ပွဲလေး လုပ်ပေးချင်လို့ပါ"

"သမီးအတွက် လုပ်ပေးချင်တယ်ဆိုရအောင် သမီးက နားလည်သေးတဲ့ အရွယ်မို့လို့လား၊ အဓိပ္ပာယ်မရှိတဲ့ အကြောင်းပြချက်တွေ ငါ့ကို မပေးစမ်းနဲ့"

"အိုကေ ... ဒါဆို အဓိပ္ပာယ်ရှိတဲ့ အကြောင်းပြချက်ပဲ ပေးပါ့မယ်၊ သမီးက နားမလည်သေးတော့လည်း နားလည်တတ်တဲ့ နင့်အတွက်ပေါ့၊ တကယ်ပါ မင်းထင်ရယ် ... နင့်ကြည့်ရတာ အိမ်တွင်းအောင်း အထီးကျန်လွန်းလို့ ပျော်ရွှင်စေချင်တဲ့ စေတနာနဲ့ပါ၊ ငါက တမင်အကုန်အကျခံပြီး စီစဉ်ပေးတာ"

"ဘာစေတနာလဲ ... ဒါ စေတနာမဟုတ်ဘူး ... နင် တမင်ယုတ်မာတာ၊ ငါ လူတောမတိုးရဲမှန်းသိလို့ ငါသိမ်ငယ်မှန်း သိလို့ တမင်လုပ်တာ၊ တကယ်ဆို ငါ့ကိုကြိုပြောပါလား ... ငါ ရှောင်ပေးပါ့မယ်လို့ ပြောခဲ့ပြီးသားပဲ"

"အဲလိုတော့လည်း ဘယ်ဟုတ်မလဲ မင်းထင်ရယ် ... ဧည့်သည်တွေက ကိုးကိုးရဲ့ဖေဖေရောလို့မေးရင် ငါက ဘယ်လို ဖြေရမှာလဲ"

"ကိုးကိုး ... လုပ်ပြန်ပြီ ... ငါ့သမီးကို ဒီနာမည်

www.burmeseclassic.com

www.burmeseclassic.com



မခေါ်ပါနဲ့လို့ ဘယ်နှခါ မှာထားရမလဲ၊ ငါ့သမီးနာမည် ရတီမင်း၊ ကိုးကိုးဆိုတဲ့ အဓိပ္ပာယ်မရှိတဲ့ နာမည်ကြီးကို မခေါ်စမ်းနဲ့''

သူ ရှေ့မှကုလားထိုင်ကို ဒိန်းခနဲ ဆောင့်ကန်ကာ အော်ဟစ်သည်။

မိုးစက်က ပြုံးကာ မျက်လုံးများမှေးစင်းလျက် ကြည့်နေလိုက်သည်။

တိုးညင်းအေးခဲသောလေသံဖြင့် သူ ကြားသာရုံ မိုးစက် ပြန်ပြောလိုက်ပါသည်။

''သိပ်အဓိပ္ပာယ်ရှိတာပေါ့ မင်းထင်ကျော်ရယ်၊ သိပ်ကို အဓိပ္ပာယ်ရှိတာပေါ့၊ နင် ငါ့ကို ယုံလောက်အောင် ကတိတစ်လုံး ပေးခဲ့ပြီး ရက်ရက်စက်စက်ထားပစ်ခဲ့တာ ကိုးရက်,ကိုးလ ငါ့ မွေးနေ့လေ၊ အဲဒီနေ့ကို ငါ တစ်သက်လုံးမမေ့ဘူး၊ သတိရမိတိုင်း နင့်ကိုခါးတယ်''

မိုးစက် ချာခနဲ လှည့်ထွက်ကာ သူ့ကို ကျောခိုင်းလိုက်သည်။

မှတ်မိရဲ့လား မင်းထင်ကျော် ... အဲဒီနေ့စွဲကို။

နောက်ထပ်နေ့စွဲကိုတော့ နင်သိလို့ မဖြစ်ဘူး၊ ဘယ်သူမှလည်း အသိခံလို့ မဖြစ်ဘူး၊

ငါ လျှို့ဝှက်စွာ သိမ်းဆည်းရင်း ...





နင့်ကို မုန်းသထက်မုန်းပြီး ...

နာကြည်းသထက် နာကြည်းနေမယ်၊

နင့်ရဲ့ဒဏ်ရာ ဒီ့ထက် ပိုနက်လာအောင် ငါ ဖန်တီးပြုပြီး မယ် မင်းထင်ကျော်။

ခံနိုင်ရည်ရှိအောင် ကြိုးစားထား။

www.burmeseclassic.com

www.burmeseclassic.com

------------------- ။

နောက်တစ်ခါ အဖြစ်အပျက်ကတော့ ပို၍ ဆိုးရွားပါသည်။

မိုးစက်ရဲ့ မွေးနေ့အလှူ ...

ကိုရောက်... ကိုလေ...

တမင်ကို မွေးနေ့ရက်ကိုစောင့်ပြီး အလှူကို လုပ်တာဖြစ်သည်။

ဒီနေ့ ဒီရက်က အဆိပ်ပြင်းသတ္တဝါတစ်ကောင် ရင်ထဲ မွှေနှောက်ထားသလို တဆစ်ဆစ် နာမျက်စေသောနေ့ ဖြစ်သည်လေ ...

ဘုန်းကြီးတွေကို အရက်ဆွမ်းကပ်လှူတော့ သူ မနိုးသေး။

ဧည့်သည်တွေကိုလည်း မိုးစက်က များများစားစားတော့





ဖိတ်မထား။

သို့သော် ဖိတ်ထားသမျှက တကယ့်လူကြီးလူကောင်းတွေချည်း။ စီးပွားဖက်၊ လုပ်ဖော်ကိုင်ဖက်တွေ။

ထုံးစံအတိုင်း လူစုံတော့ မိုးစက်ရဲ့ ရည်ရွယ်ချက်ကလူအများရှေ့ သူ့ကို ချပြဖို့။

"ဒေါ်မြမိုးစက်ရဲ့ အမျိုးသားရော မတွေ့မိပါလား"

"ရှိပါတယ်၊ သူက ဟိုလေ နည်းနည်းသိမ်ငယ်တတ်တယ်"

"ဩော် ... ဘာကြောင့်ပါလဲ ခင်ဗျာ၊ မိသားစုသဘောမျိုး ကျွန်တော်တို့ စပ်စုပါရစေနော်"

"ရပါတယ် ... ဘာမှ ဖုံးကွယ်ထားစရာ မရှိပါဘူး၊ သူ့သတင်းကတော့ အားလုံးသိထားကြပြီးသား ဖြစ်မှာပါ၊ သူ့မျက်နှာက ကားအက်စီးဒင့်ဖြစ်ထားတော့ ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရတယ်လေ၊ အဲဒါကြောင့် သူ လူတောမတိုးရဲတော့ဘူး၊

ကျွန်မအနေနဲ့ကတော့ ငယ်ချစ်ဆိုတော့ သူ့ကိုဥပေက္ခာမပြုရက်ဘူးလေ၊ အဲဒါ ကျွန်မတို့အားလုံးက အကျိုးတူစီးပွားဖက်တွေဆိုတော့လေ ကျွန်မကို ခင်မင်သလို သူ့ကိုလည်း ဖေးမပေးကြပါ၊ နှစ်သိမ့်ပေးကြပါလို့"

"အာ ... လုပ်ပေးရမှာပေ့ါ၊ ကျွန်တော်တို့က ပါတနာ



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ၊ မိသားစုစိတ်ဓာတ်နဲ့ လုပ်ပေးရမှာပေါ့ဗျာ၊ အခု သူဘယ်မှာလဲ၊ ကျွန်တော်တို့ လိုက်တွေ့မယ်လေ''

''ရှိပါတယ် ... လိုက်တွေ့ကြမယ်ဆိုရင်တော့ Thanks A Lot ပေါ့ရှင်''

မိုးစက် သူ့အခန်းရှိရာသို့ (အရင်တစ်ခါလိုပင်) ဧည့်သည်များကို ဦးဆောင်ခေါ်လာခဲ့သည်။

ဒီတစ်ခါတော့ စီးပွားဘက် လူကြီးလူကောင်းများမို့ သတိထားကာ ညင်သာစွာ တံခါးတွန်းဖွင့်ရသည်။

''မြမိုးစက် ... မင်း ဘာကိစ္စ ငါ့အခန်းထဲ လာသလဲ''

အသံက လျှာလေး အာလေး။

မျက်နှာတစ်ပြင်လုံး နီနီရဲလျက်။

လူက ဖက်ကျိုးနေပြီ။

ဒါတောင် ခွက်ကို မလွှတ်သေး။

''ဒါလင် ... ဧည့်သည်တွေက တွေ့ချင်လို့''

ဒါလင်ဆိုတဲ့အသံမှာ လိုအပ်တာထက် နူးညံ့မှုတွေ ထည့်ပေးလိုက်သည်။

ဧည့်သည်တွေ ရှိလျှင်တော့ ဒါလင်နှင့်ဟန်နီ ဆိုတာကို မိုးစက် နှုတ်ဖျားမှ မချ။

''ဘာ ဧည့်သည်''



သူ အခန်းဝဆီ လှမ်းကြည့်သည်။

သားနားသပ်ရပ်သောအဆင်အပြင်နှင့် လူကြီးလူကောင်းများကို မြင်တော့ သူ မျက်တောင်တို့ကို အကြိမ်ကြိမ် ပုတ်ခတ်ကာ ကြည့်သည်။

''တကယ်ပဲ ဧည့်သည်တွေ ရောက်နေတာကိုး။ ဆောရီးဗျာ၊ မိုးစက်က ကြိုတင်ပြောမထားတော့''

အယ်လ်ကိုဟောအနံ့က ထောင်းခနဲ။

ဖေးမနှစ်သိမ့်ဖို့လာသော ဧည့်သည်များက ဖရိုဖရဲနှင့် တေပေလေလွင့်နေပုံပေါက်သော သူ့ကိုကြည့်ကာ မျက်နှာများ ပျက်ချင်ချင်။

''ကျွန်တော်လည်း ညစ်တွန်း တွန်းနေမိတာ။ အားနာလိုက်တာဗျာ''

သူ့အနေအထား သူ ရှက်ရွံ့သိမ်ငယ်စွာ ခေါင်းကြီး ငိုက်စိုက်ချလျက် ဧည့်သည်များကို ရင်မဆိုင်ရဲ။

စကားများမှာစိုးသလို စကားလည်း ရဲရဲ မပြောဝံ့။

သူ့ပုံစံမှာ တကယ့် ကျဉ်းထဲကျပ်ထဲ ရောက်နေသူလို။

ဖွယောင်း ဖွာလန်ကြဲနေသော ဆံပင်များကို လက်ဖြင့် သပ်သည်။

ရင်ဘတ်ကြယ်သီးများကို ကမန်းကတန်း တပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲပေါ့ ကိုယ့်ညီရယ် ... ညစ်တွန်းတွန်းလို့ ဘဝဟာ ဘာများပြောင်းလဲလာမှာတဲ့လဲ၊ ညီလေးမှာ သိပ်ကြင်နာတတ်တဲ့ ဇနီးကောင်းတစ်ယောက် ရှိထားတာပဲ၊ ကိုယ့်ဘဝကိုယ် ပြန်ပြင်ဆင်ပေါ့ကွာ၊ သမီးလေးရှေ့လည်း မားမားမတ်မတ် ရပ်ပြရဦးမှာ မဟုတ်လား"

ပျက်စီးယိုယွင်းနေသော အရက်သမားပုံစံကြောင့် အားပေးနှစ်သိမ့်မယ့်သူတွေ နှုတ်မှ ဆုံးမစကားတွေသာ ထွက်ကျလာတော့သည်။

သူ အင်မလုပ် အဲမလုပ်။

ပြန်တိုက်ခိုက် နှုတ်လှန်ထိုးလို့ရသည့် လူမျိုးတွေလည်း မဟုတ်တော့ သူ ရေငုံနှုတ်ပိတ် ငြိမ်သက်နေရသည်လေ၊

မိုးစက်ကတော့ ကျဉ်းထဲ ကျပ်ထဲမှာ၊ သိမ်ငယ်စွာ ရှက်ရွံ့စွာ ငြိမ်ဆိတ်နေသော သူ့ကိုကြည့်ကာ အားပါးတရ ဟစ်အော်လို့ ရယ်ချင်ခဲ့သည်။

နင် နားလည်ပြီလား မင်းထင်ကျော်။

အဲဒါ ရှုံးနိမ့်မှုပဲ။

ဘယ်လိုလဲ ပေးဆပ်ရတဲ့ အရသာဟာ ခါးမှန်း သိပြီလား။

သစ္စာတရားဆိုတာကိုရော အဓိပ္ပာယ် ဖွင့်တတ်ပြီလား။



နင့် မဖွင့်တတ်ရင် ငါပြောပြမယ်၊

ဆရာမဂျူးကတော့ သစ္စာတရားဟာ ဘီယာလိုပဲ ခါးဟယ်တဲ့။

အခုတော့ ခါးသက်မှု ရသမှန်သမျှကို နင် ခံစားတတ်ပြီပေါ့၊ ဟုတ်လား"

မြမိုးစက်ကတော့ အချိုမြိန်ဆုံး ပြုံးနိုင်ခဲ့ပြီလေ၊

ကြိုတင် စောင့်စားခဲ့တဲ့ အတိုင်းပင် ညှော်သည်တွေ ပြန်တော့ သူ ပေါက်ကွဲတော့တာပင်။

"မင်း၊ ငါ့ကို အရှက်ခွဲပြန်ပြီပေါ့ ဟုတ်လား၊ မြမိုးစက်"

"ဆောရီးဟာ၊ အဲသလို ဖြစ်သွားခဲ့သလား၊ ငါက နင့်အတွက် စေတနာနဲ့ပါ"

"ဘာ ... စေတနာ ... ဟုတ်လား၊ လူတောမတိုးဝံ့တဲ့ ငါ့ဆီ ညှော်သည်တွေ ခေါ်,ခေါ်လာတာ စေတနာလား၊ ငါ့ကိုယ်ငါ ငိုမ်ငယ်သထက် သိမ်ငယ်ရအောင်လုပ်နေတာ စေတနာလား၊ ငါ့မှာ အမြဲ ရင်တထိတ်ထိတ်နဲ့ ဟောဒီ ရုပ်ပျက်ဆင်းပျက် မျက်နှာကြီးနဲ့ ညှော်သည်တွေကို ဘယ်တော့များ စကားပြောရမလဲ ဆိုပြီး ..."

သူ့အသံမှာ တစ်စထက်တစ်စ တိမ်ဝင် အက်ကွဲလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲနေသော အနေအထားမှ စိတ်ခတ်ကျဆင်းနေသော အနေအထားကို သူ့ပုံစံက ပြောင်းလဲလာသည်မို့ မိုးစက် ပိုပြီး ကျေနပ်သွားမိသည်။

"သမီးလေးသာ မရှိခဲ့ရင် ဟောဒီအိမ်ထဲက ငါ ထွက်သွားတာ ကြာပြီ၊ သမီးလေးကြောင့် သိရဲ့လား ... သမီးလေးကြောင့်"

မျက်ရည်တွေ ...

ဒီတစ်ကြိမ်မှာတော့ သူ့မျက်ရည်စက်တွေက မိုးစက်ရဲ့ ရင်ကို မထိမှန်နိုင်တော့။

မိုးစက် သူ့မျက်ရည်တွေကို ကျေနပ်စွာ ပြုံးကြည့်နေလိုက်သည်။

"ငါတောင်းပန်ပါတယ် မိုးစက်ရယ် ... မင်း ငါ့ကို ပညာရှိနည်းနဲ့ နှိပ်စက်နေတာတွေ ရပ်ပါတော့ ... ရပ်ပေးပါတော့"

ယောက်ျားကြီးတန်မဲ့ သူ ရှိုက်ကြီးတငင် ငိုကြွေးနေတာကို မိုးစက် ပြုံးမော့လျက် လက်ပိုက်ကြည့်နေမိသည်။

ဒီနေ့ ...

ကိုးရက် ... ကိုးလ ... လေ။

တစ်ခုသော ကိုးရက် ကိုးလတုန်းက ငါ ရင်ကွဲမတတ်





ငိုခဲ့ရဖူးတာပေါ့။

လူပုံအလယ် အရှက်လည်း ကွဲခဲ့ရတယ်။

တိတ်တဆိတ် အသည်းလည်း ကွဲခဲ့ရတယ်။

အဲဒီတော့ ငါလည်း ပုလောင်ခါးသီးတဲ့ မျက်ရည်တွေကိုပဲ အဖော်ပြုခဲ့ရတာပဲ။

ခုတော့ နင့်မျက်ရည်တွေကို ကြည့်ပြီး ငါ အားပါးတရ အော်ဟစ်ရယ်မောနိုင်တဲ့ ...

ကိုးရက် ... ကိုးလ ... ပေါ့။

ရှိုက်ကြီးတငင် ငိုကြွေးနေသော မင်းထင်ကျော်နှင့် သည်းလှိုက်အူလှိုက် ရယ်မောနေသော မြမိုးစက်တို့ကို ရွှန်းလဲ့သော မျက်လုံးပြာကလေးများနှင့် သမီးကတော့ တစ်လှည့်စီ မော့ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"သမီး ... အချစ်ကို ဘယ်တော့မှ မကိုးကွယ်လိုက်လေနဲ့၊ အချစ်ကိုကိုးကွယ်မိရင် ဘဝနစ်မွန်းတယ်၊ ဘဝတစ်ပိုင်း သေတယ်"

ကိုးကိုး မျက်တောင်ကလေး ပုတ်ခတ် ပုတ်ခတ်နှင့် မေမေ့ကို မော့ကြည့်မိသည်။

"မေမေရော ချစ်တတ်လားဟင်"

မဝံ့မရဲကလေး မေးကြည့်မိပါ၏။

ဒါ ... ကိုးကိုးရင်ထဲ အမြဲသိချင်နေခဲ့သော အမေးစကား။

မေမေက ကိုးကိုးကို ပြုံးကာ စိုက်ကြည့်သည်။

မေမေ့အပြုံးမှာ လျှို့ဝှက်နက်ရှိုင်းလွန်းလှသည်မို့ ကိုးကိုး အဓိပ္ပာယ်မဖွင့်ဆိုတတ်။



"မေမေ့ကို သမီးက မချစ်တတ်ဘူး ...လို့ ထင်သလားဟင်"

ကိုးကိုး ခေါင်းကလေး ယမ်းပြမိပါ၏။

"မေမေ ကိုးကိုးကို သိပ်ချစ်တယ်လေ၊ ကိုးကိုး သိတာပေါ့၊ ဒါပေမဲ့ အဲ ..."

ကိုးကိုး ရှေ့မဆက်ဝံ့။

မေမေ့ကိုတော့ ဆိုသည့်စကားက လျှာဖျားပေါ် မတက်နိုင်။ လည်ချောင်းထဲ ချက်ချင်း ပြန်နစ်ဆင်း တိမ်မြုပ်သွားသည်။

သို့သော် ...

ကိုးကိုးဆက်မမေးရဲသောစကားကို မေမေက အဓိပ္ပာယ် ပြည့်ဝစွာ ပြန်ဖြေပေးခဲ့ပါ၏။

"မေမေက အရမ်းကို ချစ်တတ်တဲ့သူပါ သမီးရယ်"

"ရှင်"

ကိုးကိုး မျက်လုံးဝိုင်းကလေးနဲ့ အံ့အားသင့်သွားမိသည်။

"ရူးရူးမိုက်မိုက်ကို ချစ်တတ်ခဲ့တာပါ၊ တကယ့်ကို ပေးဆပ်ချစ်, ခွင့်လွှတ်ချစ်နဲ့ ဘဝတစ်ခုလုံး ပုံအောပြီး ချစ်တတ်ခဲ့တာ"

ကိုးကိုး ကိုယ့်နားကိုယ်မယုံနိုင်။

ဒီစကားတွေကို တခြားသူတစ်ယောက်က ပြောတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် . . . ဟင့်အင်း မဖြစ်နိုင်ဘူးလို့ ငြင်းမိမှာအမှန်။

"ဒါပေမဲ့ သမီးသိလား . . . မတန်ဘူး သမီးရဲ့ ပေးဆပ်ခြင်းဆိုတာ ထိုက်တန်မှ ပေးဆပ်ရကျိုးနပ်တာ၊ အေး . . . မတန်ဘူးဆိုရင် ဂဲဒေါက်လုပ်ပစ်လိုက်တော့၊ ကိုယ့်ဘဝကို ဆက်ပြီး အနစ်မွှန်းခံမနေနဲ့တော့၊ မေမေဟာ အကျိုးမရှိတဲ့ အရာတစ်ခုကို စွန့်လွှတ်ဖြတ်တောက်ပြီး ကိုယ့်ဘဝကိုယ် ပြန်ပြင်ဆင်လိုက်ကတည်းက ခုလို တိုးတက်မြင့်မားတဲ့ ဘဝကို ရောက်လာခဲ့တာပဲ၊ တကယ်လို့ မေမေသာ အကျိုးမရှိတဲ့အရာကြီးကို ဆက်ပြီး ကုတ်ကတ်ဖက်တွယ်ထားမယ်ဆိုရင် သမီးလေးလည်း ခုလိုနေခွင့်ရမှာ မဟုတ်ဘူး . . . ဟုတ်ရဲ့လား သမီး"

ကိုးကိုး ခေါင်းလည်းမညိတ် ခေါင်းလည်း မခါမိ။

ငြိမ်ဆိတ်၍သာ နေမိသည်။

သမီးဘဝဟာ လိုလေသေးမရှိဆိုတဲ့ စကားနဲ့ ကိုက်ညီပါရဲ့။

ဒါပေမဲ့ သမီးဘဝဟာ ဘယ်မှာလာပြည့်စုံလို့လဲ။

ပျော်ရွှင် ငြိမ်းချမ်းတဲ့ မိသားစုဘဝလေးကို သမီး ဘယ်တုန်းကမှ မခံစားခဲ့ရဖူးဘူးလေ၊

"တကယ်တော့ သမီးရယ် . . . အချစ်ဆိုတာ ဘယ်နေရာမှာမှ အသုံးမဝင်တဲ့ အရာပါ"



မေမေ့စကားတွေက ပြင်းထန်လွန်းလှချေလား။

အချစ်ကို မေမေ့ရဲ့အမြင်က တိမ်းစောင်းလွန်းနေသည်လားလို့တောင် ကိုးကိုး သံသယရှိချင်လာသည်။

"မေမေကတော့ အချစ်ကို အယုံအကြည်မရှိဘူး"

ဘုရားရေ . . .

မေမေ့စကားတွေက ပြင်းထန်သထက် ပိုပြင်းထန်လို့လာပါလား။

"ဒီမှာ သမီး . . . သမီးဘဝအတွက် မေမေ တစ်ခုပဲပြောမယ် . . . မေမေ အခုပြောတဲ့စကားကို သမီးရင်ထဲ စွဲနေအောင် မှတ်ထား၊ ဘယ်တော့မှ မမေ့လိုက်လေနဲ့"

မေမေက ကိုးကိုးရဲ့ မျက်လုံးများထဲကို သေသေချာချာ စိုက်ကြည့်သည်။

မေမေ့ရဲ့အကြည့်က ဟိုးရင်ချိုင့် နှလုံးအိမ်ထိတိုင် စူးနစ်စေသည်။

"အချစ်ဆိုတာကိုလည်း မယုံနဲ့၊ ယောက်ျားတွေကိုလည်း မယုံနဲ့"

မေမေ့ရဲ့အသံမှာ မာကျောပြတ်သားလွန်းလှသည်မို့ . . . ကိုးကိုးရင်ထဲ စွဲနစ် ထိမှန်သွားစေသည်။

"မှတ်ထားသမီး . . ယောက်ျားတွေဟာ ချစ်ခြင်းမေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ထက် သွေးသားဆန္ဒကိုပဲ ဦးစားပေးတတ်ကြတာ၊ ယောကျ်ား ဆိုတာ အခွင့်အရေးသမားတွေချည်းပဲ၊ အတ္တသမားတွေချည်းပဲ''

ယောကျ်ားဆိုတာ အခွင့်အရေးသမား၊ အတ္တသမား၊ သွေးသားဆန္ဒကိုပဲ ဦးစားပေးတတ်ကြသူတွေ။

အဲဒီစကားလုံးတွေဟာ ကိုးကိုး အပျိုရိုင်းလေး စဖြစ် ကတည်းက မေမေ ဦးနှောက်ထဲ ရိုက်သွင်းပေးခဲ့တဲ့ စကားတွေ။

တစ်စထက်တစ် မေမေနဲ့ဖေဖေ့ရဲ့ အိမ်ထောင်ရေး ဘာ လို့ အဆင်မပြေ ဖြစ်ခဲ့ကြသလဲဆိုတာ ကိုးကိုး ရိပ်မိနားလည်လာ ခဲ့တော့သည်။

ဖေဖေ့အကြောင်းတွေကို တစေ့တစောင်း သိလာရတဲ့ အချိန်မှာ အဖေရယ်လို့ ဘယ်လိုပဲ ချစ်ချစ် ယောကျ်ားဆိုတာ ဒါမျိုးလားဆိုသည့် သံသယစိတ်၊ မယုံကြည်စိတ်က ကိုးကိုးရင်ထဲ စတင်နိုဝင်လာခဲ့တော့သည်။

အိမ်မှာ ပါတီပွဲတွေ၊ အလှူတွေကို ဖေဖေ မေ့သလောက် ရှိတဲ့အချိန်မှာ မေမေက လျှို့ဝှက်စွာ ကြိုတင်စီစဉ်ထားပြီးမှ ထ, ထလုပ်။

ဧည့်သည်တွေကို ဖေဖေ့မှာ ပုန်းမရ၊ ရှောင်မရစွာ တွေ့ကတွေ့စကားပြောရ။

မေမေ ဘယ်အချိန်မှာများ ပါတီတွေ ထ,ထလုပ်မလဲလို့



ဖေဖေ့မှာ အမြဲလို ရင်ထိတ်ကြောက်လန့်ခဲ့ရသည့်တဲ့လေ၊

ဖေဖေက မူးနေတဲ့အချိန်မျိုးမှာ ကိုးကိုးကို ရင်ဖွင့်တတ် ခဲ့သည်။

ဒါတောင် မေမေက တစ်ခါတလေ အပြင်သွားရင်းနဲ့ ခရီးသွားဟန်လွှဲလို ဧည့်ခံပွဲတွေကို ဖေဖေ့ကို မလိမ့်တပတ်နဲ့ ~ခါ်ထုတ်တတ်ခဲ့သေးတာ။

ဒေါ်မြမိုးစက်ရဲ့ ခင်ပွန်းသည်အဖြစ် အကျည်းတန် မျက် နှာကို သိမ်ငယ်စွာ၊ ရှက်ရွံ့စွာ၊ လူပုံအလယ် စိတ်ကျဉ်းကျပ်နေ တတ်ခဲ့တာ ကိုးကိုး စာနာနားလည်မိခဲ့ပါသည်။

ဒါဟာ မေမေ့ရဲ့ စစ်အေးတိုက်ပွဲ။

ပညာရှိနည်းနဲ့ နှိပ်စက်ခြင်းဆိုတာကိုလည်း ကိုးကိုးက ရိပ်မိနားလည်နေခဲ့ပြန်သည်။

နောက်ဆုံး ဖေဖေဟာ နေ့မူး ညမူး အမြဲမူးအောင် သောက်နေလေ့ရှိသော အရက်သမားကြီးလုံးလုံး ဖြစ်ကာ ...

စိတ်ဓာတ်များ တစ်စထက်တစ်စ ယိုယွင်းကျဆင်းလာ အောင် မေမေ နှိပ်စက်ခဲ့တာကို ကိုးကိုး ခံစားသိရှိချိန်မှာ ...

ဖေဖေ့ဘဝဟာ အဖတ်ဆယ်လို့ မရအောင် ဖြစ်ခဲ့ပြီ။

နောက်ဆုံး ...

ထိုစိတ်များနှင့်ပင် အရက်သမားကြီးဘဝဖြင့် ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို အရှုံးပေးရရုံတင်မက ...

တစ်လောကလုံးကို အရှုံးပေးကာ ကျောခိုင်း ထွက်ပြေးသွားခဲ့ရသည်။

ကိုးကိုးမှာသာ အရက်သမားကြီးပဲဖြစ်ဖြစ်၊ လူတောမတိုးရဲသည့် အကျည်းတန်ကြီးပဲ ဖြစ်ဖြစ် ကိုယ့်အဖေသာပဲမို့ ယူကျုံးမရ ဝမ်းနည်းကြေကွဲခဲ့ရသော်လည်း ...

မေမေကတော့ ဖေဖေဆုံးပါးသွားခဲ့သည့်အတွက် မျက်ရည် တစ်စက်မျှပင် မကျ။

မေမေ့ကြည့်ရတာ လိုအပ်တာထက် တည်ငြိမ်လွန်းနေသည်မို့ ကျေနပ်၍နေသည်လားလို့တောင် ကိုးကိုး မသင်္ကာချင်ခဲ့။

တစ်ချိန်တုန်းက ရူးရူးမိုက်မိုက် အချစ်ကြီးချစ်ခဲ့သူက အခုတော့ ဆုံးရှုံးရသည်ကိုပင် အေးစက် မာကျောစွာ နေစိမ့်နိုင်ခဲ့ပြီ။

နှလုံးသားတစ်ခုလုံးကို ကျွမ်းထိုးမှောက်ခုံ ဖြစ်အောင် ပြောင်းလဲပေးနိုင်ခဲ့တဲ့အရာဟာ ဘာပါလဲ။

တကယ်တော့ ...

ကိုးကိုးစိတ်ထဲမှာ ထိုအချိန်ကတည်းက စွဲနေခဲ့တာ ...

ယောက်ျားတိုင်းဟာ အခွင့်အရေးသမား၊

ချစ်ခြင်းမေတ္တာကို အတုအယောင်ပြ လှည့်ဖြားပြီး သွေး



သားဆန္ဒကိုသာ ဦးစားပေးတတ်သူများ ဖြစ်သည်ဆိုသော အစွဲ။

ပြီးတော့ ...

နှလုံးသား မျက်စိပွင့်စအရွယ်မှာ ဘယ်လိုပင် အသိစိတ်ဖြင့် ထိန်းချုပ်ပါသော်လည်း ...

ဆွဲဆောင် ညှို့ငင်နိုင်လွန်းသော "လရိပ်ထင်" ဆိုသော ယောက်ျားတစ်ယောက်နှင့် တွေ့ဆုံတော့ ...

မျက်စိစုံမှိတ် ချစ်ခဲ့မိသေးသည်။

ထိုယောက်ျားသည်လည်း အချစ်ကို အပေါ်ယံ ဘန်းပြကာ သွေးသားဆန္ဒကို လိမ်ညာယူဖို့ ကြိုးစားခဲ့သည့်အခါ ...

ယောက်ျားတိုင်းသည် အခွင့်အရေးသမားများချည်း ဖြစ်သည် ဆိုသော မျက်မှန်စိမ်းကြီးကို ကိုးကိုး အလိုအလျောက် တပ်ဆင်မိခဲ့တော့သည်။

သို့သော် ...

သူ့ကျတော့ ...

ပင်လယ်ဆိုသော ပင်လယ်သား အလုပ်ကြမ်းသမားလေးကျတော့ ဘာဖြစ်လို့များ ထိုသို့သော ယောက်ျားတစ်ယောက် မဖြစ်ခဲ့ပါလိမ့်။

စိတ်ဓာတ်က ယောက်ျားပီသပြည့်ဝသလောက် ...

ကျွန်းတစ်ကျွန်းပေါ်မှာ နှစ်ယောက်တည်း တစ်မိုးထဲ

www.burmeseclassic.com

www.burmeseclassic.com



အောက် အတူရှိ၊ မိုးလင်းခဲ့ရတာတောင် လက်ဖျားနဲ့မှ ထိတို့မပြစ်မှားခဲ့သူ ...ထိန်းချုပ်နိုင်လွန်းသူ ...။

တစ်သက်လုံးက အသည်းထဲ စွဲနစ်အောင် မေမေ ရိုက်သွင်းခဲ့သော ...

ယောကျ်ားတိုင်းသည် အခွင့်အရေးသမားများချည်း ဖြစ်သည်ဆိုသော ယုံကြည်ချက်က ...

ပင်လယ်ဆိုသော ယောကျ်ားတစ်ယောက်အတွက်တော့ ပါစင်အောင် လွဲမှားခဲ့ချေပြီ။

တကယ့်ကို ယောကျ်ားပီသလွန်းသော ယောကျ်ား တစ်ယောက်ပါလားလို့လည်း အထင်ကြီး လေးစားခဲ့မိပြီ။

အဲဒီထက်ပိုပြီး ...

ကိုးကိုး နှလုံးသားက သူ့ကို လှုပ်ရှားသက်ဝင်မိခဲ့ပါပြီ။

မတုန်မလှုပ် ငြိမ်သက်လွန်းလှသော သူ့ကိုမှ ...

ခက်ပါလား ...

ကိုးကိုး သူ့ကို ချစ်မိနေပြီလား။

မနက်ဖြန်ဆို ကိုးကိုးက ပြန်ရတော့မှာ ...

မေမေ့ကို ခွင့်တောင်းခဲ့တာ တစ်ပတ်ပြည့်ပြီလေ၊

တကယ်တမ်းမှာ ခွဲခွာဖို့က နီးကပ်လာတော့ ကိုးကိုး သူနဲ့ ဝေးရမှာ ကြောက်လာသလို ခံစားမိသည်။





သူကရော ကိုးကိုးကို ချစ်ရဲ့လား။

မတုန်မလှုပ် နိုင်လွန်းလှသော သူ့နှလုံးသားကို ကိုးကိုး အကဲဖမ်းလို့ မရနိုင်ခဲ့။

ကိုးကိုးကပဲ သိပ်ညံ့လေသလား။

ရင်ထဲမှာ သိချင်စိတ်က ရုန်းကြွလို့လာသည်။

သူ ကိုးကိုး ကို ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

**အချစ်၏ သတ္တမနေ့စွဲ . . .**

**"တိတ်တဆိုး လမ်းခွဲ"**

"ကိုး ကိုး ... ဒီနေ့ ပြန်တော့မှာပေါ့နော်"

သူ့မျက်ဝန်းတွေ မှုန်ရီ၍နေသည်။

ကိုးကိုး သက်ပြင်းလေး ခိုးရှိုက်မိသည်။

"ကိုးကိုးက ခဏလာလည်တဲ့သူပဲ။ ပြန်ရမှာပေါ့ ပင်လယ်ရယ်၊ ပြီးတော့ မေမေ့ဆီက တစ်ပတ်ပဲ ခွင့်တောင်းခဲ့တာ၊ မေမေက ကိုးကိုးကို သိပ်ချစ်ပါတယ်၊ ဒါပေမဲ့ အကန့်အသတ်နဲ့ပဲ အလိုလိုက်တာ၊ ကိုးကိုး ထပ်နေချင်တယ်လို့လည်း မပူဆာရဲဘူး"



ကိုးကိုး ဘာလို့များ သူ့ကို သေသေချာချာ ရှည်ရှည်ဝေးဝေး ရှင်းပြမိသလဲ မသိ။

"ကိုးကိုး ဒီမှာနေတဲ့ တစ်ပတ်က ပျော်ရဲ့လားဟင်"

သူက ကိုးကိုး မျက်နှာကို ငုံ့စိုက်ကြည့်ကာ မေးသည်။

မေးပုံကလေးက နူးညံ့လိုက်တာ။

အရာရာ ပေးဆပ် ဖြည့်ဆည်းပေးခဲ့သူရဲ့ လိုတရရဲ့လားဆိုတဲ့ မေးခြင်းမျိုး ရင်ထဲ နွေးချို၍ သွားသည်။

ကိုးကိုးက ဖွဖွကလေး ပြုံးကာ ရှေ့က ပင်လယ်ပြင်ကြီးကို လက်ခလယ်ကလေးနှင့် ညွှန်လျက် ...

"ပင်လယ်ကလေ ကိုးကိုးကို ရသမျိုးစုံ ပေးနိုင်စွမ်းတယ် ... သိလား၊ ရောက်ခါစက ကိုးကိုး အရမ်းပျော်တယ်၊ ကျောက်ဆောင်ကို ရေတက်လာတော့ ကြောက်ရပြန်ရော၊ ပြီးတော့ အလုပ်မျိုးစုံလုပ်တဲ့ ပင်လယ်သားကလေးနဲ့ ရန်ဖြစ်ရတော့ ဒေါသလည်း ထွက်ရပြန်ရော၊ မုန်တိုင်းမိပြီး ကျွန်းပေါ်မှာ ..."

သူ ညို့မှိုင်းသော မျက်ဝန်းများနှင့် ကိုးကိုး ရှေ့ဆက်မည့်စကားကို ငံ့လင့်သည်။

ကိုးကိုးက သက်ပြင်းကလေး ရှိုက်မိပြန်ကာ ...

"ကျွန်းပေါ်မှာ သိပ်စာနာငဲ့ညှာတတ်တဲ့ ယောကျ်ားပီသတဲ့ ကောင်ကလေးတစ်ယောက်က သစ္စာရှိရှိနဲ့ စောင့်ရှောက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာကို လေးစားကျေးဇူးတင်မိရပြန်ရော''

သူ ခေါင်းငုံ့ ရှက်ပြုံးပြုံးသည်။

''မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ တစ်ညတာ ခံစားချက်ကတော့ သွေးပျက်ချင်လောက်အောင် ကြောက်ခမန်းလိလိပေါ့၊ အခု အခု ပြန်ခါနီးကျတော့''

ကိုးကိုး တံတွေးတစ်ချက် မျိုချကာ သူ့မျက်ဝန်းညိုညို များကို ရီဝေစွာ ကြည့်လိုက်မိသည်။

''ပင်လယ်ကို လွမ်းတယ်''

သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ မျက်ဝန်းများ စိုလဲ့ လာသည်။ သူ့ကို တစ်ခုခု ပြောစေချင်သည်။

အခုချိန်မှာ သူ ဘာပဲပြောပြော ကိုးကိုး မငြင်းပယ်နိုင် ဘူး ထင်သည်။

သူက စကားပြောတော့မလို ထူပြည့်သော နှုတ်ခမ်းများ ကို ပြင်လိုက်ပြီးမှ ကိုက်ကာ မျက်နှာကို လွှဲလိုက်သည်ကို မြင်ရလျှင် ကိုးကိုးရင်ထဲ ကျဉ်ခနဲ ဖြစ်သွားရသည်။

''ပင်လယ် ကလေ သိပ် လျှို့ဝှက်တယ် သိလား''

သူ မျက်နှာလွှဲထားရာမှ ဆတ်ခနဲ ပြန်လှည့်ကြည့်သည်။

''တစ်ခါတလေတော့ လျှို့ဝှက်တယ်ဆိုတာ သတ္တိနည်း ရာ ကျတယ်''



သူ ပြုံးသည်။ ဖွဖွကလေး ...

ပြီးတော့ သူ့အပြုံးက ညှိုးဖျော့လိုက်တာ ...

''ဘယ်လိုမှ မဖြစ်နိုင်တဲ့ အခါမျိုးမှာ သတ္တိနည်းလိုက် တာ အကောင်းဆုံးပဲ မဟုတ်လား''

''ဘယ်လို ပင်လယ် ... ဘာပြောလိုက်တာလဲ ... ဘာကို မဖြစ်နိုင်ရမှာလဲ ပင်လယ်ရဲ့''

ကိုးကိုး လှုပ်လှုပ်ခတ်ခတ်ဖြစ်ကာ သူ့ကို အသည်း အသန် မေးမိတော့သည်။

''ဘာမှမဟုတ်ဘူးဘဲ ထားလိုက်ပါတော့ ကိုးကိုးရယ်''

လာ ... ဟိုဘက် သွားရအောင်၊ ဒီမှာ နေပူလာပြီ ... နေရိပ်ထဲ သွားမယ်''

ကိုးကိုး နှုတ်ခမ်းလေးကိုက်ကာ သူ့ခြေလှမ်းရွေ့ရာ နောက် လိုက်သည်။ သူက နေမပူအောင် ကိုးကိုး ခေါင်းပေါ် သက်အုပ်မိုးလာခဲ့သည်။

နွေးထွေးမှုတွေတော့ ပေးပြီး ကိုးကိုးကို ချစ်ပါတယ်လို့ ဘာလို့ မဖွင့်ဟတာလဲ ပင်လယ်ရယ်။

ဒီလိုနဲ့ပဲ ကိုးကိုးတို့ ဝေးရတော့မှာလား။

''ကိုးကိုးကို ကျွန်တော် ဂစ်တာတီးပြီး သီချင်းတစ်ပုဒ် ဆိုပြမယ် ... သည်းခံပြီး နားထောင်ပေး''

www.burmeseclassic.com

www.burmeseclassic.com



သူက တမင်ရယ်ဟာဟ ဟန်လုပ်ကာ ပြောသည်။

သူ့မျက်နှာ ဒီလောက် ညှိုးနေတာ ဟန်မဆောင်နေပါနဲ့ ပင်လယ်ရယ်၊ ပင်ပန်းလှပါတယ်၊

သူက သူ့သူငယ်ချင်းတစ်ယောက်ဆီမှ ဂစ်တာသွားယူပြီး မျက်လုံးများကို ဖွဖွမှေးမှိတ်လျက် စ, တီးသည်။

ဟော်လိုဂစ်တာလေးတစ်လက်နှင့် သောင်ပြင်မှာ သူဆိုပြသော သီချင်းတစ်ပုဒ်ကို ကိုးကိုး တစ်သက် ဘယ်တော့မှ မေ့နိုင်တော့မည် မထင်။

*♫ ××× မြင်နိုင်ရင်လေ ကိုယ့်ရင်ထဲ ×××တားဆီး ကြည့်မနေ နဲ့ ×××အုံ့ပုန်းရဲ့ အချစ်စိတ်ရိုင်း ××× လေထုထဲမှာ ပြည့်နေမလား ××× ကြာရှည်ရင်ဆိုင် သိပ်မလွယ်ချင် ××× အချိန်တိုင်း နီးနီး ရှိစေချင် ××× အသက်သွေးနဲ့ ဘဝ ××× ♫*

သူ့ရဲ့ ခပ်ကြွမ်းကြွမ်းဂစ်တာသံနှင့် သြရှသော အသံကို နားထောင်ရာမှ ... ကိုးကိုးရင်ထဲ ဆို့ကျပ်လို့လာခဲ့သည်။

ပင်လယ်ရယ် ...

သီချင်းထဲကနေပဲ ရင်ထဲက ခံစားချက်ကို ဖွင့်ဟတော့မှာလား။

ကိုးကိုးရင်ထဲက ခံစားချက်ကိုရော နားမလည်တော့ဘူးလား။



မသိချင်ယောင် ဆောင်နေတာလား။

တကယ်ပဲ မသိတာလား။

နှလုံးသားချင်း ထပ်တူကျရဲ့နဲ့ ကိုးကိုးတို့ ဘာလို့ မနီးစပ်နိုင်ရတာလဲကွယ်၊

အနေအထားချင်း မတူတဲ့ဘဝနှစ်ခုရဲ့ ကွာခြားချက်ကြောင့် ကိုးကိုးတို့ နှစ်ယောက် နှလုံးသားဆန္ဒတွေကို မျိုသိပ်မြှုပ်နှံပြီး ဝေးကွာကြရတော့မှာလား။

"ကားအချိန်နီးပြီ ထင်ပါရဲ့နော် ကိုးကိုး"

သူ သီချင်းလေး မဆုံးသေးခင် ရပ်တန့်ကာ သတိပေးသည်။ ကိုးကိုး ဘာမှ ပြန်မပြောဘဲ ညို့မှိုင်းသော သူ့မျက်ဝန်းများထဲသာ ငေးကြည့်နေမိသည်။

သူ ဖျော့တော့စွာ ပြုံးဆဲ ...

သူ အရင် ထ,ရပ်ပြီး ကိုးကိုးဆီ လက်ကမ်းပေးသည်။

ကိုးကိုး မထချင်သော်လည်း သူ့လက်များကို အားပြုကာ ထ,ရပ်လိုက်ရသည်။

ကြမ်းရှသော သူ့လက်ဖျားမှာ ကိုးကိုးအတွက်တော့ နွေးထွေး၍နေသည်။

"ကျွန်တော် ဆိုင်ကယ်နဲ့ လိုက်ပို့ပေးမယ်နော်"

သူ ဘာပြောပြော ကိုးကိုး ခေါင်းမညိတ်မိ၊ ခေါင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



မခါမီ။ နောက် ဘယ်တော့မှ ပြန်မတွေ့ရတော့မယ်သူတွေလို သူ့မျက်နှာကိုပဲ တရှိုက်မက်မက် ငေးနေမိသည်။

ကိုးကိုးတို့ ဘယ်တော့မှ ပြန်မဆုံနိုင်တော့ဘူးလားကွယ်၊

ဂုဏ်တွေ၊ ငွေတွေဟာ တို့နှစ်ယောက်ကို တကယ်ပဲ တံတိုင်းတစ်ခုလို ကာခြားခဲ့ပြီလား။

တို့ကို ဘယ်တော့မှ ဖွင့်မပြောတော့ဘူးလား။

နှလုံးသားဆန္ဒကို တစ်သက်စာ မျိုသိပ်ဖို့ ရင်အကွဲခံပြီး နင်တကယ်ပဲ ဆုံးဖြတ်လိုက်ပြီလား ကောင်ကလေးရယ်။

နင့်ဆွေးသော ရင်ပြင်ပင် လမ်းတစ်လျှောက်လုံး သူ့ ကျောပြင်နွေးနွေးမှာ ကိုးကိုး ပါးပြင်ဖွဖွအပ်ကာ လိုက်ပါလာခဲ့ သည်။

သူ့ရဲ့ အရိုင်းဆန်သော ကိုယ်ရနံ့ကို တစ်သက်မမေ့နိုင် တော့ပြီ။ ရင်ထဲ ဆို့ကျပ်၍နေသည်။

မျက်ဝန်းများ မေးမှိတ်လိုက်စဉ် ပါးပြင်တစ်လျှောက် မျက်ရည်များ နွေးခနဲ လိမ့်ဆင်းသွားသည်။

ကိုးကိုး မျက်ရည်တို့ကို ချက်ချင်း သုတ်လိုက်သည်။

သူ့ကျောပြင်မှာ ကိုးကိုးရဲ့မျက်ရည်စတွေ မစိုစေချင် ဘူးလေ။ သို့သော် ...

သူ့ကျောပြင်ဆီမှာရော သူ့ရဲ့ ရင်တွင်းရှိုက်သံတွေ ရိုက်



ခတ်လို့နေသည်လား။

ကိုးကိုး ကြားယောင်နေမိသလို ခံစားရပါသည်။

ကားဆီ မရောက်ခင် သူက ဆိုင်ကယ်ကို ညင်သာ စွာ ရပ်ပေးသည်။

"ကိုးကိုး"

သူ ညှိုးမှိုင်းသော်လည်း စိုလဲ့နေသော မျက်ဝန်းများဖြင့် ကြည့်ကာ ခေါ်သည်။

ကိုးကိုး သူ့မျက်ဝန်းညှိုညှိုများထဲ တစ်စုံတစ်ရာကို အလောတကြီး ရှာဖွေနေမိသည်။

ကိုးကိုးတို့အတွက် အချိန်မရှိတော့ဘူး ... သိရဲ့လား ပင်လယ်ရဲ့။

"လာလည်ဦးနော်"

ကိုးကိုး ကျစ်ခနဲ စုတ်သပ်ကာ မျက်နှာလွှဲလိုက်မိတော့ သည်။ ခုချိန်မှာ ပြောရမယ့် စကားက ဒါပဲလား ကောင်ကလေး ရယ်။

"ပင်လယ်"

ကိုးကိုး သက်ပြင်းကို ရှိုက်လျက် ခေါ်လိုက်သည်။

"ကိုးကိုး ... ဒီကပြန်ပြီး မကြာခင် နိုင်ငံခြားမှာ ကျောင်းသွားတက်ရတော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းများထဲ အရောင်ပြောင်းလဲသွားသည်။

သူ ကိုးကိုးဆက်ပြောမည့် စကားကို အရေးတကြီး နားစွင့်ထားပုံရသည်။

"နောက်ဆို ကိုးကိုးတို့ ပြန်တွေ့ဖို့ မလွယ်တော့ဘူး"

သူ့မျက်ဝန်းများထဲမှ အရောင်များ ချက်ချင်း မှိန်ဖျော့သွားသည်။

ကိုးကိုး နှုတ်ခမ်းလေးများ တဆတ်ဆတ် တုန်ခါ လာသည်။

"ပင်လယ့်မှာ ကိုးကိုးကို ပြောဖို့ စကားတစ်ခုခု ကျန်နေခဲ့ရင်"

ကိုးကိုး မျက်ဝန်းများ မှိတ်ကာ ဖွတ်မိုတ် အားယူ၍ ဆက်ပြောလိုက်သည်။

"ပြောနိုင်ပါတယ်"

ကိုးကိုးမှာ ရှိသမျှ မိန်းမတစ်ယောက်ရဲ့သိက္ခာတရားကို ပုံအောပြီး လမ်းဖွင့်ပေးခဲ့ပါတယ် ပင်လယ်ရယ်။

ဒါဟာ ကိုးကိုးဘက်က အတတ်နိုင်ဆုံးပါပဲ။

"ဟင့်အင်း ... ကျွန်တော့်ဆီမှာ ဘာမှ ပြောစရာစကား မကျန်တော့ပါဘူး"

တိုးဖျော့သလောက် ပြတ်သားသော ငြင်းဆန်သံ။





ကိုးကိုး မျက်ဝန်းများ အံ့သြတကြီး ပြန်ပွင့်လာခဲ့တော့သည်။

ရင်ထဲ ဘယ်လိုမှ မခံစားနိုင်တော့အောင် နင့်ဆွေးသွားရရင်း ...

"သေချာရဲ့လားဟင်၊ တကယ်ပဲ။ ရှင့်ရင်ထဲမှာ ကိုးကိုးကို ပြောစရာစကား ဘာမှ မကျန်တော့ဘူးလား၊ တကယ်ပဲလားဟင်၊ သေချာရဲ့လား ပင်လယ်"

ကိုးကိုး သူ့ကို အသည်းအသန် ထပ်မေးမိသည်။

ရင်ထဲမှာ ဘယ်လိုမှ မခံစားနိုင်။

သူ ဘာလို့ ဒီလောက်တောင် ထိန်းချုပ် မျိုသိပ်နိုင်စွမ်း ရတာလဲ။

ကိုးကိုး သူ့ပခုံးနှစ်ဖက်ကို အားမလို အားမရနိုင်လွန်းသည်မို့ ကိုင်လှုပ်၍ပင် မေးမိသည်။

သို့သော် ...

ကိုးကိုးဘက်က ပွင့်လင်းလှုပ်ခတ်မိသလောက် ...

သူကတော့ မျိုသိပ်နိုင်စွမ်း ကြီးမားလှကာ အပြုံးနှင့်ပင် ခေါင်းယမ်းလျက် ...

"သေချာပါတယ် ... ကျွန်တော့်မှာ ပြောစရာ မကျန်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုးကိုးမှာ နောက်ကို လန်ကျမသွားအောင် နှုတ်ခမ်းများ ကိုက်လျက် အားတင်းထိန်းလိုက်ရသည်။

ရက်စက်လိုက်တာ ...

"ကိုးကိုး"

သူ ကိုးကိုး လက်ဖဝါးကို ဖွဖွညင်သာ ဆုပ်ကိုင်သည်။

"မဖြစ်နိုင်တဲ့ ကွာခြားချက်တွေကြောင့် ကိုးကိုးကို ဘယ်တော့မှ စိတ်မဆင်းရဲစေချင်ဘူး။ ဟိုး အမြင့်ကြီးမှာ ကိုးကိုးရဲ့ ဘဝ မြင့်မားသာယာပြီး ပျော်ရွှင်နေတာကို ကျွန်တော် မော့ကြည့်ပြီး ကျေနပ်နေမယ်၊ ကဲ သွားတော့နော် ကိုးကိုး"

သူ ကိုးကိုး လက်ကို ဖြည်လွှတ်ပေးသည်။

မော့ကြည့်ပြီး ကျေနပ်နေမယ် တဲ့လား။

ပေးဆပ်ချစ် ...

စွန့်လွှတ်ချစ် နဲ့

တိတ်တခိုး ချစ်နိုင်စွမ်းသူ။

နေရစ်ခဲ့တော့ ကောင်ကလေးရယ်။

နောက်ဆုံး နှုတ်ဆက်အကြည့်ဖြင့် ကိုးကိုး သူ့မျက်ဝန်းများထဲ မော့ကြည့်လိုက်မိသည်။

သူ့မျက်ဝန်းညိုများ စွတ်စိုလျက် ...

မေးကြောကြီးများ ထောင်ထအောင် သူ အံကြိတ်ထား





သည်။

Good Bye My Love

ရင်ထဲမှ တိုးတိုးကလေး နှုတ်ဆက်ခဲ့ပါရဲ့။

နှုတ်ဆက်ခြင်းဟာ နောက်တစ်ဖန် ပြန်လည်ဆုံတွေ့ရသကဲ့လေ၊

သူ့ကို ကျောခိုင်းလိုက်သည်နှင့် ...

မျက်ရည်တို့ တားဆီးမရအောင် စီးပြိုလိမ့်ဆင်းလာလေသည်။

အရာအားလုံးဟာ အမြင်အာရုံထဲ ဝေဝါး ...

ကားပေါ်ထိုင်ခါနီး ထိုင်ခုံပေါ်မှာ စာအိတ်ပြာကလေး တစ်အိတ်။

ရင်ထဲ တလှပ်လှပ် ခုန်လှုပ်လာပြီး ...

စာအိတ်ကလေးကို တုန်ယင်သော လက်ချောင်းများနှင့် ကပျာကယာ ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ့ရှင်ခွင်
ပန်းတစ်ခင်း ဖြစ်ချင်
သခင် ပန်လိုက ပန်
မပန်လိုတော့လည်း ...
လေနှော့တိုင်း ရနံ့ပေး
မွှေးပျံ့ပါစေ ... သခင့်ရင်ထဲ ...
ရှင်သန်ချင်
သခင့်အချစ်နှင့် ...
ပစ်ပြေးဖို့ ရည်စူးသော် ...
မော်မကြွားနိုင် အပွင့်တွေညှိုး



အချစ်ကိုးသူ
ကျွန့်ရင်ကျိုးရပေမယ် ...၊
ချိုးယူလို့ ပန်ဆင်
သခင်ကြင်ရင်ဖြင့်
ဘုံမြင့်မှာ စံရသလို
ခံစားချစ်ခြင်း ...
ပန်းတစ်ခင်း ...
ကြော် ...
ချစ်သူ့ရင်တွင်း ပန်းတစ်ခင်း ...။ ။





www.burmeseclassic.com

www.burmeseclassic.com

--------------------- ။

ကဗျာလေးကို ရင်ခွင်မှာအပ်ပြီး ကိုးကိုး လှည့်ကြည့်ညလိုက်စဉ် . . . ဆိုင်ကာယ်လေးက ဝေး၍ သူ့ကျောပြင်ကိုသာ မြင်ရတော့သည်။

ဩော် . . . ပန်လိုက ပန်၊ မပန်လိုတော့လည်း လေနော့ပေး ရန့်ပေး၊ မွှေးပျံ့ပါစေ သခင့်ရင်ထဲ . . . တဲ့လား။

တကယ်တော့ . . .

ပန်ဆင်ဖို့ ရွယ်ခဲ့မိတဲ့ လက်ကို မသိကျိုးကျွန်နဲ့ ရှောင်ရှားခဲ့တာ ဘယ်သူလဲ။

ပင်လယ်ရဲ့ အပြန်ခရီးမှာ . . .

ကြေကွဲ နှလုံးသားတစ်စုံ ကျန်ရစ်ခဲ့ရပါရဲ့။

## အခန်း (၁၇)

"ဘယ် လိုလဲသမီး . . . ပျော်လာခဲ့ရဲ့လား"

"ပျော်တော့ပျော်ပါတယ် မေမေရယ်"

"ဘယ်လို . . ငါ့သမီးစကားက နောက်ဆက်တွဲရှိနေပြီ"

မေမေက ကိုးကိုးကို မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

ကိုးကိုး မေမေ့မျက်လုံးတွေနှင့် ရင်မဆိုင်ရဲသလို မေမေ့ရင်ခွင်ထဲ တိုးဝင်ကာ . . .

"မေမေ . . . ကိုးကိုးလေ အခွင့်အရေးမယူတတ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ တွေ့ခဲ့တယ် . . . သိလား"

"ဘယ်လို ကိုးကိုး . . . ဘယ်လို . . . ပြန်ပြောစမ်း"

မေမေက ကိုးကိုးကို ရင်ခွင်ထဲမှ ဆွဲထုတ်ကာ ကိုးကိုးမျက်နှာကို အလန့်တကြား ကြည့်သည်။

ကိုးကိုးက စိတ်အားတင်းလျက် မေမေနှင့် မျက်နှာချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရတော့သည်။

"ဟုတ်တယ်မေမေ ‥ မေမေ အမြဲပြောခဲ့တဲ့ ယောကျ်ားတိုင်းဟာ အခွင့်အရေးသမား၊ အတ္တသမား၊ အချစ်ကို အပေါ်ယံ ဘန်းပြပြီး သွေးသားဆန္ဒကို ဦးစားပေးတတ်ကြတဲ့သူတွေချည်းပဲ ဆိုတဲ့ စကားနဲ့ဆန့်ကျင်တဲ့ ယောကျ်ားတစ်ယောက်ကို ကိုးကိုး တွေ့ခဲ့တယ်"

"ကိုးကိုး သမီး …ဘာတွေပြောနေတာလဲ၊ သမီး ချောင်းသာမှာ ဘာတွေ ဖြစ်ခဲ့သလဲ …မေမေ့ကို ပြောပြစမ်း"

မေမေ့အသံမှာ စိုးရိမ်တကြီး …။

ကိုးကိုးက မေမေ့ပခုံးစွန်းကို မှီလိုက်ကာ …

"မစိုးရိမ်ပါနဲ့ မေမေရယ် …ကိုးကိုး ဘာမှ မဖြစ်ခဲ့ပါဘူး။ အဲဒီလို ဘာမှမဖြစ်ရအောင် စောင့်ရှောက်ပေးတဲ့သူနဲ့ တွေ့ခဲ့လို့ပေါ့၊ အဲဒီအဖြစ်ကို အစအဆုံး ကိုးကိုး မေမေ့ကို ပြောပြပါ့မယ်"

မစိုးရိမ်ပါနဲ့လို့ ကိုးကိုး တားခဲ့သော်လည်း မေမေ့မျက်ဝန်းများမှာ သမီးတစ်ယောက်အပေါ် စိုးရိမ်ခြင်းအပြည့်ဖြင့် ကိုးကိုး ပြောပြမည့်စကားများကို အလောတကြီး စိတ်ဝင်စားခြင်းကြီးစွာ ငံ့လင့်နေကြလေသည်။

------------------------ ။

"သမီးပြောတဲ့အတိုင်းဆိုရင်တော့ သမီးရဲ့ချာတိတ်ကို မေမေတောင် လေးစားမိပါတယ်"

"ဒါ …ဒါဆို မေမေ …"

ကိုးကိုး အလောတကြီး …

မေမေက ကိုးကိုး စိတ်လှုပ်ရှားနေပုံကို ဟန့်တားသလို မျက်ခုံးများ ကုပ်ချီးကာ …

"ဖြည်းဖြည်းပြောလည်း ရတယ်လေ သမီး …မေမေ ဘယ်မှ ထွက်မပြေးပါဘူး"

"အဟဲ …မေမေကလည်း"

ကိုးကိုး အရှက်ပြေ ရယ်လိုက်မိရင်း …

သက်ပြင်းလေး ရှိုက်လိုက်မိပြန်ကာ …

"သူ့ကို ကိုးကိုး အထင်ကြီး လေးစားမိတာ မလွန်ပါဘူး

[illegible]၈၆၀

www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့နော် မေမေ''

''နေပါဦး သမီးရယ် ... အထင်ကြီး မစောပါနဲ့ဦး၊ သမီးတို့တွေ့ခဲ့တာ ခုနစ်ရက်ပဲ ရှိကြပါသေးတယ်''

ဒါပေမဲ့ မေမေရယ် ...

တစ်မိုးထဲအောက်မှာ နီးနီးကပ်ကပ် အတူနေခဲ့ရတဲ့ တစ်ညတာ ခရီးက သူ့ရဲ့ ယောကျ်ားပီသတဲ့စိတ်ဓာတ်ကို ကိုးကိုး တစ်ဘဝစာ တစ်သက်တာစာ သိခွင့်ရခဲ့ပါတယ်။

''ဘာလဲ ... သမီးက သူ့ကို ချစ်မိနေပြီလား''

ကိုးကိုး မေမေ့ကို ခေါင်းမညိတ်ပြရဲသည်မို့ ခေါင်းလေးငုံ့ကာ ငြိမ်သက် တိတ်ဆိတ်နေလိုက်ပါသည်။

ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းမည်သတဲ့။

မေမေက နားလည်စွာ ပြုံးရင်း ...

''သူကရော သမီးရဲ့ အချစ်ကို တောင်းခံလိုက်ပြီလာဟင်''

မေမေ့ရဲ့ နောက်ထပ်မေးခွန်းတစ်ခုက ကိုးကိုးရဲ့ အရှက်တည့်တည့်ကို ထိမှန်စေပါသည်။

ကိုးကိုး မလဲပြိုမိအောင် ကိုယ့်ကိုယ်ကိုယ် အားတင်းရင်း ...

''သူက ဖွင့်တောင်မပြောပါဘူး မေမေရယ်''





''ဖွင့်မပြောဘူး ... ဟုတ်လား ... ဘယ်လို ချာတိတ်လဲ၊ ငါ့သမီးလို ဖူးတွင့်နေအောင် လှတဲ့သူကို သူ့လို အလုပ်ကြမ်း ပင်လယ်သားက ဖွင့်မပြောတာ ဘာကြောင့်လဲ''

''မေမေ ပြောသလိုပဲလေ ... သူက ပင်လယ်ကမ်းခြေမှာ အလုပ်မျိုးစုံလုပ်ရတဲ့ အလုပ်ကြမ်းသမား၊ ကိုးကိုးဘဝနဲ့ ပေါင်းစပ်ဖို့ မဖြစ်နိုင်ဘူးဆိုတာ သူ ရှေ့ဆက်မတိုးတာ မေမေ၊ သူ သိပ်သတ္တိနည်းတယ် မေမေရဲ့''

ကိုးကိုး မခံစားနိုင်လွန်းသည်မို့ မေမေ့ကိုပင် သတိလက်လွတ် ရင်ဖွင့်မိတော့သည်။

မေမေက ခဏမျှ ငြိမ်သက် တွေဝေသွားခဲ့ပြီး ...

''သမီး ပြောလို့သာ ကြားရတယ် ... မေမေဖြင့် ကိုယ့်နားတောင် ကိုယ်မယုံချင်ဘူး၊ လောကမှာ ဒီလိုပဲ စွန့်လွှတ်ပေးဆပ်ရဲတဲ့ ယောကျ်ားတစ်ယောက် ရှိသေးပါလားလို့ မေမေ အရမ်းအံ့ဩမိတယ်၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ပေါ့ သမီးရယ်''

မေမေ ရှေ့ဆက်မည့်စကားက အဓိပ္ပာယ်လေးနက်တော့မှာကို သိနားလည်နေသည်မို့ ကိုးကိုး ခေါင်းကလေးမော့ကာ နားစွင့်နေမိသည်။

''ခဏလေး ... အချိန် ခဏလေး စောင့်နေလိုက်ပါ သမီးရယ်၊ ယောကျ်ားပီသတဲ့စိတ်ဓာတ်ရှိတဲ့ ယောကျ်ားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ဘဝဟာ အမြဲ နုံချာနိမ့်ပါးမနေနိုင်ပါဘူး။ မေမေ့သမီးက ကျောင်းတက်စရာ ရှိတာသွားတက်၊ သမီးပြန်လာတဲ့အချိန်ကျ သမီးအပေါ်ထားတဲ့ သူ့သဘောထား မပြောင်းလဲခဲ့သေးဘူးဆိုရင် ...''

ရင်မောရလွန်းပါ၏။

ကိုးကိုး နွမ်းလျစွာ မေမေ့ပခုံးစွန်းမှာ မှီလိုက်မိပြန်သည်။

မေမေက ကိုးကိုးရဲ့ ဆံနွယ်များကို ညင်သာစွာ ပွတ်သပ်ပေးရင်း ...

''နပူးစာမှန်ရင် တစ်ပတ်ပြန်လည်ရမှာပေါ့''

ကိုးကိုး သက်ပြင်းကလေးသာ ရှိုက်လိုက်မိပြန်သည်။

သူနဲ့ ဒီ့ထက်မက ဝေးကွာတဲ့ တစ်မြေ တစ်ရေကို သွားရဦးမှာပါလား။

ဘယ်လို ကံကြမ္မာများလဲကွယ် ...။

ကိုးကိုးတို့ တကယ်ပဲ ပြန်ဆုံတွေ့နိုင်ဦးမှာလား။

## ကမ္ဘာခြားတဲ့ အလွမ်းပြော

မြင်မြင်ရသမျှက အားလုံး အသစ်အဆန်းချည်း ...

အမြင်၌လည်း ဆန်းသံည်။

အကြား၌လည်း ဆန်းသည်။

အသားအရောင် ...

ဘာသာစကား ...

လူနေမှု ဓလေ့စရိုက် ...

ယဉ်ကျေးမှု ...

အားလုံး အားလုံး ကွာခြားသည်။

ကျောင်းစာထဲ၌သာ အာရုံနှစ်ထားခဲ့ရသော်လည်း ကိုးကိုး သူ့ကို တစ်နေ့မှ မေ့မရ။

ကိုးကိုးက မေ့မရတဲ့အချိန်မှာ သူကရော သတိရနေမှာလား။

[illegible] စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂျော်ဂျီယာတောင်တန်းကြီးကို ငေးရင်း သူ့ကို ဘယ်လောက်များ လွမ်းမောခဲ့ရသလဲ ဆိုတာ သူကတော့ သိနိုင်မှာမဟုတ်။

ဒီမှာ နေစရိတ်၊ စားစရိတ်၊ ပညာသင်စရိတ် အစစအရာရာ မြင့်မားသည်မို့ တတ်နိုင်သမျှ မေမေသက်သာအောင် မေမေတားတဲ့ကြားက အလုပ်တစ်ဖက် ဝင်လုပ်ရင်း ကျောင်းတက်ရသည်မို့ သူ့ကို အချိန်ပေးပြီး လွမ်းလို့တော့မရ။

သို့သော် ...

အလုပ် လုပ်ရင်းလည်း လွမ်း ...

စာကျက်ရင်လည်း လွမ်း ...

အလွမ်းတွေ ရင့်သန်လှတဲ့ ကောင်မလေးတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်ခဲ့ရပြီ ပင်လယ်ရေ။

ရှင်ရော ...

ဘာတွေ ဆန်းကြယ်ပြောင်းလဲနေမလဲဆိုတာ သိလိုလှပါရဲ့။

ဘဝ အနေအထားရော ...

ပြီးတော့ ...

ကိုးကိုးအပေါ်ထားတဲ့ နှလုံးသားရောဂါ ...

ကိုးကိုးကတော့ အမြဲဆုတောင်းမိပါရဲ့ ...။

[illegible]စာပေ



ချစ်သူရဲ့နှလုံးသားသည် အစဉ်ထာဝရအားဖြင့် မပြောင်းလဲဘဲ တည်ရှိပါစေ ... လို့။

တောင်းတဲ့ဆုနဲ့ ပြည့်ဝရစေသားလို့လည်း ထပ်ပြီး ဖြည့်စွက် ဆုတောင်းမိပါရဲ့။

ပင်လယ် ကရော ...

www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်သားရဲ့ အလွမ်းပြဇာ

လွမ်းရလွန်းပါရဲ့ ကောင်မလေးရေ ...

မုန်တိုင်းမိပြီး တစ်မိုးထဲအောက် တစ်ညတာ အတူနားခိုခဲ့ရဖူးတဲ့ ကျွန်းညိုကလေးဆီ ဘာအကြောင်းမှ မရှိဘဲ မကြာခဏ သွားခဲ့မိတာ ရှူးရှူးသွပ်သွပ် လွမ်းရလွန်းလို့ သိပါရဲ့လား။

အဲဒီ ကျွန်းညိုလေးပေါ်မှာ ငါ့ရဲ့ ကြမ်းရှတဲ့ ရင်ခုန်သံတွေ ယိုင်ရင်းက မျှချခဲ့ရတဲ့ သက်ပြင်းတွေ မျက်ဝန်းနဲ့ နမ်းရှိုက်မွေးမြခဲ့တဲ့ နင့်ရဲ့ စတော်ဗယ်ရီသီးကလေးလို နီစွေး လုံးစုနှုတ်ခမ်းလွှာလေး ...

အရာအားလုံးဟာ အသက်ဝင်နေဆဲပင် ...

သာမန်ထက် ပိုပြီး ယောက်ျားတွေကို မယုံကြည်စိတ်၊ အထင်သေးစိတ် ရှိခဲ့တဲ့ နင့်ရဲ့ သဘောထားကို နားလည်ပေး



ဖို့ကြိုးစားရင်း အခွင့်အရေးကို အလွဲသုံးစားမယူတတ်တဲ့ ယောက်ျားတစ်ယောက်လည်း ရှိသေးတဲ့အကြောင်း ငါဟာ ရင်ခုန်သံတွေ ထိန်းချုပ်မျိုသိပ်ရင်း နင့်ကို သက်သေပြချင်ခဲ့တယ်။

ငါဟာ ဘုရားမဟုတ်ပေမယ့် ...

နွားလည်း မဟုတ်တာမို့ ...

ရင်ခုန်တတ်တယ် ...။

သိပ်ချစ်တတ်တယ်။

ဒါပေမဲ့ ငါ့အချစ်ဟာ ချစ်ခြင်းသက်သက် သန့်ရှင်းဖြူစင်တယ်ဆိုတာ ဖော်ထုတ်ပြသချင်လို့ ...

ကျွန်းညိုလေးပေါ်မှာ ...

ကျောက်ဂူလေးဆီမှာ ...

ငါ့ရဲ့ ပင့်သက်တွေ (တိတ်တခိုးဆန်စွာ) မြှုပ်နှံသင်္ဂြိုဟ်ခဲ့ရတယ်။

ဘယ်လောက်ကံဆိုးတဲ့ ငါလဲ။

ဒါပေမဲ့ ရှင်းသန့် ဖြူစင်လှတဲ့ ချစ်ခြင်းကို ဖော်ထုတ်ပြသဖို့ ငါ့ဘဝအခြေအနေက မပေးပြန်ဘူး။

ငါဟာ ...မင်း တစ်သက်လုံး အရိုးစွဲလက်ခံလာတဲ့ ယောက်ျားတိုင်းဟာ အခွင့်အရေးသမားချည်းပဲဆိုတဲ့ ယုံကြည်ချက်ကို ပယ်ဖျက်နိုင်ခဲ့တဲ့အတွက် ...

www.burmeseclassic.com

www.burmeseclassic.com



မင်းဘက်က လမ်းဖွင့်ပေးခဲ့သည့်တိုင်အောင် ...

မင်းဖွင့်ပေးတဲ့လမ်းကို ငါ မလျှောက်ရဲခဲ့ဘူး၊

မိ မရှိ ...ဖ မရှိ ...

ရွှေ မရှိ ...ငွေ မရှိ ...

ဘာဆို ဘာမှမရှိတဲ့ ...

ဘာဆို ဘာမှမပိုင်ဆိုင်တဲ့ နိမ့်ပါးသိမ်နုပ်တဲ့ ဘဝမျိုးနဲ့ ဟိုးအမြင့်မှာ ရှိနေတဲ့ မင်းရဲ့အချစ်ကို တောင်းခံမယ်ဆိုရင် ငါ့လောက် မတရားတဲ့သူရှိပါ့မလား။

မဖြစ်နိုင်တဲ့ ဘဝအခြေအနေမှာ ...

ငါ့ခြေလှမ်းတွေ ရှိရင်းစွဲမှာ ရပ်တန့်နေခဲ့တာ အကောင်းဆုံးလို့ ငါဆုံးဖြတ်ခဲ့တယ်၊

ဒါပေမဲ့ ချစ်သူရယ် ...

ဟာကယ်တမ်းမှာ ...

နင်နဲ့ တမြေခြား တစ်ရေခြား ကမ္ဘာခြားတဲ့ ဟိုးအဝေးကြီးမှာဆိုတဲ့အသိ ငါ့နှလုံးသားထဲ ရောက်လာတဲ့အချိန်မှာ ...

တကယ်တမ်း အဝေးကြီးဝေးခဲ့ရတဲ့ အချိန်မှာ ...

ငါ့နှလုံးသားဟာ ရှုးရှုးသွပ်သွပ်ကို ပြောင်းလဲခဲ့ရတော့တယ်။

မမီတဲ့ပန်းကို လှမ်းမောစွာ မော့ငေးနေမယ့်အစား ...



တုံးခုပြီး ခူးရမှာပေါ့။

ငါမှ မင်းနဲ့ ထပ်ဝေးဖို့ မခံစားနိုင်တော့တာ။

အဲဒီအတွက် ...

မင်းပေးတဲ့ ခွန်အားနဲ့ ငါ အလုပ်ကို အဆပေါင်းများစွာ တိုးလုပ်ခဲ့တယ်၊

မင်းကို အချိန်ပေးပြီး မလွမ်းနိုင်တော့ပေမယ့် ...

အလုပ်,လုပ်ရင်း မင်းကို လွမ်းနေခဲ့တယ်၊

ငါဟာ အလွမ်းတွေ ရင့်သန်လှတဲ့လူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်ခဲ့ရပေါ့ ကောင်မလေးရေ။

နင်ရော ...ဘာတွေ ဆန်းကြယ်ပြောင်းလဲနေမလဲ ဆိုတာ သိလိုလှပါရဲ့။

ငါ့အပေါ်ထားတဲ့ နင့်ရဲ့နှလုံးသား ပြောင်းလဲခဲ့ပြီလား။

ငါကတော့ အမြဲ ဆုတောင်းမိပါရဲ့။

ချစ်သူရဲ့ နှလုံးသားသည် အစဉ့်ထာဝရအားဖြင့် မပြောင်းလဲဘဲ တည်ရှိပါစေလို့။ ပြီးတော့ ...

တောင်းတဲ့ဆုနဲ့ ပြည့်ဝရစေသားလို့လည်း ထပ်ပြီး ဖြည့်စွက် ဆုတောင်းမိပါရဲ့ ...ကိုးကိုးရယ် ...

မင်းကရော။

www.burmeseclassic.com

www.burmeseclassic.com

**အဲဒီလို ရေးကျွာခဲ့ပြီး...**

နောက်...

နှစ်...

နှစ်...

ခန့်...

ကြာ...

လျှင်...



## အခန်း (၁၈)

"သမီးက အသားပိုဖြူပြီး ပိုလှလာတယ်"

"ပိုလည်း ဝလာတယ်လို့ ထည့်ပြောဦးလေ မေမေ"

"ပိုကြည့်ကောင်းလာတာတော့ အမှန်ပဲ"

"မြှောက်ပြီး မေမေကတော့၊ မေမေ့အတွက် မိကျောင်းသားရေအိတ်ပါလာပါတယ်နော်၊ သမီးကိုယ်တိုင် ချောင်းထဲဆင်းဖမ်းပြီး အရေခွံဆုတ်လာတာ"

"အိုး ...ပေါက်ကရ"

မေမေ ငယ်ထိပ်ကို ထုတော့ ကိုးကိုး ခေါင်းလေးပုနေလိုက်သည်။

သားအမိနှစ်ယောက် ကြည်ကြည်နူးနူး ရယ်လိုက်မိကြသည်။

"ကဲ ...သမီးက အလုပ်တစ်ဖက် ကျောင်းတစ်ဖက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းလာတာ၊ တစ်ပတ်လောက် အေးအေးဆေးဆေး အနား ယူလိုက်ဦး''

''ဟုတ် ...နားတော့နားချင်ပါတယ်၊ ဒါပေမဲ့ မေမေ ရယ်''

''ဟဲ့ ...မနားတော့ဘူးလား''

''ဟဲ ဟဲ ... နားမှာပေါ့''

''ဒီကလေးကတော့''

ဒီတစ်ခါတော့ မေမေ ထုဖို့ရွယ်တာနှင့် ကိုးကိုးက ဆတ် ခနဲ ထိုင်ချလိုက်သည်။

သားအမိနှစ်ယောက်သား ရယ်မိကြပြန်သည်။

ရယ်လို့ အားရတော့မှ ...

''ဒါပေမဲ့ ဟိုလေ၊ ကိုးကိုးက ခရီးထွက်ပြီး နားချင်တာ မေမေရဲ့''

မေမေက ကိုးကိုးကို မျက်လုံးဝင့်ကြည့်သည်။

''သမီးသွားချင်တဲ့ခရီးက ပင်လယ်ခရီးမှ ဟုတ်ရဲ့လား''

''မေမေကလဲ''

ကိုးကိုး ရှက်ဝဲဝဲကလေးနှင့် ခေါင်းငုံ့လိုက်မိသည်။

''ကိုးကိုး သူ့အခြေအနေ သွားကြည့်ချင်လို့ပါ၊ သူဟာ အရည်အချင်း, အစွမ်းအစ မရှိတဲ့သူတစ်ယောက်ဆိုရင်လည်း





ကိုးကိုး စဉ်းစားမှာ မဟုတ်ပါဘူး ... စိတ်ချပါ မေမေရယ်''

''အိုကေ ... သမီးစကားကို မေမေယုံပေးပါ့မယ်၊ သမီး ဟာ ထိုက်သင့်တဲ့ ပညာလည်း တတ်ပြီ၊ နိုင်ငံရပ်ခြားမှာ တစ် ယောက်တည်းတောင် သွားနေခဲ့သေးတာပဲ ရင့်ကျက်တဲ့ အသိ ဉာဏ် ရှိပြီလို့ ထင်ပါတယ်၊ တစ်ခုတော့ မေမေမှာမယ်နော် သမီး ...''

ကိုးကိုး မေမေ့မျက်နှာကို စိတ်ဝင်တစား မော့ကြည့်ကာ နားစွင့်သည်။

''သမီးဘဝအတွက် တစ်စုံတစ်ခုကို ဆုံးဖြတ်တော့မယ် ဆိုရင် ငါ တစ်သက်လုံး စိတ်ချမ်းသာရမယ်ထင်သလားလို့ အရင် ကိုယ့်ဘာသာ မေးကြည့်၊ ပြီးတော့မှ အသေအချာ စဉ်းစား ဆုံးဖြတ်ပါ၊ တစ်ခဏ စိတ်ချမ်းသာရမယ့်လမ်းဆိုရင်တော့ စော စောစီးစီးကတည်းက လှည့်ပြန်ခဲ့တာ အကောင်းဆုံးပဲ''

ဘဝတစ်ခုလုံးနှင့် ရင်းခဲ့ရသော အသိဟု မေမေ့စကား ကို ကိုးကိုး နားလည်ပါ၏။

တစ်ဦးတည်းသော သမီးဖြစ်သူရဲ့ နလုံးသားအရေး အတွက် မေမေစိုးရိမ်ကြီးရှာမည်လေ။

နာကြည်းစရာ အတိတ်ကို မမေ့နိုင်သော အရိပ်အငွေ့ များ မေမေ့ မျက်ဝန်းထဲမှာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့လက်ဝါးကို တင်းတင်းဆုပ်ကိုင်ကာ ကိုးကိုးက အပြုံးဖြင့် ကတိပြုလိုက်သည်။

"ဟုတ်ကဲ့ပါ မေမေ ... သမီးအတွက် စိတ်ချပါ"

"အိုကေ ... သမီးကံကောင်းပါစေလို့ မေမေက ဆုတောင်းပေးပါ့မယ်"

ကိုးကိုး ခေါင်းငုံ့ကာ ရှက်ဝဲဝဲ ပြုံးနေမိသည်။

ကိုးကိုးလည်း ဆုတွေတောင်းမိပါရဲ့ မေမေ။

သူ့နှလုံးသားက မပြောင်းလဲသေးပါစေနဲ့လို့ ...

ပြီးတော့ ...

သူ့ရဲ့ တိတ်တခိုး အချစ်တွေ ပွင့်လင်းလာပါစေတော့လို့လေ၊

## ဆုံစည်းခိုဝင် ဝင်လယ်ရင်ခွင်

လှပသောကားကလေး ထိုးဆိုက်လာသဖြင့် ပတ်ဝန်းကျင်မှလူများက စိတ်ဝင်တစား လှည့်ကြည့်ကြသည်။

ကားကလေးက လှပသော်လည်း ထိုးဆိုက်လာပုံမှာ အလောတကြီး ...။

ကားပေါ်မှဆင်းလာသော ကောင်မလေးမှာလည်း လှပလွန်းသလောက် အလောတကြီး ...။

ကားပေါ်မှ ဆင်းလာကတည်းက အပြေးအလွှား။

ပထမဆုံး ဘောကွင်းဌားရာဆီ ...

မတွေ့ ...။

ကလေးမလေးတစ်ယောက် မြင်းစီးနေတာတွေ့၍ ... အပြေးသွားကာ ဘေးမှမြင်းထိန်းကို သွားကြည့်တော့ ... မဟုတ်ပြန်။

www.burmeseclassic.com

www.burmeseclassic.com



သူ ...

စက်လှေများ ထွက်သလား။

ဒါမှမဟုတ် ...

ဆိုင်ကယ်တက္ကစီပဲ ဆွဲနေသလား။

ဘယ်မှာ အလုပ်သွားရှာရမည်မသိ။

ကိုးကိုး ရင်မောလာတော့သည်။

သက်ပြင်းပူများ တဟူးဟူး မှုတ်ထုတ်ကာ ဟိုဟိုသည်သည် ဝေ့ဝဲရှာဖွေဆဲ ...

ဟိုတစ်ခါ လာခဲ့စဉ်က ကိုးကိုး နေ့တိုင်း ငါးကင်ဝယ်စားခဲ့သော ဈေးသည်အစ်မကြီးကို တွေ့လိုက်ရသဖြင့် ပျော်သွားရသည်။

"အစ်မ အစ်မ"

အစ်မကြီးက လှည့်ကြည့်သည်။

အစ်မကြီးက မျက်မှောင်ကုတ်ကာ ဇဝေဇဝါ ကြည့်သည်။

"ကျွန်မ ဒီကို လွန်ခဲ့တဲ့နှစ်နှစ်လောက်က လာဖူးသေးတယ်လေ၊ အစ်မရဲ့ငါးကင်တွေ နေ့တိုင်း ဝယ်စားတာ"

ဈေးသည်အစ်မကြီးက ရယ်သည်။

"ညီမလေးရယ် ... ဒီမှာ ညှော်သည်တွေက အမြဲမပြတ်





လာနေတာ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ညီမ လာခဲ့ဖူးတာ အစ်မ ဘယ်လိုလုပ် မှတ်မိတော့မှာလဲ၊ ကဲ ... ဘာပဲဖြစ်ဖြစ် ရောက်တုန်းရောက်ခိုက် အစ်မငါးကင်လေးတော့ အားပေးဦးလေ၊ လတ်လတ်ဆတ်ဆတ် ချိုနေတာပဲ ... မြည်းကြည့်"

"ဟုတ်ကဲ့ပါ ... အစ်မငါးကင်တွေလည်း အကုန်အားပေးဦးမှာ၊ လောလောဆယ် အစ်မကို မေးချင်တာရှိလို့"

"ဘာမေးချင်လဲ ... မေး မေး၊ ဒီချောင်းသာအကြောင်း အစ်မလောက်သိတာ ဘယ်သူမှ မရှိတော့ဘူး ... အကုန်ပြောပြမယ်"

"ကျွန်မ ပင်လယ့်ကိုတွေ့ချင်လို့ပါ ... သူ အခု ဘယ်မှာ ရှိမလဲဟင်"

အစ်မကြီးမှာ ကိုးကိုးကို အသေအချာ စိုက်ကြည့်နေခဲ့ပြီးမှ ဝမ်းသာအားရဖြင့် ...

"ဟယ် ... မှတ်မိပြီ ... ညီမကို အစ်မမှတ်မိပြီ၊ ပင်လယ့်စက်လှေ ငှားစီးတုန်း မုန်တိုင်းမိတဲ့ ..."

"ဟုတ်တယ် အစ်မ ... အဲဒီတုန်းက ပင်လယ့်စက်လှေ ငှားစီးခဲ့တာ ကျွန်မပါ၊ သူ အခု ဘယ် ... ဘယ်မှာ ရှိမလဲဟင်"

ကိုးကိုး လျှာခလုတ်တိုက်တော့မတတ် အသည်းအသန် မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကိုးကိုး အရမ်းတွေ့ချင်နေပြီလေ။

"အမယ်လေး ပင်လယ်လား ... ရှိပ့ါ ရှိပ့ါ၊ ခု ပင်လယ့် အကြောင်းသိရင် အံ့ဩသွားမယ် ... သူဌေးပေါက်စလေး ဖြစ်နေပြီ ... ပင်လယ်က"

"အစ်မ ... အစ်မ ဘယ်လို ..."

ကိုးကိုး ကိုယ့်နားကိုယ် မယုံနိုင်။

ပြန်မေးမိသည်။

"အရမ်း အလုပ်ကြိုးစားတဲ့ ကောင်လေး ... အလုပ်လည်း လုပ်, ခြစ်ခြစ်ခြုတ်ခြုတ်လည်း စုဆောင်း, လူချစ်လူခင်ကလည်း များတော့ ကူညီမယ့်သူက အဆင်သင့်နဲ့၊ ဟော ... အခု ကိုယ်ပိုင်စက်လှေနဲ့ ဆိုင်ကယ်တက္ကစီတွေလည်း ထောင်ထားပါရဲ့"

BURMESE CLASSIC .com

"တကယ် ... တကယ်လားဟင် အစ်မ"

"တကယ်ပေ့ါ ... တွေ့ပါလိမ့်မယ် ညီမ သူ့ကို၊ ဒါပေမဲ့ ပင်လယ်က အခုထိ မပြောင်းလဲသေးဘူး"

မပြောင်းလဲသေးဘူး ... ဆိုပါလား။

"ဟိုမှာလေ ... အဲ့ဒီကျောက်ဆောင်လေးပေါ်မှာ ထိုင်နေတာ နှစ်နှစ်လုံးလုံးပဲ၊ တစ်ယောက်ယောက်ကို စောင့်နေတာ သေချာတယ်"



အို ... ပင်လယ်ရယ် ...

သူထိုင်နေတဲ့ ကျောက်ဆောင်က ကိုးကိုးနဲ့သူ ပထမဆုံး ဆုံတွေ့ခဲ့တဲ့ နေရာကလေး။

ကိုးကိုး အခုန်မြန်သောရင်ဖြင့် ကျောက်ဆောင်ကလေးဆီ အပြေးအလွှား ...

"ပင်လယ်"

ရင်ပွင့်မတတ် ကိုးကိုး လှမ်းအော်ခေါ်သည်။

သို့သော် ...

ပင်လယ်လှိုင်းသံများက ကိုးကိုးရဲ့ခေါ်သံကို ဝါးမျိုသွားသည်။

ကိုးကိုး ကျောက်ဆောင်ပေါ် ခြေသံမကြားအောင် တက်ကာ သူ့နောက်၌ ရပ်ရင်း ...

"ဟေ့ ... ဒီမှာ မထိုင်နဲ့ ... အန္တရာယ်ရှိတာ မသိဘူးလား"

ဒီတစ်ခါတော့ ကိုးကိုးအသံကို လှိုင်းများက မနှောင့်ယှက်နိုင်တော့။

သူ လှည့်ကြည့်သည်။

အံ့ဩခြင်းကြီးစွာ ...

ပြီးတော့ ...

www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်ခြင်းကြီးစွာ ...

''ကိုးကိုး''

ရင်ပွင့်မတတ် မြူးမြူးဖြဖြ ခေါ်သံနှင့်အတူ ကိုးကိုး သူ့ရင်ခွင်ထဲ နစ်မြုပ်သွားရတော့သည်။

အံမယ် ...

လူလည်ကျလိုက်တာ။

ဒီလို ဘယ်ရမလဲ။

ကိုးကိုး ရင်ထဲမှာ ဘယ်လောက်ပဲ ကြည်နူး နစ်မွေ့ ရသော်ငြား သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။

''ရှင်များ ပြောစရာစကား တစ်ခွန်းလောက် ကျန်နေသေးလားလို့ ကိုးကိုး ပြန်လာခဲ့တာ''

သူ ကိုးကိုးပခုံးကို ခပ်ဖွဖွ ဆုပ်ကိုင်သည်။

သူ့ မျက်ဝန်းညိုများက ရွှန်းလဲ့ စိုရီ၍နေသည်။

''ကိုးကိုးကို အရမ်းချစ်တယ် ... လို့ မပြောလိုက်ရတဲ့ စကားတစ်ခွန်းကို ကိုးကိုးကြားနိုင်အောင် ပင်လယ်ကြီးထဲကို နေ့တိုင်း ကိုယ် လာပြီးအော်ပြောနေတာ နှစ်နှစ်လုံးလုံးပဲ ... ကိုးကိုး မကြားရဘူးလားဟင်''

ကြည့် ...

ဘယ်လောက်လည်လိုက်တဲ့ ကောင်ကလေးလဲဆိုတာ။

BURMESE CLASSIC .com



သို့သော် ...

သူလည်သလောက် ကိုးကိုးကလည်း ပေးဆပ်ဖို့ အသင့်ဖြစ်နေခဲ့ပြီမို့ ...

သူ့ မျက်ဝန်းညိုများနှင့် မြူးမြူးမွေ့မွေ့ အကြည့်ချင်းဆုံကာ ...

''ပင်လယ်ရယ် ... ရှင့်ရဲ့စကားကို ပင်လယ်တွေ ဖြတ်ကျော်ပြီး ကိုးကိုးလည်း နေ့တိုင်းကြားနေခဲ့ပါတယ်၊ ကိုးကိုးလည်း တစ်နေ့မှ ရှင့်ကို မေ့လို့ မရခဲ့ဘူး ... အဲဒါကြောင့် ပင်လယ်ဆီ ကိုးကိုး ပြန်လာခဲ့တာပေါ့''

''အား ... ကိုးကိုးရယ် ... ကိုယ်တို့ နောက်ထပ်ဘယ်တော့မှ မဝေးတော့ဘူးနော်''

သက်ပြင်းရှိုက်သံတွေ အဝေးသို့ လွင့်သွားခဲ့ပြီ။

ဒီတစ်ခါတော့ ...

လူလည်ကလေးက ရင်ခွင်ထဲ ခပ်ကြမ်းကြမ်း ဆွဲသွင်း သိမ်းပိုက်လိုက်တာကို ကိုးကိုး ရုန်းမထွက်တော့။

ဒီရင်ခွင် ခိုဝင်ဖို့ ...

နှစ်နှစ်လုံးလုံး လွမ်းမောနွမ်းလျစွာ စောင့်ခဲ့ရသည်လေ။ ပြီးတော့ ...

ဟိုး ... မိုင်ပေါင်းများစွာ အဝေးကြီးက အပြေးလာခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်မို့ ...

မြန်ဆန်လှုပ်ခတ်၍နေသော ရင်ခုန်သံနွေးနွေးကို နားဆင်ရင်း မျက်ဝန်းများ မှေးမှိတ်ကာ သူ့ အကြင်နာတွေကို ခံယူနေလိုက်တော့မယ်လေ ...။

နှလုံးသားသည်းနှမှ လေးစားစွာဖြင့်

သက်မိုင်ရဲ



www.burmeseclassic.com